# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါဠိ(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday 19 August 2018 ၄၃၈၃


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

## မိမိတို့လုပ်ဆောင်ချက်များကို နောင်မျိုးဆက်သစ်များက တန်ဖိုးဖြတ်မည်ဖြစ်သည့်အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် မှာကြား




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၁၈

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ရောက်ရှိကြသည်။**


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳





ကြေးမုံ

# ဂေဟစနစ်ကို ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းကို သစ်တောသယံဇာတများဖြင့် ဖုံးလွှမ်းခဲ့သည်။ ကုန်လွန်ခဲ့သည့် ဆယ်စုနှစ် သုံးခုအတွင်း ထိုသစ်တောသယံဇာတများကို နိုင်ငံခြားဝင်ငွေရရှိရေးနှင့် ပြည်တွင်းသုံးစွဲရေးအတွက် ပိုမို ထုတ်ယူခဲ့ကြသည်။ တရားဝင်၊ တရားမဝင် ထုတ်ယူမှုများ၊ လောင်စာအဖြစ် အတားအဆီးမဲ့ အသုံးပြုမှုများကြောင့် ယခုအခါ သစ်တောသယံဇာတများ သိသာစွာလျော့နည်းသွားသည်။

သစ်တောသယံဇာတများ လျော့နည်းသွားသည်နှင့် ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် မျက်မှောက်ကာလတွင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို ရင်ဆိုင်ကြုံတွေ့နေရသည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို လူသတ္တဝါများ ကြုံတွေ့ကြရသလို သစ်တောများတွင် မှီတင်းရှင်သန်ကြသည့် တိရစ္ဆာန်သတ္တဝါများလည်း ပိုမိုကြုံတွေ့ကြကာ ပျက်စီးခြင်းသို့ရောက်ကြရသည်။ ထို့ကြောင့် သစ်တောများ မပျက်စီးသည့် ဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်သင့်သည်။

ဂေဟစနစ်ဆိုသည်မှာ သက်ရှိများနှင့် ၎င်းတို့၏ပတ်ဝန်းကျင်အကြား အပြန်အလှန် အမှီသဟဲပြု ဆက်စပ်နေသည့် စနစ်တစ်ခုဖြစ်သည်။ ဥပမာ စမ်းချောင်းလေးတစ်ခုသည် သစ်တောအုပ်လေးအတွင်း ဖြတ်သန်းစီးဆင်းသည်ဆိုပါစို့။ ထိုသစ်တောသည် စမ်းချောင်းလေးကို အမှီပြုနေသကဲ့သို ထိုစမ်းချောင်းလေးသည်လည်း ထိုသစ်တောလေးကို အမှီပြုနေခြင်းဖြစ်သည်။ စမ်းချောင်းလေးမရှိလျှင် ထိုသစ်တောလည်းမရှိနိုင်ပေ။ ထိုသစ်တောလေးမရှိလျှင်လည်း စမ်းချောင်းလေး ခန်းခြောက်မည်သာဖြစ်သည်။ ကမ္ဘာမြေသည် ထိုကဲ့သို့ အပြန်အလှန် အမှီသဟဲပြုသည့် ဂေဟစနစ်ဖြစ်သည်။

ယခုအခါ ဂေဟစနစ် ပျက်စီးယိုယွင်းလျက်ရှိသည်။ သစ်တောများ ပျက်စီး၍ စမ်းချောင်းလေးများ ပျက်သုဉ်းကုန်သည်။ စမ်းချောင်းလေးများဆိုသည်မှာ မြစ်ချောင်းအင်းအိုင်၊ ပတ်ဝန်းကျင်၊ လူ၊ တိရစ္ဆာန်သတ္တဝါတို့ဖြစ်သည်။ သစ်တောသစ်ပင်တို့ကို မှီခိုအားထားသောအရာများမှာ ဤမြေတစ်ခွင်တွင် များပြားလှသည်။ လက်ရှိတွင် ကျန်ရှိနေသော သစ်တောသစ်ပင်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ သစ်တောသစ်ပင်တို့ကို အမှီပြုနေသော ဂေဟစနစ်ကို မပျက်စီးအောင် တာဝန်ရှိသူ၊ တာဝန်သိသူတို့က ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။ တာဝန်မသိသူတို့က ဖျက်ဆီးလျက်ရှိသည်။

ဂေဟဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ကြီးတစ်ခုလုံးဖြစ်သည်။ ဂေဟစနစ်ကို ထိန်းသိမ်းသည်ဆိုရာ၌ သဘာဝတောတောင်ရေမြေတို့ကို ထိန်းသိမ်းရေးသာမက ၎င်းသဘာဝတောတောင်ရေမြေများအတွင်း မှီတင်းနေထိုင်ကျက်စားလျက်ရှိသည့် တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေးကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ကြရသည်။ သို့မှသာ သက်ရှိသက်မဲ့တို့ အချင်းချင်းအပြန်အလှန် အမှီသဟဲပြု၍ ရှင်သန်ဖွံ့ဖြိုးစေသည့် ဂေဟစနစ် မပျက်ယွင်းဘဲ သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။

ကြီးမားကျယ်ပြန့်လှသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်သည့်ဌာနများဖြင့် ဆောင်ရွက်ရုံဖြင့် ရနိုင်မည်မဟုတ်ချေ။ ဂေဟစနစ်ကို ဖျက်ဆီးသူများအား တားဆီးနိုင်မည်မဟုတ်ချေ။ ပြည်သူလူထုက အသိစိတ်ဓာတ်ရှိစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်သည်။ သာဓကအားဖြင့် ဩဂုတ်လ ၁၇ ရက်နေ့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆု ချီးမြှင့်ခံခဲ့ရသူအား ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း ပြည်သူသို့ ကျေးဇူးတင်လွှာ ထုတ်ပြန်လိုက်သည်ကို တွေ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းခြောက်ခုတွင် တောဆင်ရိုင်းများ နေထိုင်ကျက်စားလျက်ရှိရာ အဆိုပါသဘာဝတောဆင်ရိုင်းများအား ဖမ်းဆီးသတ်ဖြတ်ခြင်းခံရမှုမှ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့သည့် ဆင်ထိန်းသိမ်းရေးသူရဲကောင်းဆုရသူသည် ချီးကျူးဂုဏ်ပြုထိုက်သူဖြစ်ပါသည်။ သို့ဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သော ဂေဟစနစ်များ မပျက်စီးရေးလုပ်ငန်းများတွင် ပြည်သူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး



**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံးများ ဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲက ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်သူ့ဝန်ဆောင်မှုရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းလာရေးကို ဦးတည်လျက် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်လေးရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ One Stop Shop နှင့် One Stop Service မှာ လုပ်ငန်းသဘာဝချင်း မတူညီကြောင်း၊ One Stop Service မှာ လုပ်ငန်းတစ်ခုတည်းကိုသာ ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်သော ဝန်ဆောင်မှုဖြစ်၍ လက်ရှိအချိန်တွင် One Stop Service ကဲ့သို့ နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်သော လုပ်ငန်းများအား One Stop Shop တွင် ပြီးပြတ်အောင် ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ နေ့ချင်းပြီး ဆောင်ရွက်မပေးနိုင်သော လုပ်ငန်းများကို ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်း၍ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုရုံးသည် ပြည်သူအတွက် အမှန်တကယ် အကျိုးရှိသော ရုံးဖြစ်သည့်အလျောက် အခြေခံ လူတန်းစားများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဌာနအလိုက် ဖြည့်ဆည်း ဆောင်ရွက်မည့်အချက်များကို အာရုံစိုက်ကာ လက်တွေ့နယ်ပယ်တွင် ထိရောက်သည့် ဝန်ဆောင်မှု ပေးနိုင်ရန်အတွက် ဥပဒေမူကြမ်းရေးဆွဲရာတွင် ကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)များတွင် သက်ဆိုင်ရာဌာနအလိုက် ဝန်ဆောင်မှုပြုနေသည့် လုပ်ငန်းများအပေါ် ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ဆွေးနွေးရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စည်ပင်သာယာရေးကော်မတီသုံးခုမှ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်တိုင်းရင်းသားရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲများ ကျင်းပရန် ငွေကျပ် သိန်းပေါင်း ၅၅၀ ထောက်ပံ့မည်

**သထုံ ဩဂုတ် ၁၈**

မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် ယခုနှစ် ကျင်းပမည့် ကရင်တိုင်းရင်းသားရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲများ ကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် သိန်းပေါင်း ၅၅၀ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ယခင်နှစ်က ပေါင်မြို့နယ်တွင် ကျင်းပသည့် ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို တွေ့ရစဉ်။**

တိုင်းရင်းသားများ၏ ရိုးရာပွဲတော်များကို အသိအမှတ်ပြုသည့်အနေဖြင့် သော်လည်းကောင်း ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားများကို မြို့ပေါ်နှင့် ကျေးလက်များပါမကျန် စည်ကားစွာ ကျင်းပနိုင်ရန် အားပေးကူညီ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောအောင်မြင့်ခိုင်က ပြောသည်။

"ငွေကတော့ သက်ဆိုင်ရာနေရာအလိုက် ပြုလုပ်တဲ့ အခမ်းအနားတွေရဲ့ ကုန်ကျစရိတ်အတွက် လုံလောက်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကရင်လူမျိုးတွေရဲ့ ရိုးရာအစဉ်အလာပွဲတစ်ခုကို အစိုးရက အသိအမှတ်ပြုပေးတာပါ" ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောသည်။

မွန်ပြည်နယ်အတွင်း ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်များကို ဝါခေါင်လဆန်းပိုင်းမှစတင်ကာ ဒေသအလိုက်၊ အစုအဖွဲ့အလိုက် ကျင်းပလေ့ရှိပြီး ကရင်တိုင်းရင်းသား ဘိုးဘွား၊ မိဘ၊ ဆွေမျိုးများအားလုံး စုစည်းညီညွတ်မှုရှိစေရန်၊ အကြောင်းအမျိုးမျိုးကြောင့် မိသားစုဝင်များ လျော့ပါးသွားခြင်း၊ နာနာဘာဝများနှင့် သားသမီး မြေးမြစ်များအား ခွဲခြားနိုင်စေရန် လက်ချည်သည့်ဓလေ့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"အခုလိုထောက်ပံ့ပေးတာ ဝမ်းသာပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုကို အသိအမှတ်ပြု အလေးထားလာတယ်လို့မြင်ပါတယ်။ ဒီလိုအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု သထုံမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ နာယက ဦးစောစံတင်က ပြောသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်တစ်ခုတွင် မြို့နယ်အဆင့် ကျင်းပနိုင်ရန် ငွေကျပ် ၁၅ သိန်းနှုန်းနှင့် ကျေးရွာအလိုက် ကျင်းပမည့်နေရာတစ်ခုလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းတို့ဖြင့် မြို့နယ်အဆင့် ၁၀ နေရာ၊ ကျေးရွာအဆင့် ၁၂၅ နေရာတို့ကို ပြည်နယ်အစိုးရအဖွဲ့မှ ယခုနှစ် ကရင်တိုင်းရင်းသား ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲများ ကျင်းပနိုင်ရေး ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၀၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**✻ ရှေ့ဖုံးမှ**

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လှ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မုံရွာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**လမ်းညွှန်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ (ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီး)နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိမိအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်နိုင်အောင် ဒေသအလိုက် တွေ့ဆုံပွဲများ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လစဉ်တင်ပြသည့် အစီရင်ခံစာဖတ်ရှုပြီး ဦးစားပေးအလိုက် ယခုလိုလာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ပြုပြင်ပြောင်းလဲနိုင်ရန် တက်ညီလက်ညီ ဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးက ဝိုင်းဝန်းဆောင်ရွက်မှသာ ပြုပြင်ပြောင်းလဲမှု မြန်ဆန်စွာ အောင်မြင်မည်ဖြစ်ပါကြောင်း။

**ပြောင်းလဲရေးသည် စိုးရိမ်စရာမဟုတ်**

မိမိတို့နိုင်ငံတွင် ရာစုနှစ်ထက်ဝက်ကျော် ဒီမိုကရေစီ လမ်းစပျောက်ဆုံးခဲ့ပါကြောင်း၊ ယခုအခါမှာ ဒီမိုကရေစီ လမ်းစအပေါ်တွင် ပြုပြင်ပြောင်းလဲရေးကို အားလုံးက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးသည် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး တောင့်တနေသည့် ဆန္ဒဖြစ်ပါကြောင်း၊ ယင်းဆန္ဒကို အကောင်အထည်ဖော်ရန်မှာ အားလုံးတွင် တာဝန်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုတွင် တချို့ကတွန့်ဆုတ်နေမှု၊ စိုးရိမ်နေမှု၊ ဝန်လေးနေမှုများ ရှိနိုင်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးသည် စိုးရိမ်စရာမဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး ရေစီးကြောင်းတွင် လိုက်ပါနိုင်ခြင်းမရှိပါက မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်နိုင်မည် မဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ မလွဲမသွေဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ လောကနိယာမတရားအရ အမြဲမှန်ကန်နေသည့်တရားမှာ ပြောင်းလဲခြင်းတရားပင် ဖြစ်ပါကြောင်း၊ ပြောင်းလဲမှုရေစီးကြောင်းတွင် လိုက်ပါနိုင်မှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် ရန်သူမဟုတ်ပါကြောင်း၊ မိတ်ကောင်းဆွေကောင်းသာ ဖြစ်ပါကြောင်း၊ ယင်းကို အလေးအနက်ထား သိစေလိုပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရန်အတွက် အခွင့်ကောင်း၊ အခါကောင်းဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုသည် အတင်းအကျပ် တိုက်တွန်းနေရမည့် ကိစ္စမဟုတ်ဘဲ မဖြစ်မနေလုပ်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင်လည်း အတိတ်ကိုသင်ခန်းစာယူပြီး အနာဂတ်ပြည်ထောင်စုကြီး တည်ထောင်ရန် မူဝါဒများ ချခဲ့ပါကြောင်း၊ မူဝါဒချမှတ်ရာတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်ရန် ပန်းတိုင်ရှိပါကြောင်း၊ မိမိတို့တွင် ယုံကြည်ချက် ခိုင်မာသည့်ရပ်တည်ချက်လည်း ရှိပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး နှင့်ပတ်သက်ပြီးလည်း မူဝါဒများချမှတ်ထားပါကြောင်း။

**တာဝန်ကျေပွန်ရန် လိုအပ်**

အုပ်ချုပ်ရေးနှင့် ပတ်သက်ပြီး နိုင်ငံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ လူမှုရေးမျှတမှုရှိအောင် စီမံရန် ဖြစ်ပါကြောင်း၊ ထို့အတူ အခွင့်အလမ်းညီမျှမှု၊ အဆင့်အတန်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုရှိအောင် စီမံပါကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ထားသည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏မူဝါဒ ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်ပင်ညှိနှိုင်းသင့်ပါကြောင်း၊ ယင်းသို့ တိုင်ပင်ညှိနှိုင်းရာတွင် ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲ အပြန်အလှန်ထိန်းညှိခြင်း (Check and Balance)ကို နားလည်သင့်ပါကြောင်း။

တရားစီရင်ရေးအပိုင်းအနေဖြင့် ဥပဒေများနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ အထူးသဖြင့် ပြည်ထောင်စု တရားစီရင်ရေးဥပဒေကိုလိုက်နာပြီး ဘက်လိုက်မှုကင်းသည့်တရားစီရင်ရေး ဖြစ်စေလိုပါကြောင်း၊ ဥပဒေအရာတွင် အားလုံးအညီအမျှ ဖြစ်စေလိုပါကြောင်း၊ တရားစီရင်ရာတွင်လည်း လုပ်ပိုင်ခွင့်ရှိသူများ၊ တာဝန်ရှိသူများ၏ ဝင်ရောက်စွက်ဖက်မှုကင်းရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး တရားသူကြီးများအနေဖြင့် တရားရုံးအချုပ်များ၊ အကျဉ်းထောင်များ၊ ရဲဘက်စခန်းများသို့ သွားရောက်၍ လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရေး စစ်ဆေးရန်နှင့် အဂတိကင်းစင်သည့် တရားစီရင်ရေးဖြစ်ရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

**ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေး**

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာပြီး တည်တံ့ခိုင်မြဲရန် ဦးတည်ပါကြောင်း။

အဂတိလိုက်စားမှုအပိုင်းတွင်လည်း မိမိတို့နိုင်ငံတွင် ဓလေ့သဖွယ် စွဲကပ်နေပါကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို အသစ်ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် Corruption Prevention Units (CPU)များ ဖွဲ့စည်းပြီး ထိန်းကျောင်းရန်လည်း စီစဉ်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စကို အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး များ၊ လုပ်ငန်းစဉ်များ၊ ညွှန်ကြားချက်များကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ကျေပွန်ရန် လိုအပ်ပါကြောင်း။

ထို့အပြင် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများအား ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ထိန်းကျောင်းခြင်း၊ စစ်ဆေးခြင်းတို့ပြုလုပ်ရန် တာဝန်ရှိပါကြောင်း၊ အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ တရားဥပဒေစိုးမိုးမှုကို အထောက်အကူပြုသည့် အုပ်ချုပ်ရေးစနစ် ဖြစ်စေလိုပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများအား ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်ရေးယန္တရား မဖြစ်စေလိုပါကြောင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးသည့် စီမံခန့်ခွဲမှုမျိုး ဖြစ်စေလိုပါကြောင်း၊ တရားမျှတ၍ ဘက်လိုက်မှုကင်းသည့်အုပ်ချုပ်ရေး ဖြစ်စေလိုပါကြောင်း၊ တရားမျှတခြင်းသည် ဒီမိုကရေစီခိုင်မာရေး ဖြစ်ပါကြောင်း၊ တရားမျှတခြင်းသည် လူ့အဖွဲ့အစည်း ခိုင်မြဲရေးဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်တို့မှာ ဟန်ချက်ညီရန် လိုအပ်ပါကြောင်း၊ တိုင်းနှင့် ဌာနအသီးသီးမှ တာဝန်ရှိသူများကပါ ပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း။

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြား ခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါဝန်ထမ်းများ တွင် အခွင့်အရေးနှင့်ဒွန်တွဲ၍ တာဝန်ယူမှုများရှိပါကြောင်း၊ အခွင့်အရေးကို မှန်ကန်စွာသုံးစွဲပြီး တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ အခက်အခဲအကျပ်အတည်းများအတွက် ယာယီ သက်သာမှုကိုကြည့်ပြီး နောင်မျိုးဆက်သစ်များအတွက် ရေရှည်အကျိုးစီးပွားကို မျက်ကွယ်မပြုစေလိုပါကြောင်း။

**အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်**

မိမိတို့အားလုံးသည် သမိုင်းပေးအခြေအနေအရ မိမိ ပခုံးပေါ်သို့ ကျရောက်လာသည့်တာဝန်များကို မိမိဖြတ်သန်းသည့် ကာလတစ်ခုတွင် မိမိတို့လုပ်ဆောင်ချက်များကို နောင်မျိုးဆက်သစ်များက တန်ဖိုးဖြတ်မည်ဖြစ်သည့် အတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက လွှတ်တော်ရေးရာလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က တရားလွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့မှ ရှင်းလင်းတင်ပြသည့် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားပြီး မိမိတို့အစိုးရ အနေဖြင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ရန် ကြိုးစားခဲ့ပါကြောင်း၊ အမှုများကို မှန်မှန်ကန်ကန်ဆုံးဖြတ်ရန် လိုအပ်ပြီး တရားစွဲအဖွဲ့အစည်းများကပါ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တရားစီရင်ရာတွင် ပြစ်မှုနှင့်ပြစ်ဒဏ် မျှတရန် လိုအပ်ပါကြောင်း၊ ဥပဒေပြုရေးသမားများအနေဖြင့်လည်း အဆို၊ မေးခွန်းများနှင့်ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းများကို နားလည်လိုက်နာရန် လိုအပ်ပါကြောင်း၊ သိမ်းဆည်းခံလယ်ယာမြေများကို နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြန်လည်စိစစ်ဆုံးဖြတ်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် စိုက်ပျိုးရေးလုပ်ကိုင်ကြသူများဖြစ်သည့်အတွက် လယ်ယာမြေများ ပြန်လည်ရရှိသွားပါက အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိသွားမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များကို အထူးဂရုစိုက်ရန် လိုအပ်ပါကြောင်း၊ တရားမဝင်သစ်ခိုးထုတ်မှု၊ တရားမဝင်ရွှေတူးဖော်မှုနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ယခုထက် ပိုမိုဂရုစိုက်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

**စာမျက်နှာ ၄ သို့ ○**



**နိုင်ငံသူ၊ နိုင်ငံသားအားလုံး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးက ဝိုင်းဝန်းဆောင်ရွက်မှသာ ပြုပြင်ပြောင်းလဲမှု မြန်ဆန်စွာ အောင်မြင်မည်။**

○ စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်း**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အရာတော်မြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အေးထူးက အရာတော်(၂) စီမံကိန်းဆိုင်ရာအချက်အလက်များ၊ ရေစုပ်စက်ကြီးများ တပ်ဆင်ပြီးစီးမှု၊ လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှုနှင့် နှစ်စဉ်စိုက်ပျိုးရေပေးဝေမှု အခြေအနေများနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက စီမံကိန်းလုပ်ငန်းများအတွက် တင်ဒါခေါ်ယူသည့်အခါ နိုင်ငံတော်ကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း၊ စီမံကိန်းပြီးစီးပါက ရေပေးမြောင်းများ တိုးချဲ့နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ပါက ရေသောက်ဧရိယာတိုးတက်လာပြီး နွေသီးနှံ၊ မိုးသီးနှံများ ပိုမိုစိုက်ပျိုးလာနိုင်မည် ဖြစ်သည့်အတွက် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မုံရွာမြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

**သတင်းစဉ်**




**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

**☆ ဒုတိယသမ္မတမှ**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲမျိုးစုံ (အထူးသဖြင့် မတ်ပဲ၊ ပဲစင်းငုံ)တို့၏ လက်ရှိအနေအထားကို ပဲစိုက်ပျိုးတောင်သူများ၊ ကုန်သည်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက သိရှိသုံးသပ်ပြီး အနာဂတ် ပဲစိုက်ပျိုးထုတ်လုပ်မှုအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် မတ်ပဲနှင့် ပဲစင်းငုံအစား အနာဂတ်တွင် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းစေမည့် အစားထိုးသီးနှံပြောင်းလဲစိုက်ပျိုးနိုင်ရေး ဆွေးနွေးဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပါကြောင်း။

**အဓိကစိုက်ပျိုးထုတ်လုပ်**

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အခြေခံသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်များထဲတွင် ဆန်စပါးနှင့် ပဲမျိုးစုံသည် အဓိကစိုက်ပျိုးထုတ်လုပ်သည့် သီးနှံများဖြစ်ပါကြောင်း။

ဆန်စပါးသည် ပြည်တွင်းတွင် အဓိကအရေးကြီးဆုံး စားနပ်ရိက္ခာ (Stable Food) ဖြစ်သည့်အတွက် ပြည်တွင်းဖူလုံရေးကို အဓိကထားပြီး ပိုလျှံသည်ကို ပြည်ပတင်ပို့ရပါကြောင်း၊ ပဲမျိုးစုံကို ပြည်တွင်းတွင် ပဲအမျိုးအစားအချို့ကိုသာ စားသုံးပြီး ကျန်ပဲများအားလုံးကို ပြည်ပဈေးကွက်ရှိသလောက်တင်ပို့နိုင်ခြင်းဖြစ်သည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ လယ်ယာထွက်ကုန်ကဏ္ဍတွင် နိုင်ငံခြားငွေ အများဆုံးရရှိသည့် သီးနှံဖြစ်ပါကြောင်း၊ ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အများဆုံးတင်ပို့နိုင်သည့် မတ်ပဲ၊ ပဲစင်းငုံဈေးများ အလွန်အမင်းကျဆင်းသွားသည့်အတွက် ဒုတိယအများဆုံး တင်ပို့သည့် သီးနှံအဖြစ်ရှိနေပါကြောင်း။

**အာရှတွင် ပဲအများဆုံးတင်ပို့**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၇၁ နိုင်ငံတွင် ပဲမျိုးစုံသီးနှံများ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံကို နိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးဖြစ်ထွန်းပြီး စုစုပေါင်း သီးနှံစိုက်ဧရိယာ၏ ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ပဲမျိုးစုံကဏ္ဍသည် မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးသည့်ကာလအတွင်း တိုးတက်ဖွံ့ဖြိုးမှု အမြန်ဆုံးဖြစ်သည်ကို ပြောနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အာရှတွင် ပဲအများဆုံးတင်ပို့နိုင်ခဲ့ပြီး ကမ္ဘာပေါ်တွင် ကနေဒါပြီးလျှင် အများဆုံးပဲတင်ပို့သည့် နိုင်ငံဖြစ်လာပါကြောင်း၊ ပဲမျိုးစုံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရခြင်းသည် နိုင်ငံတော်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆည်မြောင်းတာတမံများ တည်ဆောက်ပြီး စိုက်ပျိုးမြေများ တိုးတက်လာအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း ကုန်သွယ်ရောင်းဝယ်မှုကဏ္ဍတွင် နိုင်ငံသားများ၏ အတွေ့အကြုံနှင့် စွမ်းရည်များတိုးတက်လာအောင် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ရောင်းချနိုင်အောင် နည်းမျိုးစုံဖြင့် အားပေးပံ့ပိုးပေးခြင်းများကြောင့်ပင် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ကမ္ဘာ့ပဲအများဆုံး စိုက်ပျိုးထုတ်လုပ်သူ၊ စားသုံးသူ၊ တင်သွင်းသူဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံဖြစ်နေခြင်း၊ အိန္ဒိယနိုင်ငံက စားသုံးသည့်ပဲများသည် မြန်မာတောင်သူအများစုနှင့် အကျွမ်းတဝင်ဖြစ်နေခြင်းတို့သည် မြန်မာနိုင်ငံ၏ ပဲမျိုးစုံကဏ္ဍတွင် အားသာချက်တစ်ခု ဖြစ်နေပါကြောင်း။

ပဲမျိုးစုံကဏ္ဍ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နည်းမှန်လမ်းမှန်နှင့် ရောင်းဝယ်ကြရန်လိုအပ်ပြီး ပဲဈေးကွက်တည်ငြိမ်ရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

"တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ"ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၂/၂၀၁၃) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခဲ့ပါကြောင်း။

**အထူးဦးစားပေးဆောင်ရွက်**

နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ဆောင်ရွက်နေသည့် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသကဲ့သို့ အခြေခံလူတန်းစား အများစုဖြစ်သည့် တောင်သူလယ်သမားများအတွက်ပါ အထူးဦးစားပေး ဆောင်ရွက်နေပါကြောင်း။

အိန္ဒိယနိုင်ငံ၏ ပြည်ပမှတင်သွင်းမည့် ပဲ Quota သတ်မှတ်ချက် မူဝါဒပြောင်းလဲမှုသည် တောင်သူလယ်သမားများအပါအဝင် လုပ်ငန်းစဉ်တစ်လျှောက် ပါဝင်ပတ်သက်နေသူများ ထိခိုက်မှုရှိခဲ့သည့်အတွက် သီးနှံပြောင်းလဲစိုက်ပျိုးရန် တောင်သူများကို အသိပညာပေး ဆောင်ရွက်မှုများကြောင့် ယခုနှစ် မိုးပဲမျိုးစုံစိုက်ပျိုးရာသီတွင် ပဲစင်းငုံစိုက်ဧက ငါးသိန်းကျော် လျော့နည်းခဲ့ပြီး အစေ့ထုတ်ပြောင်း၊ ချက်ကြံနှင့် ချည်မျှင်ရှည်ဝါ စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးလာသည်ကိုတွေ့ရပါကြောင်း၊ မတ်ပဲရာသီမှာ မတ်ပဲအစား ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်မည့် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် အဖြေရှာကြမည် ဖြစ်ပါကြောင်း။

အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေသည့် မတ်ပဲနှင့်ပဲစင်းငုံများ၏ လက်ရှိဈေးကွက်အခြေအနေ၊ ရှေ့ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို ပဲစိုက်ပျိုးထုတ်လုပ်သူတောင်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိမှသာ တောင်သူများအနေဖြင့် ဈေးကွက်ရှိပြီး အကျိုးအမြတ်ရရှိနိုင်မည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ ပဲစိုက်ပျိုးသူ တောင်သူများဘက်ကလည်း သီးနှံပြောင်းလဲ စိုက်ပျိုးရာတွင် တွေ့ကြုံနိုင်သည့် အခက်အခဲများကို ဖော်ထုတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက အခက်အခဲများကို မည်သို့ဖြည့်ဆည်းပေးနိုင်မည်ကို အဖြေရှာကြရမည်ဖြစ်ပါကြောင်း။

**ကူညီထောက်ပံ့**

ပဲစိုက်တောင်သူများအနေဖြင့် ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်များ ပြောင်းလဲထုတ်လုပ်နိုင်ရေးနှင့် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကာလတို၊ ကာလလတ်၊ ကာလရှည်ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကာလတိုအနေဖြင့် ပိုလျှံလက်ကျန်ပဲများ ရောင်းချရေးကိစ္စများ၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကိစ္စများကို လျင်လျင်မြန်မြန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြစေလိုကြောင်း၊ ကာလလတ်အနေဖြင့် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရရှိသည့် သီးနှံများအတွက် တောင်သူများကို မျိုးစေ့နှင့် စိုက်ပျိုးရေးနည်းပညာ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ကူညီထောက်ပံ့ခြင်း၊ ဈေးကွက်ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကာလရှည်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍမှာ National Agriculture Master Plan တစ်ခု တည်ဆောက်စေလိုကြောင်း၊ ယနေ့ဆွေးနွေးပွဲကြီးမှ ညှိနှိုင်းရရှိလာသည့်ရလဒ်များသည် တောင်သူလယ်သမားများနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနှင့် ပဲတင်ပို့မှုအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ကောင်းမွန်သောနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် နည်းပညာပံ့ပိုးပေးမှုအခြေအနေ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အနာဂတ်တွင် ကောင်းမွန်သော ပဲဈေးကွက်ဖြစ်ပေါ်လာစေရေးအခြေအနေ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ပဲအစားထိုးသီးနှံစိုက်ပျိုးနိုင်ရေးအခြေအနေ၊ ပဲဈေးကွက်အခြေအနေနှင့် စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးက ပဲစိုက်ပျိုးမှုတွင် ကွင်းဆင်းလေ့လာ သုတေသနတွေ့ရှိချက်များနှင့် ကုန်သွယ်ရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မင်္ဂလာခန်းမရှေ့တွင် ပဲမျိုးစုံခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ပဲစိုက်တောင်သူများက ပဲစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က မတ်ပဲ၊ ပဲစင်းငုံဈေးကွက်အခြေအနေ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေတို့ကို ဆွေးနွေးသည်။

**ဆွေးနွေး**

ယင်းနောက် စီးပွားရေးသုတေသီ ဒေါက်တာဇော်ဦးက အစုအဖွဲ့လိုက်ဆွေးနွေးဖော်ထုတ်ရမည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သည်အသင်းအဖွဲ့များ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာဒေသအလိုက် ပဲစိုက်ပျိုးတောင်သူများက ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအစုအဖွဲ့တစ်ခုချင်းအလိုက် တစ်ပြိုင်နက်တည်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှုအခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ အစုအဖွဲ့အလိုက် ဆွေးနွေးထားသည့် ဆွေးနွေးချက်များအပေါ် အစုအဖွဲ့အလိုက် ကိုယ်စားလှယ်တစ်ဦးစီက ဆွေးနွေးတင်ပြပြီး အစုအဖွဲ့လိုက်တွဲဖက်ထားသည့် စိုက်ပျိုးရေးပညာရှင်တစ်ဦးစီက သုံးသပ်ဆွေးနွေးသည်။ ထို့နောက် ဆွေးနွေးချက်များကို အနှစ်ချုပ်၍ ဖော်ထုတ်ရရှိသည့် အချက်များအား ကြေညာကာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

စာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကြိုးပမ်းဆောင်ရွက်သွားမည်**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက စိတ်ကူးစိတ်သန်းများကို လွတ်လပ်စွာ ဆွေးနွေးကြစေလိုပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသည်နှင့်အညီ ဘတ်ဂျက်ကန့်သတ်ချက် ရှိသော်လည်း တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်ပြီးလည်း တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသည့် စာပေပညာရှင်များက စာပေယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများ၊ ကြုံတွေ့ရသော အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ Chatrium Hotel ၌ ပြုလုပ်ရာ သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ငါးဦး၊ စာရေးဆရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး၊ တစ်ဦးချင်းကိုယ်စားလှယ်လောင်း သုံးဦး စုစုပေါင်း ၁၀ ဦး ရွေးချယ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ရွေးချယ်ခဲ့ရာတွင် သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ငါးဦးကို ကိုယ်စားလှယ်လောင်း ၅၁ ဦးက ဆန္ဒမဲပေးရွေးချယ်ခဲ့ရာ ဦးကျော်စွာမင်း(MJA)၊ ဦးချစ်ဝင်းမောင်(MJU)၊ ဦးဇင်လင်း(ခ)ဦးငွေအောင်(BNI)၊ ဦးမြင့်ကျော်(MJN)၊ ဒေါ်အိအိတင်(MJA)တို့က လည်းကောင်း၊ စာရေးဆရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦးကို ကိုယ်စားလှယ်လောင်း ၅၁ ဦးက ဆန္ဒမဲပေးရွေးချယ်ရာ ဦးဇေယျ(သားကြီးမောင်ဇေယျ)၊ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့က လည်းကောင်း၊ တစ်ဦးချင်းကိုယ်စားလှယ်လောင်းများမှ ကိုယ်စားလှယ် သုံးဦးကို ကိုယ်စားလှယ်လောင်း ၅၀ က မဲပေးရွေးချယ်ခဲ့ရာ ဦးကျော်မင်းဆွေ၊ ဦးဇေယျာလှိုင်၊ ဦးလှိုင်းသစ်ဇင်ဝေ(ခ)သာလွန်ဇောင်းထက်တို့ အသီးသီး ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။



ယနေ့ကျင်းပသည့် သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲသို့ သတင်းမီဒီယာအဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)၊ မြန်မာစာနယ်ဇင်းသမဂ္ဂ(MJU)၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)၊ နိုင်ငံတကာ မြန်မာသတင်းဌာန(BNI)၊ မြန်မာအမျိုးသမီး သတင်းသမားများအဖွဲ့(MWJS)၊ မြန်မာရုပ်သံ ထုတ်လုပ်သူများအသင်း(Myanmar Broadcasting Association-MBA)၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ(MPC) တို့မှ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီဖြင့် ခုနစ်ဦး၏ အမည်စာရင်းကို ဆန္ဒပြု ရွေးချယ်ပေးပို့ထားကြောင်း သိရသည်။

ထို့အတူ အခြားဝင်ရောက်ယှဉ်ပြိုင်သူများဖြစ်သည့် သတင်းအေဂျင်စီများမှ တစ်ဦး၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူများအသင်းမှ တစ်ဦး၊ မြန်မာနိုင်ငံ စာပေ ထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းမှ တစ်ဦး၊ ကာတွန်းရုပ်ပြဆရာအဖွဲ့အစည်းမှ တစ်ဦး၊ လူမှုရေး၊ စီးပွားရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်သည့် အဖွဲ့အစည်းများက ရွေးချယ်အဆိုပြုသည့် ကိုယ်စားလှယ်လောင်း ငါးဦးတို့၏ အမည်စာရင်းများကို ၎င်းတို့၏ အဖွဲ့အစည်းအသီးသီးမှ ရွေးချယ်ပေးပို့ထားပြီး ဖြစ်သည့်အပြင် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ် တစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ် တစ်ဦး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပြုသည့် ကိုယ်စားလှယ် တစ်ဦးတို့၏ အမည်စာရင်းများလည်း ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟစောက "အဖွဲ့အစည်းတွေ ကိုယ်စားပြုတဲ့ကိုယ်စားလှယ်တွေအပြင် အစိုးရဘက်က အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်သမ္မတက အဆိုပြုတဲ့သူတွေရှိတယ်။ အဲဒီ သုံးဦးကို အစိုးရက ခန့်လိုက်ပြီလားလို့ မေးစရာရှိတယ်၊ နိုင်ငံတော်အစိုးရက အတင်းခန့်အပ်တာ မဟုတ်ဘူး၊ အဆိုပြုတာပါ။ နိုင်ငံတော်သမ္မတရုံးက အဆိုပြုတဲ့သူကို လက်မခံမနေရ မဟုတ်ဘူး၊ မကြိုက်ရင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကတော့ ပြောခွင့်မရှိဘူး၊ ရွေးချယ်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်တွေထဲက ကောင်စီဝင်ဖြစ်သွားတဲ့သူတွေက ကျွန်တော်တို့ကတော့ သူ့ကို မကြိုက်ပါဘူးဆိုပြီး သက်ဆိုင်ရာတွေကို စာနဲ့ကန့်ကွက်လို့ ရပါတယ်"ဟု ပြောသည်။

ယနေ့ ရွေးချယ်ခံရသည့် ကိုယ်စားလှယ်လောင်းများအား ကန့်ကွက်လိုသူများရှိပါက ဩဂုတ် ၂၄ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပြီး သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သို့ တရားဝင် ကန့်ကွက်စာ တင်ပြီး ကန့်ကွက်နိုင်ကြောင်း သိရသည်။

**သတင်း- သီသီမင်း၊ ဓာတ်ပုံ- အေးမင်းသူ**

# မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၈**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေါ့မြစ်**

ဝေါ့မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်လက်မခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး ငါးသိုင်းချောင်းမြို့တွင် နောက်တစ်ရက်အတွင်းနှင့် သာပေါင်းမြို့တွင် နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သဖြင့် အဆိုပါ မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၈**

မောင်တောမြို့နယ် နယ်မြေ(၂) အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရန့်ချောင်း ကင်းစခန်းမှ ဒုတိယရဲမှူး အောင်ကျော်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦး၊ စကားပြန် တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄) နယ်ခြားစောင့်တပ် Rejupara ကင်းစခန်းမှ Subedar Md. Habibur Rahman ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦး တို့သည် ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီခွဲအထိ မိမိတို့နိုင်ငံ အတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်း အတိုင်း နယ်နိမိတ်မှတ်တိုင်(၄၁)မှ (၄၁-၁/၂) အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# သစ်ထုတ်မှုစွမ်းရည်မြှင့်မားရေး သစ်အုပ်ကြီးများ မွမ်းမံသင်တန်းဆင်း

**ရေတာရှည် ဩဂုတ် ၁၈**

မြန်မာနိုင်ငံသည် သစ်တောသယံဇာတဖွံ့ဖြိုးသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ သစ်တောမူဝါဒ (၆)ရပ်နှင့်အညီ သစ်တောသယံဇာတများကို ရေရှည်တည်တံ့စေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်း ပါဝင်စေခြင်းဖြင့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ သစ်ထုတ်ခြင်းဘာသာရပ် သစ်အုပ်ကြီးများ မွမ်းမံ သင်တန်းဆင်းပွဲကို ဩဂုတ် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နန်ချွန်လေ့ကျင့်ရေးကျောင်း အမှတ်(၁) ၌ ကျင်းပသည်။ ရှေးဦးစွာ(ဆင်အခြေပြုခရီးသွားလုပ်ငန်း) တောင်ငူဒေသ(ဒေသမန်နေဂျာ) ဦးကျော်ဇင်ဟန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁၇ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေး ဌာနလက်အောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ ဒေသအသီးသီးမှ သစ်တောသိပ္ပံဘွဲ့ရ သစ်အုပ်ကြီး သင်တန်းသား ၂၅ ဦးတက်ရောက်ခဲ့ကာ ပညာထူးချွန်ဆု၊ အလုပ်ရုံဆွေးနွေးပွဲဆု၊ စာတမ်းအကောင်းဆုံးဆု၊ PRESENTA ဆု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆုများနှင့် သင်တန်းအောင်လက်မှတ်များအား တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၈

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

# ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)က ဦးဆောင်ဆွေးနွေးပြီး ဒါရိုက်တာကြည်စိုးထွန်းက ရာဇဝင်နောက်ခံ ရုပ်ရှင်ဇာတ်ကားများနှင့် ပတ်သက်သည့် ဒါရိုက်တာတစ်ဦး၏အခက်အခဲနှင့် စိန်ခေါ်မှုများကို ဆွေးနွေးသည်။

ဆရာ ချစ်ဦးညိုက ရာဇဝင်သမိုင်းနောက်ခံရုပ်ရှင်ဇာတ်ကား အရည်အသွေး အဆင့်အတန်း မြင့်မားရေးနှင့် ပတ်သက်၍ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ တောင်ငူ၊ ပျူ၊ ရတနာပုံ စသည့် ခေတ်များအလိုက် နောက်ခံသမိုင်းနှင့် ပတ်သက်ပြီး ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ဆောင်စရိုက်များ အများကြီးရှိကြောင်း၊ လောကစရိုက်၊ လူသဘာဝစရိုက်များ အများကြီးရှိသည့်အတွက် ထိုရာဇဝင်သမိုင်းနောက်ခံများရအောင်ရိုက်ကူးနိုင်လျှင် ပိုကောင်းပါကြောင်း ဆွေးနွေးသည်။




အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ၎င်းရိုက်ကူးခဲ့သည့် ရာဇဝင်ဇာတ်ကားများ၏ အတွေ့အကြုံများအပြင် ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရာတွင် သတိထားပြင်ဆင်ထားရမည့် အချက်အလက် အကြောင်းအရာများ၊ ယခင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ စာတွေ့အရ လိုအပ်သည့်ပြင်ဆင်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ သမိုင်းနောက်ခံရုပ်ရှင် ရာဇဝင်ဇာတ်ကားများတွင် ဝတ်စားဆင်ယင်မှုများနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးပြီး ရာဇဝင် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရေးအတွက် အားပေးရန် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရာဇဝင်ရုပ်ရှင်ဇာတ်ကားများကို မြန်မာအကြောင်းကို မြန်မာတို့ သိရှိနိုင်ရန်အပြင် မြန်မာအကြောင်းကို ကမ္ဘာက သိရှိစေရန် ရည်ရွယ်ပါကြောင်း၊ ရာဇဝင်ရုပ်ရှင်ဇာတ်ကားများကို အင်္ဂလိပ်စာတန်းထိုးနှင့် နောက်ခံစကားပြောခြင်း၊ အသံထပ်ခြင်း စသည်တို့ဖြင့် ဒေသတွင်းနိုင်ငံများတွင် ဦးစွာဖြန့်ချိနိုင်ရန် မျှော်မှန်းပြီး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပါဝင်ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ရုပ်ရှင်ပညာရှင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ရုပ်ရှင်သင်တန်းကျောင်းများမှ သင်တန်းသားများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တိုက်တီးကျေးရွာသို့ သွားရောက်ဆေးကုသပေးသော ဆရာဝန်ကြီးများ ခန္တီးမြို့သို့ ပြန်လည်ရောက်ရှိ

**ခန္တီး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် တိုက်တီးကျေးရွာတွင် ကူးစက်ရောဂါကြောင့် ဒေသခံပြည်သူများ ဖျားနာနေကြောင်း သတင်းရရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန် ခန္တီးခရိုင်ဆေးရုံအုပ် ဒေါက်တာလေးဖြူပြာအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ဩဂုတ် ၁၃ ရက်တွင် ခန္တီးမြို့မှ ထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးဝန်ထမ်းများသည် ဒေသအခြေစိုက် တပ်မတော်ဆေးကုသရေးအဖွဲ့များ၊ နယ်မြေခံကျန်းမာရေးဝန်ထမ်းများနှင့်အတူ တိုက်တီးကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဆေးကုသရေးလုပ်ငန်းများနှင့် ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ခြင်ဆေးဖျန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြပြီး တုပ်ကွေး၊ ချောင်းဆိုး၊ ရင်ကျပ်၊ အအေးမိ၊ နှာစေး၊ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဆီးချို၊ သွေးချို စသည့် ရောဂါများ ရှိ မရှိ စမ်းသပ်စစ်ဆေးပေးခဲ့ကြသည်။

လာရောက်ပြသသူအများစုမှာ စိုးရိမ်စရာမရှိသော သာမန်ဖျားနာခြင်းသာဖြစ်ပြီး တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါများသာ ဖြစ်သည်။



တိုက်တီးကျေးရွာအုပ်စုဒေသသည် ကျန်းမာရေးဗဟုသုတနည်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် ဆေးဝါးကုသမှုခံယူခြင်းမရှိသဖြင့် ဖျားနာခြင်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ကျန်းမာရေးဗဟုသုတမြှင့်တင်ပေးဖို့နှင့် လုံလောက်သောဆေးဝါးများ ထောက်ပံ့ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ချန်လော(ခန္တီး)**



# ဓာတ်ပုံထိန်ဝင်း၏ နှစ်(၃၀)ပြည့် ရှစ်လေးလုံး လူထုအုံကြွမှု ဓာတ်ပုံပြပွဲသို့ စိတ်ဝင်စားသူများ လာရောက်ကြည့်ရှု

**ရန်ကုန် ဩဂုတ် ၁၈**

ဓာတ်ပုံထိန်ဝင်း(ဦးထိန်ဝင်း)၏ နှစ်(၃၀)ပြည့် ရှစ်လေးလုံး လူထုအုံကြွမှု ဓာတ်ပုံပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းတွင် ပြသရာ စိတ်ဝင်စားသူများ၊ ဓာတ်ပုံဝါသနာရှင်များနှင့် နိုင်ငံခြားသားများအပါအဝင် လူပေါင်း ၂၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဓာတ်ပုံထိန်ဝင်းက "လာကြည့်သူတွေထဲမှာ နိုင်ငံခြားသားတွေရော ကျောင်းသား ကျောင်းသူတွေရော ပါတယ်။ အဓိကကတော့ အဲဒီတုန်းကကြုံခဲ့တဲ့ လူကြီးတွေများတယ်။ ရှစ်လေးလုံးနောက်ပိုင်းမှမွေးတဲ့ လူငယ်တွေလည်း သူများပြောတာပဲကြားဖူးပြီး လာကြည့်တဲ့အခါ အခုလိုမြင်တွေ့ရတော့ အံ့ဩစရာဖြစ်သွားတယ်လို့ ပြောကြတယ်။ သိမ်းထားလိုသူတွေအတွက် ဓာတ်ပုံတွေကို ရောင်းမယ်ပြောထားပေမယ့် နည်းနည်းပါးပါးတော့ မေးကြတယ်။ မရောင်းဖြစ်သေးပါဘူး။ တော်တော်များများက ဒီနေရာကို လာလို့လွယ်တော့ ဓာတ်ပုံတွေရောင်းရရင် ပြပွဲသတ်မှတ်ရက်အပြင် ထပ်တိုးပြီး ပြသချင်ပါတယ်" ဟု ပြောသည်။

နှစ်(၃၀)ပြည့် ရှစ်လေးလုံးလူထုအုံကြွမှု ဓာတ်ပုံပြပွဲကို ဩဂုတ် ၂၀ ရက်အထိ လောကနတ်ပန်းချီပြခန်းတွင် ပြသသွားမည်ဖြစ်ပြီး အဆိုပါဓာတ်ပုံများသည် ၁၉၈၈ ခုနှစ် ဩဂုတ်လဆန်း လူထုအုံကြွမှု စတင်ချိန်မှစ၍ စက်တင်ဘာ ၁၈ ရက် အာဏာသိမ်းယူသည့်အချိန်ထိ ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

ပြခန်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ က ဖြစ်ပွားခဲ့သည့် "၁၉၈၈ လူထုအုံကြွမှု" သမိုင်းမှတ်တမ်း ဓာတ်ပုံ ၁၀၀ ကျော် ပြသထားပြီး ရန်ကုန်မြို့လမ်းများပေါ်တွင် ဆန္ဒပြနေပုံများ၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ် လူထုအစည်းအဝေး၊ ရန်ကုန်ဆေးရုံကြီးနှင့် ပြည်လမ်းတစ်လျှောက် လူထုအုံကြွမှုနှင့် ဟောပြောမှုများကို အဓိက ရိုက်ကူးထားခြင်းဖြစ်သည်။ ဓာတ်ပုံထိန်ဝင်းရိုက်ကူးထားသည့် ရှစ်လေးလုံး လူထုအုံကြွမှုမှတ်တမ်းစာအုပ်ကို စက်တင်ဘာလတွင် ထုတ်ဝေသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# သပိတ်ကျင်းမြို့နယ်၌ မှုခင်းရှုထောင့်သတင်းမီဒီယာအဖွဲ့မှ အမျိုးသားသုံးဦးက ခြိမ်းခြောက်ပြောဆိုမှုများ ပြုလုပ်ခဲ့သဖြင့် အမှုဖွင့်အရေးယူထား

**နေပြည်တော် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာနေ ကိုဆန်းမျိုးလွင်(ခ)ဆန်းမျိုးသည် ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီခန့်တွင် နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ မိခင်ဖြစ်သူ ဒေါ်စိန်မြင့် ရောက်ရှိလာပြီး ဩဂုတ် ၁၄ ရက် ည ၁၀ နာရီခန့်တွင် ၎င်းသည် ထီးချိုင့်မြို့နယ် မဲပဟင်းကျေးရွာမှ စက်လှေဖြင့် လိုက်ပါလာရာ ကြာညှပ်ဆိပ်ကမ်းအနီးမရောက်မီ အခြားစက်လှေတစ်စင်းနှင့် စက်လှေချင်းကပ်ချိန်တွင် အဆိုပါ စက်လှေပေါ်ရှိ လူတစ်ဦးက မျက်နှာကို ဓာတ်မီးဖြင့်ထိုးသဖြင့် အချင်းများခဲ့ကြောင်း ပြောပြ၍ သိရသည်။

ကိုဆန်းမျိုးလွင်(ခ)ဆန်းမျိုးက ထိုလူအား စုံစမ်းရာ မှုခင်းရှုထောင့်သတင်းမီဒီယာအဖွဲ့မှ ကိုသိန်းနိုင်ဝင်းဆိုသူဖြစ်ကြောင်း သိရသဖြင့် ဖုန်းဆက်ပြီး မိခင် ဒေါ်စိန်မြင့်နှင့် စကားများသည့်ကိစ္စအပေါ် လာရောက်တွေ့ဆုံရှင်းလင်းရန်နှင့် မတွေ့ဆုံပါက တိုင်တန်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ကြာညှပ်ကျေးရွာရှိ ရွှေလက်ရာလက်ဖက်ရည်ဆိုင်တွင် ကိုသိန်းနိုင်ဦး(ခ)ကိုမောင်နိုင်နှင့် အတူထိုင်နေစဉ် မှုခင်းရှုထောင့်သတင်းမီဒီယာအဖွဲ့မှ သိန်းနိုင်ဝင်း၊ ထွန်းနွယ်နှင့် မောင်ငယ်တို့ သုံးဦးရောက်ရှိလာကာ "မင်းကဘာကြောင့် တိုင်ချင်တာလဲ"ဟု ပြောဆိုပြီး ထွန်းနွယ်က လည်ကုပ်ကိုဖိ၍ လက်သီးဖြင့် ထိုးခဲ့ရာ ဝဲဘက်နားထင်ဖူးရောင်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်း၏ဘယ်ဘက်လက်အား သိန်းနိုင်ဝင်းက နောက်မှဆွဲကာ ညစ်ညမ်းစွာဆဲဆို၍ သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ထို့ပြင် သိန်းနိုင်ဝင်း၊ ထွန်းနွယ်နှင့် မောင်ငယ်တို့ သုံးဦးသည် ကိုသိန်းနိုင်ဦး(ခ)ကိုမောင်နိုင်၏ နေအိမ်ခြံဝင်းအတွင်း ကျူးကျော်ဝင်ရောက်ကာ ကိုသိန်းနိုင်ဦး(ခ)ကိုမောင်နိုင်အား လက်သီးဖြင့် ထိုးသတ်မည်ဟု ပြောဆို၍ နေအိမ်အတွင်းသို့ဝင်ရန် ပြုလုပ်နေသဖြင့် ကိုသိန်းနိုင်ဦး(ခ)ကိုမောင်နိုင်၏ဇနီး မရီရီခိုင်က တားမြစ်သောကြောင့် ပြန်လည်ထွက်ခွာသွားကြောင်း တိုင်တန်းထားမှုများကို သပိတ်ကျင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၈**

ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ အရာထမ်း၊ အမှုထမ်းများနှင့်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း၊ အရာထမ်းငယ်အခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်းများမှ သင်တန်းသားသင်တန်းသူများက ဩဂုတ် ၁၄ ရက်တွင် ကရင်ပြည်နယ်ရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် အလှူငွေကျပ် ၂၀၁၁၀၀၀ ကို ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၂)တွင် သင်တန်းတက်ရောက်လျက်ရှိသော (ကသ-၇) ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ဆွမ်းဟင်းချက်ရာ၊ လောင်းလှူရာ သတိပြုကြပါ

■ ဒေါက်တာသန်းအောင်စိုး

ရဟန်းသံဃာတို့သည် ဒါယကာ ဒါယိကာမများ လောင်းလှူသော၊ ချက်ပြုတ်၍ ကပ်လှူသော ဆွမ်းဟင်းကို ဘုန်းပေးကြသည်။ ကျောင်းကိုရောက်လျှင်လည်း မည်သူမျှ ပြန်မနွေး၊ ကပ်လှူသည့်အတိုင်း ဘုန်းပေးကြသည်။ ထို့ကြောင့် ချက်ကပ်သော၊ လောင်းလှူသော ဆွမ်းဟင်းများ သန့်ရှင်းရန် အရေးကြီးပါသည်။ ယခုလို ဝါတွင်းကာလတွင် ဆွမ်းလောင်းမွှာရုံများက များစွာ လောင်းလှူကြသည်။ မိုးတွင်းကာလဖြစ်သဖြင့် လောင်းလှူစဉ် ဆွမ်းဟင်းထဲ မိုးရေဝင်ပါကလည်း ဆွမ်းဟင်းများ သန့်ရှင်းမှုမရှိဖြစ်တတ်သည်။ အရုဏ်ဆွမ်းလောင်းလှူခြင်းကို နံနက် ၄ နာရီ၊ ၅ နာရီမှစတင်၍ လောင်းလှူလေ့ရှိကြသဖြင့် တစ်နေ့ ကြိုတင်၍ချက်ပြုတ်ကြတာများသည်။ သေချာစွာ အပြီး တစ်ခါတည်းမချက်ဘဲ၊ အသား၊ ငါး၊ ပုစွန် စသည်တို့ကို ဆီသတ်ထားတတ်ကြသည်။ အထူးသဖြင့် ပုစွန်တုပ်ကြီး ကဲ့သို့သော ဟင်းများတွင် သေချာစွာဆီသတ်ပါက အသားမာတင်းသွားတတ်သဖြင့် အနည်းငယ်သာ ဆီသတ်ကြသည်။ ချက်ရာတွင်လည်း အချိန်လျှော့၍ ချက်သည်။ "ပုစွန်အကွေး ငါးအနွေးပဲ၊ ကျက်ပါတယ်ကွာ" ဟု အလွယ်ဆိုကြသည်။ ထိုကဲ့သို့ မကျက်တကျက်ချက်ထားသော ဟင်းလျာများ၊ ပဲအမျိုးမျိုးနှင့် ချက်ထားသောဟင်းများက ပုပ်သိုးလွယ်သည်။ အစာအဆိပ်သင့်ဖို့ ပိုများသည်။

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဝေဠုဝန်ကျောင်းတွင် သီတင်းသုံးနေထိုင်သော စာသင်သား ရဟန်းသာမဏေ ၄၁ ပါးနှင့် ကျောင်းသားတစ်ယောက်တို့ အစာအဆိပ်သင့်သောကြောင့် မင်းလှဆေးရုံသို့ ဩဂုတ် ၉ ရက် ညပိုင်းမှစ၍ တက်ရောက်ကုသမှု ခံယူရသည်။ ရဟန်းတစ်ပါးနှင့် ကိုရင်သုံးပါး၊ ကျောင်းသားတစ်ယောက်တို့ကို သာယာဝတီဆေးရုံသို့ ဆက်လက်ပို့ဆောင်ရသည်။ အော့အန်သည်။ ဝမ်းသွားသည်။ ဗိုက်နာသည်။ အချို့က ကိုယ်အပူချိန်တက်လာကာ အဖျားပါဝင်လာသည်။ ဘယ်က ဘယ်လိုဖြစ်သည်ကို အားလုံးစိတ်ဝင်တစား သိလိုကြသည်။ မင်းလှတွင် ဤလိုမျိုး လူများများ အစာအဆိပ်သင့်ခြင်း၊ ဤမျှပြင်းထန်ခြင်းမဖြစ်ခဲ့။ အလှူမင်္ဂလာဆောင်များတွင် တစ်ခါတစ်ရံ ဖြစ်ဖူးသော်လည်း အန်ရုံ၊ ဝမ်းသွားရုံ အနည်းငယ်သာဖြစ်သည်။

သေသေချာချာ စေ့ငုကြည့်တော့ မနက်အရုဏ်ဆွမ်းက စသည်။ ဟင်းပေါင်းက ဖြစ်နိုင်သည်ဟု ယူဆကြသည်။ ဟင်းပေါင်းဆိုသည်မှာ ယမန်နေ့က လောင်းလှူခဲ့သော ဆွမ်းဟင်းအပိုများကို အားလုံးစုပေါင်းကာ ရောကြိုထားသော ဟင်းတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ ဘုန်းကြီးကျောင်းအတော်များများတွင် တပည့်၊ ဒါယကာ ဒါယိကာမများ၊ ကပ္ပိယများ၊ ကျောင်းသားများက စီစဉ်ပေးသည်။ အရသာတဏှာကို ပယ်ခွာစေသောငှာ ကြက်သားအရသာ၊ ဝက်သားအရသာ၊ ပဲအရသာ၊ အသီးအရွက်အရသာဟု အရသာတစ်မျိုးစီမပေါ်အောင် ရသာဖျက်ထားခြင်းဖြစ်သည်။ ၎င်းဟင်းပေါင်းစားသူ အတော်များများ ဖြစ်သည်။ နည်းနည်းစားသူ နည်းနည်းဖြစ်သည်။ များများစားသူ များများဖြစ်သည်။ သို့သော် အချို့တစ်ပါး နှစ်ပါးစားသော်လည်း မဖြစ်ပါ။ ခံနိုင်ရည်ရှိသည်။ မှို၊ ဝက်သား၊ ပဲအမျိုးမျိုးတို့ ရောနှောချက်ပြုတ်ရာမှလည်း မတည့်သောအစာများ စုပေါင်း၍လည်း အစာအဆိပ်သင့်တတ်သည်။

ဖြစ်လျှင်ဖြစ်ချင်း ဝေဠုဝန်ကျောင်းရှိ "သုခဒါရီ" ဆေးခန်းတွင် ကုသည်၊ အချို့ပျောက်သည်။ အချို့ပိုဆိုးလာသူများကို မင်းလှဆေးရုံသို့ ဆက်လက်ပို့ဆောင်သည်။ ဩဂုတ် ၁၁ ရက်နေ့တွင် မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းအောင်စိုးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့ ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ ဒေါ်နီနီလှိုင်၊ သာယာဝတီဆေးရုံအုပ်ကြီး ဒေါက်တာ ဦးသူရ၊ သမားတော်ကြီး ဒေါက်တာ ဒေါ်ယုယုဝင်းတို့က သာယာဝတီဆေးရုံ၊ မင်းလှဆေးရုံတို့တွင် ကုသမှုခံယူနေရသော ရဟန်းသာမဏေများကို သွားရောက်တွေ့ဆုံ ကြည့်ရှုကုသပေးသည်။

မင်းလှဆေးရုံအုပ်ကြီး ဒေါက်တာဦးလှဝင်းကလည်း ဆေးကုသထားမှုများကို လိုက်လံရှင်းလင်းပြသသည်။ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ သက်တော်ရှည် ဝေဠုဝန်ဆရာတော်ကြီးကိုပါ ဖူးမြော်ကန်တော့ခဲ့သည်။ ကျောင်းအတွင်း ထုံးဖြူးခြင်း၊ ရေကန်များ ဆေးခတ်ခြင်းများ ပြုလုပ်ထားရှိမှုနှင့် စားဖိုဆောင်ကိုပါ ကြည့်ရှု၍ ချက်ပြုတ်သူများကို တွေ့ဆုံမှာကြားသည်။ ဩဂုတ် ၁၃ ရက် နံနက်ပိုင်းအထိ မင်းလှဆေးရုံတွင် နှစ်ပါးနှင့် သာယာဝတီဆေးရုံတွင် တက်ရောက်သူများ သက်သာလျက်ရှိပြီး ကျန်ရဟန်းသာမဏေအားလုံး ဆေးရုံဆင်းသွားကြပါပြီ။ ရောဂါစတင်ဝင်ရောက်ချိန်မှ ၄၈ နာရီကျော်ပြီဖြစ်၍ အားလုံးစိတ်ချရပါပြီ။ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါသည်။

အစာနမူနာယူရန် အစာလက်ကျန်မရှိတော့ခြင်း၊ ချက်ပြုတ်သူ အတည်တကျမရှိခြင်းတို့ကြောင့် ဓာတ်ခွဲအဖြေစစ်ရန် အခက်အခဲရှိသည်။ ဝမ်းနမူနာကို အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်စစ်ဆေးထားပါသည်။

အစာအဆိပ်သင့်ခြင်းသည် အကြောင်းသုံးမျိုးကြောင့်ဖြစ်သည်။ အခြားပစ္စည်းများ ပါဝင်ခြင်း၊ ဓာတုဆေးကြွင်းများပါဝင်ခြင်းနှင့် ရောဂါပိုးမွှားပါဝင်ခြင်းတို့ဖြစ်သည်။ အခြားပစ္စည်းပါဝင်မှုက မြင်သာသည်။ အဝတ်စ၊ သံကျွတ်စတို့ ဆေးကြောရင်းပါနိုင်သည်။ ချက်ပြုတ်ရင်း ဆံချည်မျှင်၊ သစ်ရွက်၊ အမှိုက်များကျ၍ ရောပါတတ်သည်။ ချက်ပြုတ်သူများ ခေါင်းဆောင်း ဆောင်းထားခြင်းဖြင့် ဆံချည်မျှင်မကျအောင် ကာကွယ်ခြင်းဖြစ်သည်။ ဓာတုဆေးက အသား၊ ငါး၊ အသီးအရွက်တို့တွင် ပါဝင်နိုင်သည်။ သေချာစွာဆေးကြောခြင်း၊ အသီးအရွက်များကို ရေကြာကြာစိမ်ခြင်း၊ ဆားရည်စိမ်ခြင်းများဖြင့် တတ်နိုင်သမျှ ကာကွယ်ကြသည်။ သီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အညွှန်းအတိုင်း ပမာဏတိကျစွာသုံးခြင်း၊ ပက်ဖျန်းပြီး ကန့်သတ်ကာလ ကုန်ဆုံးမှ ခူးဆွတ်ရိတ်သိမ်းရောင်းချခြင်းများက အကောင်းဆုံး ကာကွယ်နည်းဖြစ်သည်။

ရောဂါပိုးမွှားပါဝင်ခြင်းက အစာအဆိပ်သင့်ခြင်း အများဆုံးဖြစ်စေသည်။ သေချာစွာ ကျက်အောင်မချက်ခြင်း၊ အခန်းအပူချိန်တွင် ကြာရှည်စွာ သိမ်းဆည်းထားခြင်းတို့ မပြုအပ်ပါ။ အထူးသဖြင့် ဟင်းများကို ပြန်လည် "နွေး" ရာတွင် အနည်းဆုံး ၁၂ မိနစ်ခန့် ဆူပွက်နေအောင် နွေးခြင်းဖြင့် ပါဝင်ရောဂါပိုးအားလုံး သေစေပါသည်။ နွေးရုံ၊ ပူရုံသာနွေးခြင်းသည် ရောဂါပိုးများ ပေါက်ပွားခြင်းကို အားပေးရာရောက်သဖြင့် နွေးရုံ၊ ပူရုံနွေးခြင်းကို လုံးဝမပြုလုပ်သင့်ပါ။

သန့်ရှင်းသောအစာ၊ ဘေးကင်းလုံခြုံသောအစာ ရရှိရန် စိုက်ခင်းမှ စားပွဲပေါ်ထိဟု ဆိုကြသည်။ ချက်ပြုတ်ရုံသာမဟုတ် စားပွဲပေါ်စားရန် ပြင်ဆင်ခူးခပ်သူများပါ လက်အိတ်ဝတ်ခြင်း၊ နှာခေါင်းစည်း စည်းခြင်းများ ပြုလုပ်သင့်သည်။ နေမကောင်းသူ၊ အနာ၊ ယားနာ၊ ဝက်ခြံများရှိသူဆိုလျှင် အစာချက်ပြုတ်ပြင်ဆင်ခြင်းကို ခေတ္တရပ်နားထားပြီး ပျောက်ကင်းမှ ပြန်လည်ဆောင်ရွက်သင့်ပါသည်။

အထူးအရေးကြီးသောကြောင့် နှစ်ခါထပ်ကြော့ ဖော်ပြချင်ပါသည်။ ရဟန်းသံဃာတို့သည် ဒါယကာ ဒါယိကာမများ လောင်းလှူချက်ပြုတ်၍ ကပ်လှူသော ဆွမ်းဟင်းကို ဘုန်းပေးကြရသည်။ ကျောင်းကိုရောက်လျှင်လည်း မည်သူမျှပြန်မနွေး၊ ကပ်လှူသည့်အတိုင်း ဘုဉ်းပေးကြသည်။ ထို့ကြောင့် ဆွမ်းဟင်းချက်ကပ်သော၊ လောင်းလှူသော ဆွမ်းဟင်းများ သန့်ရှင်းရန်အရေးကြီးပါသည်။

ဒါယကာ ဒါယိကာမများ၊ ကပ္ပိယများ၊ ကျောင်းသားများ၊ အလှူရှင်များ အစားအစာ သန့်ရှင်းဘေးကင်းလုံခြုံမှုကို အလေးထားခြင်းဖြင့် ရဟန်း သံဃာအပေါင်း၊ လူသားအပေါင်း အစာအဆိပ်သင့်ခြင်းအန္တရာယ်မှ ကင်းဝေးနိုင်ကြပါစေကြောင်း ဆုတောင်းပါသည်။ ။

> ဓာတုဆေးက အသား၊ ငါး၊ အသီးအရွက်တို့တွင် ပါဝင်နိုင်သည်။ သေချာစွာဆေးကြောခြင်း၊ အသီးအရွက်များကို ရေကြာကြာစိမ်ခြင်း၊ ဆားရည်စိမ်ခြင်းများဖြင့် တတ်နိုင်သမျှ ကာကွယ်ကြသည်။ သီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကို အညွှန်းအတိုင်း ပမာဏတိကျစွာသုံးခြင်း၊ ပက်ဖျန်းပြီး ကန့်သတ်ကာလကုန်ဆုံးမှ ခူးဆွတ်ရိတ်သိမ်းရောင်းချခြင်းများက အကောင်းဆုံးကာကွယ်နည်းဖြစ် . . .

## ရခိုင်ပြည်နယ်၌ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများနှင့် အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ ဩဂုတ် ၁၈**

စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် ဆဌမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲများနှင့် အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က အမှာစကားပြောကြားပြီး အမှတ်(၅) လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စုမှူး ရဲမှူးငွေအောင်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာ ပြိုင်ပွဲများကျင်းပနိုင်ရန်၊ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်၊ အခမ်းအနားတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေသွားရန် စီစဉ်ထားရှိမှု၊ ပညာပေးပြခန်းများ ထည့်သွင်းပြသမည့်အစီအစဉ်နှင့် ဆုများပေးအပ်ချီးမြှင့်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။ ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ဆုများပေးအပ်ချီးမြှင့်နိုင်ရေးနှင့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆွေးနွေးကြသည်။

ထို့နောက် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။ အဆိုပါနေ့အထိမ်းအမှတ်အဖြစ် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများကို စက်တင်ဘာ ၂ ရက်တွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**တင်ထွန်း(ပြန်/ဆက်)**





## မြဝတီမြို့၌ အထူးကုန်စည်များ တရားမဝင်တင်သွင်းရောင်းဝယ်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**မြဝတီ ဩဂုတ် ၁၈**

ကရင်ပြည်နယ် မြဝတီမြို့တွင် အထူးကုန်စည်များ တရားမဝင်တင်သွင်းရောင်းဝယ်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ဩဂုတ်လဒုတိယပတ်က မြဝတီမြို့နယ် အထူးကုန်စည်စစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီမြို့နယ် အထူးကုန်စည်စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် မြို့နယ်အခွန်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်အောင်နှင့် အဖွဲ့ဝင်များက မြဝတီမြို့ရှိ ကုန်စုံဆိုင်များတွင် ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် ပြည်တွင်း၌ထုတ်လုပ်ပြီး အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အထူးကုန်စည်များနှင့် ပြည်ပမှ တရားမဝင်တင်သွင်းသော အရက်၊ ဘီယာ၊ ဝိုင်နှင့် စီးကရက်များ တရားမဝင်တင်သွင်းရောင်းဝယ်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မောင်ခင်မင်(ဓနုဖြူ)၏ စာအုပ် ၁၀၀ ပြည့် အထိမ်းအမှတ်ဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

မောင်ခင်မင်(ဓနုဖြူ)၏ စာအုပ် ၁၀၀ ပြည့်အထိမ်းအမှတ် ဂုဏ်ပြုပွဲကိုယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခ/ဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆရာကြီး မင်းသုဝဏ် မိသားစုဝင် ဦးထင်ကျော် (စာရေးဆရာဒလဘန်း) က အမှတ်တရစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ မြန်မာစာမိသားစုဝင် ဆရာကြီးဆရာမကြီးများ၊ မြန်မာစာကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

"မြန်မာစာကျောင်းသားဟောင်းတွေက စာအုပ် ၁၀၀ ပြည့်တဲ့အထိမ်းအမှတ်အနေနဲ့ အခမ်းအနားလုပ်မယ်ဆိုပြီး စီစဉ်ခဲ့တာပါ။ အဲဒီတုန်းကတော့ စာအုပ် ၁၀၀ ပြည့်က ဘာစာအုပ်မှန်း မသိခဲ့ပါဘူး။ အခုတော့ ဆရာကြီးမင်းသုဝဏ်ရဲ့စာပေဂုဏ်ကို ဖော်ထုတ်တဲ့ မင်းသုဝဏ်ဋီကာ စာအုပ်ဖြစ်နေတယ်။ ကျွန်တော်တို့ မြန်မာစာအနေနဲ့ ပိုမိုဂုဏ်ယူပြီး လုပ်ကြတာပါ။ အခုလိုဆရာကြီးကိုဂုဏ်ပြုတဲ့သဘောလည်းပါတယ်။ ကျွန်တော့် စာအုပ် ၁၀၀ ပြည့်တဲ့ သဘောလည်း ပါတယ်။ အဲဒါကို မြန်မာစာဌာန၊ မြန်မာစာမိသားစု၊ မြန်မာစာကျောင်းသားဟောင်းတွေက စာပေပရိသတ်တွေဖိတ်ပြီး အခုလိုကျင်းပတဲ့ အခမ်းအနားက မြန်မာစာရဲ့ဂုဏ်ကျေးဇူးကို ဖော်ထုတ်တဲ့သဘောဖြစ်တယ်လို့ အလေးအနက်ခံယူပါတယ်။ ဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။ ဒီစာအုပ်မှာ ဆရာကြီးမင်းသုဝဏ်ရဲ့ စာပေဘဝနဲ့ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်ချက်တွေ၊ ငယ်စဉ်ကတည်းက ကဗျာဆရာကြီး တစ်ယောက်အနေနဲ့ ကဗျာတွေစရေးပြီး နယ်ပယ်အသီးသီးမှာ စာပေရော၊ ဘာသာစကားရော၊ ရသရော၊ သုတစာပေပါ စာပေလောကကို ဆွဲဆောင်ခဲ့တဲ့၊ ကျွန်တော်တို့ကြည်ညိုလေးစားရတဲ့၊ မြန်မာစာဌာနရဲ့ ဖခင်ကြီးသဖွယ်လည်းဖြစ်တဲ့ ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးကို ပြည့်ပြည့်စုံစုံ ဖော်ထုတ်ချင်တဲ့အတွက် ဒီစာအုပ်ကို လေး၊ ငါးနှစ်လောက် အချိန်ယူပြီး ရေးသားထားတာပါ။ လူငယ်ပရိသတ်အနေနဲ့ ဆရာကြီးဆီက နမူနာယူစရာ၊ အားကျစရာ၊ မှတ်သားစရာတွေ အများကြီးရနိုင်ပါတယ်"ဟု ဆရာမောင်ခင်မင် (ဓနုဖြူ)က ပြောသည်။





ဆရာကြီးမင်းသုဝဏ် မိသားစုဝင် ဦးထင်ကျော်(စာရေးဆရာဒလဘန်း) အမှတ်တရစကား ပြောကြားစဉ်။



မောင်ခင်မင်(ဓနုဖြူ)၏ စာအုပ် ၁၀၀ ပြည့် အထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပစဉ်။

ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)သည် ဓနုဖြူမြို့နယ် ကျုံတနီးရွာဇာတိဖြစ်ပြီး မိဘများမှာ ဦးရာမ၊ ဒေါ်စောတင်တို့ ဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ အထွေထွေဂုဏ်ထူးဘွဲ့ကို ပထမတန်းဂုဏ်ထူးဖြင့်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ ချီးမြှင့်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ပုသိမ်ကောလိပ်၊ မြန်မာစာဌာန၌ နည်းပြအဖြစ် စတင်အမှုထမ်းခဲ့ပြီး ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ/ဌာနမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၁၉၅၇ ခုနှစ်မှစတင်၍ စာနယ်ဇင်းများတွင် ဆောင်းပါးများ၊ ရသစာတမ်းများ ရေးသားခဲ့သည်။ ဆရာ မောင်ခင်မင် (ဓနုဖြူ) ရေးသားခဲ့သည့် ပထမဆုံးစာအုပ်မှာ ၁၉၇၉ ခုနှစ်က ထုတ်ဝေခဲ့သည့် စကားပြေသဘောတရား၊ စကားပြေအတတ်ပညာဖြစ်သည်။ ယခုအခါ ဆောင်းပါးပေါင်း ၂၀၀၀ ကျော်၊ စာအုပ် ၁၀၀ နှင့် သုတေသနစာတမ်း ၄၀ ခန့် ရေးသားပြုစုပြီးဖြစ်သည်။

ဆရာမောင်ခင်မင် (ဓနုဖြူ)၏ စာအုပ် ၁၀၀ ပြည့်ဂုဏ်ပြုပွဲကို တက်ရောက်လာသူတစ်ဦးဖြစ်သည့် ကဗျာဆရာ သုလင်းဝေက "ဆရာကြီးဦးခင်အေးက ကျွန်တော်တို့ရဲ့ အနန္တကျေးဇူးရှင်ဆရာကြီးပါ။ သူ့ကို တတ်နိုင်သလောက် ပူဇော်တဲ့အနေနဲ့ ဒီနေ့ပွဲကို တက်ရောက်လာရခြင်းဖြစ်ပါတယ်။ မြန်မာစာမိသားစု၊ မြန်မာစာကျောင်းသားဟောင်းတွေက ဒီပွဲကို ဦးဆောင်ကျင်းပပေးတယ်။ အဲဒီအတွက်ကြောင့် တစ်နိုင်ငံလုံးက မြန်မာစာမိသားစုတွေ ပြန်ဆုံကြတယ်။ ဆရာကြီးကို ဂါရဝပြုကြတယ်။ ဆရာကြီးအပေါ်မှာ လေးစားတန်ဖိုးထားတဲ့ မြန်မာစာမိသားစုရဲ့ ဓလေ့ကို မြင်ရတဲ့အတွက် ရင်ထဲမှာအင်မတန်ပီတိဖြစ်ရပါတယ်။ နောက်ပြီး အခုထွက်ရှိတဲ့ မင်းသုဝဏ်ဋီကာစာအုပ်က ဆရာကြီးရဲ့ စာပေဘဝနဲ့ လူမှုဘဝကို ပြည့်ပြည့်စုံစုံရေးထားတာဖြစ်တဲ့အတွက် လူငယ်တွေကအစ၊ ပညာရှင်တွေအဆုံး အမြတ်တနိုးသုံးစွဲသင့်တဲ့စာအုပ်အဖြစ် အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်"ဟု ဆိုသည်။

**နန္ဒာဝင်း၊ ခတ်ပုံ-လှမိုး**

# လတ်တလော နိုင်ငံခြားငွေအခက်အခဲဖြစ်နေတဲ့ ဈေးကွက်ထဲမှာ လိုအပ်နေတာကို ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း**

**အမေရိကန်ဒေါ်လာဈေး မတည်ငြိမ်မှုနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**

အမေရိကန်ဒေါ်လာတန်ဖိုးက လွန်ခဲ့တဲ့ ခြောက်လကတည်းက တက်နေပါတယ်။ အဲဒီအတွက် အမေရိကန်ဒေါ်လာနဲ့ယှဉ်ရင် ကမ္ဘာအရပ်ရပ်မှာရှိတဲ့ နိုင်ငံတွေရဲ့ ငွေကြေးတွေ တန်ဖိုးကျသွားပါတယ်။ အဲဒီအထဲမှ မြန်မာနိုင်ငံလည်း ပါဝင်ပါတယ်။ နိုင်ငံတစ်ခုနဲ့တစ်ခုက မတူပါဘူး။ ဥပမာ အများဆုံးကျတဲ့နိုင်ငံဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံက အများဆုံးပါ။ ၁၂ ရာခိုင်နှုန်း၊ ၁၃ ရာခိုင်နှုန်းလောက် တန်ဖိုးကျသွားပါတယ်။

ကျွန်တော်တို့နောက်မှာ တရုတ်ပါ၊ တရုတ်က ကိုးရာခိုင်နှုန်းလောက်ကျတဲ့အတွက် သူလည်းတန်ဖိုးကျတဲ့ ငွေကြေးတစ်ခုဖြစ်ပါတယ်။ အဲဒီနောက် ပျမ်းမျှကြည့်မယ်ဆိုရင် ခြောက်ရာခိုင်နှုန်းလောက်အထိကျတယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ပထမဆုံး locate လုပ်နိုင်တာက Exchange Rate၊ မြန်မာနိုင်ငံရဲ့ ငွေကြေးကျသွားတဲ့ အဓိက ပင်မပြဿနာက အမေရိကန်ဒေါ်လာတန်ဖိုး တက်တာကစခဲ့တာဖြစ်ပါတယ်။

**စီးပွားရေးအချိုးမညီမျှမှုပြဿနာ**

ကျွန်တော်တို့မှာလည်း Structural Problem ပေါ့။ စီးပွားရေးအချိုးမညီမျှမှု ပြဿနာလေးတွေ ရှိပါတယ်။ အဓိကက ကုန်သွယ်မှုလိုငွေပါ။ ကျွန်တော်တို့ရဲ့ သွင်းကုန်က ပို့ကုန်တန်ဖိုးထက် အမြဲတမ်းပိုနေတဲ့အတွက် ကုန်သွယ်မှုလိုငွေက ပြီးခဲ့တဲ့နှစ်မှာ ၃ ဒသမ ၈ ထိဖြစ်တယ်။ အဲဒီမတိုင်မီ နှစ်နှစ်လောက်ကဆိုရင် အမေရိကန်ဒေါ်လာ ငါးဘီလီယံလောက်အထိ ဖြစ်ခဲ့တယ်။

**ဈေးကွက်လိုအပ်ချက်ကြီးလွန်း**

အဲဒီလိုအကြောင်းတွေ ပေါင်းစုံသွားတော့ External Factor နဲ့ Structure တွေကို ဖယ်လိုက်ပြီး လုပ်ဖို့ကို ဗဟိုဘဏ်ကဝင်ပြီးလုပ်မှာ မဟုတ်ပါဘူး။ အခုက Temporary Liquidity Shortage ဖြစ်တဲ့အတွက် ဗဟိုဘဏ်အနေနဲ့ ဇူလိုင် ၂၆ ရက်ကစပြီး လေလံကနေ ရောင်းပေးပါတယ်။ ဒါပေမယ့် ဈေးကွက်လိုအပ်ချက်က ကြီးလွန်းတဲ့အတွက် သိပ်ပြီးထိရောက်မှု မရှိခဲ့ပါဘူး။ ဩဂုတ် ၁၆ ရက်ကဆိုရင် ဒေါ်လာ လေးသန်းလောက်ထိ ရောင်းပေးခဲ့ပါတယ်။ ပထမ ၂၆ ရက် ကစပြီး တစ်ရက်တစ်သိန်းနှုန်းနဲ့ ၁၃ ရက် ရောင်းပါတယ်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းပါ။ ဩဂုတ် ၁၅ ရက်အထိ ၁ ဒသမ ၆၅ သန်းရောင်းပါတယ်။ သို့သော်လည်း ဈေးကွက်က ဘာဖြစ်သလဲဆိုတော့ ဗဟိုဘဏ်က ဖြည့်ဆည်းပေးသော်လည်း ဈေးကစားတဲ့သူတွေက ရှိနေတဲ့အတွက်ကြောင့် ဈေးကွက်က တောင့်ခံထားတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။

နောက်ထပ် အစီအစဉ်တစ်ခုကို မိတ်ဆက်ပါမယ်။ နောက်အစီအစဉ်က ဘာလဲဆိုတော့ Currency SWAP ဆိုတဲ့ အစီအစဉ်ပါ။ အဲဒီ Currency SWAP ဆိုတဲ့ အစီအစဉ်ကတော့ လေလံနဲ့စာရင် သူ့မှာပိုကောင်းတဲ့အချက်လေးက လေလံမှာတော့ ရောင်းလိုက်တဲ့ငွေက ကျွန်တော်တို့ရဲ့ အရန်ငွေကြေးထဲက လျော့သွားပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ထိန်းထိန်းသိမ်းသိမ်း လုပ်ဖို့လိုတယ်။ Currency SWAP (ကာလအပိုင်းအခြားတစ်ခု သတ်မှတ်၍ လိုအပ်သော နိုင်ငံခြားငွေခေတ္တသုံးစွဲခွင့်ပြုခြင်း)က ခဏချေးတာဖြစ်ပါတယ်။ ကျပ်ငွေကို ဗဟိုဘဏ်ကို အပေါင်ပေးထားရမှာဖြစ်ပါတယ်။ ဗဟိုဘဏ်က အမေရိကန်ဒေါ်လာထုတ်ပေးမယ်။ သတ်မှတ်ကာလတစ်ခုပြီးရင် ပြန်ဆပ်ရမှာဖြစ်တဲ့အတွက်ကြောင့် Foreign Exchange Reserve က ကျဆင်းသွားမယ့် အန္တရာယ်မရှိဘူး။ သို့ပေမယ့် သူ့မှာလည်း ပြန်မဆပ်ရင် ဘယ်လိုလုပ်မလဲဆိုတဲ့ Risk တွေတော့ရှိတယ်။

အဲဒီလိုနည်းအားဖြင့် လတ်တလော နိုင်ငံခြားငွေအခက်အခဲဖြစ်နေတဲ့ ဈေးကွက်ထဲမှာ လိုအပ်နေတာကို ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ ဒီဈေးကွက်ရဲ့ သဘောအရကတော့ ဒီလို Volatile ဖြစ်လာရင် ရုတ်တရက်ထိန်းသိမ်းဖို့ ခက်ခဲတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ခံထားရမှာဖြစ်ပါတယ်။ အခုဖြစ်နေတဲ့ နှုန်းအတိုင်း ဖြစ်နေမယ်လို့ မယုံကြည်ပါဘူး။ ဒီနှုန်းထက်နိမ့်တဲ့ နှုန်းမှာ စာရင်းရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ အချိန်နည်းနည်းလေး စောင့်ဖို့လိုတယ်။ ဒီကြားထဲမှာ ဗဟိုဘဏ်က ကိုယ်ကိုယ်တိုင် လုပ်လို့ရတဲ့ အရာတွေ ပံ့ပိုးဆောင်ရွက်ပေးသွားမယ်။

နောက်တစ်ခုက ဝန်ကြီးဌာနတွေ ပေါင်းစည်းပြီး လုပ်လို့ရတဲ့ ဥစ္စာမျိုးပေါ့။ Re-export အတွက်ကို နည်းနည်းစဉ်းစားပေးပါလို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို မေတ္တာရပ်ခံတဲ့အချိန်မှာ ဒီကိစ္စကို စဉ်းစားပေးမယ်ဆိုတဲ့ အနေအထားရှိပါတယ်။ တခြား ပေါင်းစပ်ညှိနှိုင်းလုပ်လို့ရတဲ့ ကိစ္စတွေကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မွေးကြူဇင်**

# မြဂနိုင်ရုပ်ရှင်ဇာတ်ကားကို UNESCO စာရင်းဝင်(ဒေသအဆင့်) အသိအမှတ်ပြုအပ်နှင်းခြင်း အခမ်းအနားကျင်းပ





**ရန်ကုန် ဩဂုတ် ၁၈**

မြဂနိုင်ရုပ်ရှင်ဇာတ်ကားကို UNESCO စာရင်းဝင်(ဒေသအဆင့်) အသိအမှတ်ပြု အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ အနုပညာရပ်ဝန်း ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့် ပတ်သက်ပြီး တာဝန်ရှိသည်နှင့်အညီ မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်ဇာတ်ကားအသစ်များစွာ ထုတ်လုပ်နေသကဲ့သို့ အလွန်တန်ဖိုးရှိသော ဇာတ်ကားအဟောင်းများ မပျောက်ပျက်စေရန်အတွက် ထိန်းသိမ်းရေးကိုလည်း ကြီးမားကျယ်ပြန့်စွာ ဆောင်ရွက်နေကြပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရန်ကုန်မြို့တွင်ရှိသည့် မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ "ဖလင်ပိဋကတ်တိုက်"ကို ထည့်သွင်းဆောက်လုပ်ထားပြီး ကန့်သတ်ချက်နှင့် အခက်အခဲများစွာရှိသော်လည်း ရုပ်ရှင်ဖလင်ထိန်းသိမ်းရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်နေပါကြောင်း။

ရုပ်ရှင်ဖလင်ထိန်းသိမ်းရေးအတွက် လူငယ်များ ဦးဆောင်ပါဝင်ပြီး ကျွမ်းကျင်တတ်မြောက်သူများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် Save Myanmar Film (SMF) နှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးတွဲပြီး လုပ်ဆောင်ခဲ့မှုကြောင့် "မြဂနိုင်"ရုပ်ရှင်ဇာတ်ကားကို UNESCO စာရင်းဝင် (ဒေသအဆင့်) အသိအမှတ်ပြုခံရသည့်အဆင့်သို့ ရောက်ရှိခဲ့ပါကြောင်း၊ ရုပ်ရှင်ထိန်းသိမ်းရေးအပိုင်းတွင် အများအသိအမှတ်ပြုခံရပြီး အောင်မြင်မှုရရှိခဲ့သဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် ထိုသို့အောင်မြင်မှုရရှိနိုင်ရန် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြဂနိုင်ရုပ်ရှင်ဇာတ်ကားကို UNESCO စာရင်းဝင် (ဒေသအဆင့်) အသိအမှတ်ပြုလက်မှတ်အား(UNESCO) မြန်မာအမျိုးသားကော်မရှင် အတွင်းရေးမှူး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်က ပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လက်ခံရယူသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်ရှင်ဇာတ်ကားများ ဖလင်ဖြင့် ထုတ်လုပ်သည့်စနစ်မှ ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လုပ်သည့်စနစ်သို့ ပြောင်းလဲဆောင်ရွက်ခဲ့ရာမှ ရုပ်ရှင်ပိတ်ကားများ တိုးတက်လာမှု၊ ရုပ်ရှင်ဇာတ်ကားများ တိုးတက်ထုတ်လုပ်လာနိုင်မှု၊ ပြည်ပမှ တင်သွင်းသည့် ရုပ်ရှင်ဇာတ်ကားများ လျော့နည်းလာမှု၊ နိုင်ငံတော်မှ ရုပ်ရှင်ရုံသစ်များ ထပ်မံပေါ်ထွန်းလာရန် ရုပ်ရှင်ဇာတ်ကားများ တိုးမြှင့်ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေမှု၊ ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ တည်ထောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ မြန်မာ့ဂန္ထဝင် ရှေးဟောင်းဇာတ်ကားများ ထိန်းသိမ်းဆောင်ရွက်နေမှု၊ မြဂနိုင်ရုပ်ရှင်ဇာတ်ကားကို Save Myanmar Film (SMF) အဖွဲ့နှင့် ပူးပေါင်းတင်သွင်းခဲ့မှုနှင့် UNESCO စာရင်းဝင် (ဒေသအဆင့်) အသိအမှတ်ပြုလက်မှတ်အပ်နှံခံရမှု၊ ဆက်လက်၍ အောင်မြင်မှုများ ထပ်မံရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ထိုသို့ အသိအမှတ်ပြုနိုင်ရေးအတွက် အဘက်ဘက်မှ ပူးတွဲကူညီလုပ်ဆောင်ခဲ့သော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က UNESCO စာရင်းဝင် (ဒေသအဆင့်) အသိအမှတ်ပြုလက်မှတ်ရရှိအောင် ကူညီဆောင်ရွက်ပေးသည့် Save Myanmar Film ပရောဂျက်ဒါရိုက်တာ ဦးဥက္ကာကို ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မြဂနိုင်ရုပ်ရှင်ဇာတ်ကားကို မြန်မာနိုင်ငံအခြေစိုက် ပြင်သစ်သံရုံးနှင့် Memory Film Festival အဖွဲ့တို့ပူးပေါင်းပြီး Restoration ပြုလုပ်ခဲ့ကြောင်း၊ ၎င်းရုပ်ရှင်ဇာတ်ကားကို UNESCO မှ ကြီးမှူး၍ ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်တွင် ကမ္ဘာ့အမွေအနှစ်မှတ်တမ်း Memory of the World အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့စဉ် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Save Myanmar Film (SMF) တို့ပူးပေါင်း၍ MoW အမည်စာရင်းတင်သွင်းခဲ့ရာ UNESCO စာရင်းဝင်(ဒေသအဆင့်)အသိအမှတ်ပြုလက်မှတ် အပ်နှံခံရခြင်းဖြစ်ကြောင်း၊ ၎င်းအသိအမှတ်ပြုလက်မှတ်နှစ်ခုကို Save Myanmar Film (SMF)အဖွဲ့မှ ပရောဂျက်ဒါရိုက်တာ ဦးဥက္ကာထံ ယခုနှစ် ဇွန် ၆ ရက်တွင် ပေးအပ်ခဲ့ပြီး ယနေ့တွင် ၎င်းရုပ်ရှင်ဇာတ်ကား လက်ဝယ်ပိုင်ဆိုင်သူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးသင့်ပြည်သူများအတွက် ဂျပန်နိုင်ငံက ဆန်ရိက္ခာ တန်ချိန် ၅၀ ထောက်ပံ့လှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၈**

ကရင်ပြည်နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုတွင် ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ်အရန်ဆန်ရိက္ခာ အစီအစဉ်(၃)အရ ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာ တန်ချိန် ၅၀ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအခြေစိုက် APTERR အတွင်းရေးမှူးရုံး အကြီးအကဲနှင့် အလှူရှင် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် သက်ဆိုင်ရာ အလှူရှင်ကိုယ်စားလှယ်များက ဆန်ရိက္ခာ တန်ချိန် ၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ယာပုံ)**

အလားတူ မွန်ပြည်နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုတွင် ရေဘေးဒဏ်ခံခဲ့ရသည့် ပြည်သူများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ် အရန်ဆန်ရိက္ခာအစီအစဉ်(၃)အရ ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်ရိက္ခာတန်ချိန် ၃၆ တန်၊ စိုက်ပျိုးရေးဦးစီးဌာနမှ လှူဒါန်းသော မျိုးစပါး တင်း ၁၀၀၀၊ ကြက်သွန် ပိဿာ ၂၂၅၀ နှင့် UNICEF မှ ရေသန့်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံအခြေစိုက် APTERR အတွင်းရေးမှူးရုံးအကြီးအကဲနှင့် အလှူရှင် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် သက်ဆိုင်ရာ အလှူရှင်ကိုယ်စားလှယ်က ဆန်ရိက္ခာ ၃၆ တန်အား လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးလှကျော်က မျိုးစပါး တင်း ၁၀၀၀၊ ကြက်သွန် ပိဿာ ၂၂၅၀ နှင့် UNICEF မှ ရေသန့်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံများအကြား စားနပ်ရိက္ခာဖူလုံမှု အာမခံချက်ရရှိရန်နှင့် မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်ကျရောက်မှုဖြစ်ပေါ်ပါက ဒေသတွင်းအရေးပေါ် ဆန်အရန်ရိက္ခာ ဖြည့်တင်းထောက်ပံ့ကူညီပေးနိုင်ရန် ရည်ရွယ်၍ အာဆီယံ အပေါင်းသုံးနိုင်ငံ အရေးပေါ်ဆန်အရန်ရိက္ခာစီမံကိန်း သဘောတူညီချက်ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ကျင်းပခဲ့သည့် အာဆီယံနှင့် ဆွေးနွေးဖက် သုံးနိုင်ငံဝန်ကြီးများ၏ (၁၁)ကြိမ်မြောက် အစည်းအဝေး၌ လက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာနိုင်ငံသည်လည်း အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ယင်းသဘောတူညီချက်အရ အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့် မတည်ရန်ပုံငွေကို ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၈၃၀၀၀ နှင့် နှစ်စဉ်လုပ်ငန်းအကောင်အထည်ဖော် ကုန်ကျမှုစရိတ်ကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ နှုန်းဖြင့် ငါးနှစ်တာအတွက် အမေရိကန်ဒေါ်လာ ၃၀၀၀၀ ထည့်ဝင်ခဲ့သည်။

အာဆီယံအရန်ဆန်များကို အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျ လက်ခံသိုလှောင်သည့်စနစ်ကို ကျင့်သုံးခြင်းဖြစ်ပြီး ၎င်းစနစ်အရ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း အာဆီယံဒေသတွင်းနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းလာသည့် ဆန်တန်ချိန် ၅၀၀ ကို ၂၀၁၇ ခုနှစ် ဇွန် ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံများတွင် လည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်တွင် ဂျပန်နိုင်ငံမှ လှူဒါန်းလာသည့် ဆန်တန်ချိန် ၅၀၀ ကို ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်ရှိ သိုလှောင်ရုံများတွင် လည်းကောင်း သိုလှောင်ထားရှိခဲ့သည်။

အဆိုပါ ဆန်တန်ချိန် ၁၀၀၀ ကို မြန်မာနိုင်ငံရှိ သိုလှောင်ရုံများတွင် ၁၂ လထားရှိပြီး သဘာဝဘေးခံရသည့် အဖွဲ့ဝင်နိုင်ငံများသို့ စည်းကမ်းချက်များနှင့်အညီ ဖြန့်ဝေပေးရန်နှင့် ၁၂ လအတွင်း ကပ်ဘေး၊ အရေးပေါ် အခြေအနေကျရောက်ခြင်းမရှိပါက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အာဟာရဓာတ်ချို့တဲ့မှုပပျောက်ရေး စီမံကိန်း အဆိုပြုလွှာရေးသား၍ APTERR အတွင်းရေးမှူးရုံးသို့ တင်ပြအသုံးပြုရန်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးနှင့် စစ်ဘေးရှောင်ပြည်သူများအတွက် တာဝန်ရှိသူများက APTERR အတွင်းရေးမှူးရုံးသို့ တင်ပြပြီး ဆန်ရိက္ခာအထောက်အပံ့ ခံစားနိုင်ကြစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေါ်လာငွေတန်ဖိုးမြင့်တက်၍ ပြည်တွင်းစက်သုံးဆီဈေးကွက် ဂယက်

**ကမ္ဘာ့အင်အားကြီးနိုင်ငံ နှစ်နိုင်ငံ၏ ကုန်သွယ်ရေးယှဉ်ပြိုင်မှုကြောင့် နိုင်ငံတော်တော်များများတွင် ငွေကြေးမတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ပြီး အဆိုပါဂယက်ကြောင့် မြန်မာနိုင်ငံတွင်လည်း ဒေါ်လာငွေတန်ဖိုးမြင့်တက်ခဲ့ပြီး မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့သည်။**

**အဆိုပါဒေါ်လာငွေတန်ဖိုးမြင့်တက်ခဲ့ပြီး မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းမှုကြောင့် ပြည်ပမှ အများဆုံးမှာယူတင်သွင်းနေရသည့် စက်သုံးဆီဈေးကွက်တွင်လည်း ဂယက်ရိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ရာ ပြည်တွင်းတွင်ဖြန့်ဖြူးရောင်းချနေသည့် စက်သုံးဆီဈေးကွက်နှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံစက်သုံးဆီအသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။**


ဒေါက်တာဝင်းမြင့်

**မေး။ ။ အခုရက်ပိုင်းအတွင်းမှာ ဒေါ်လာဈေး မြင့်တက်ပြီး မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းနေတဲ့အတွက်ကြောင့် ပြည်ပက တင်သွင်းတဲ့ စက်သုံးဆီဈေးကွက်နဲ့ မြန်မာနိုင်ငံက စက်သုံးဆီဈေးကွက်အပေါ် ဘယ်လို ရိုက်ခတ်မှုတွေရှိလာနိုင်တယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာက အခုရက်ပိုင်းဖြစ်တဲ့ ဒေါ်လာဈေးနှုန်းလှိုင်းလုံးက အကြမ်းဆုံးပဲ။ ၁၅၀၀ ကနေ ၁၅၈၀ အထိ တက်တာဆိုတော့ တစ်ရက်ကို ၇၀၊ ၈၀ လောက်အထိ တက်သွားတယ်ဆိုတာ အကြမ်းဆုံးပဲ။ ရေနံစိမ်းဈေးက နိုင်ငံတကာဆီဈေးက အလယ်လောက်မှာပဲရှိသေးတယ်။ ငွေလဲလှယ်နှုန်းကပဲ အမြင့်ဆုံးရှိတယ်။ အရင်က တစ်ဒေါ်လာ မြန်မာငွေကျပ် ၁၄၀၀ ဖြစ်တဲ့ အချိန်နဲ့တွက်မယ်ဆိုရင်တောင် ဆီဈေးက နိမ့်သေးတယ်လို့ မြင်ပါတယ်။

ဒေါ်လာဈေးမြင့်တက်လာတဲ့ကိစ္စနဲ့တော့ ကျွန်တော် အမြဲတမ်း ပြောခဲ့ဖူးပါတယ်။ စက်သုံးဆီဆိုတာက ဒေါ်လာနဲ့ဝယ်ရတာ၊ စက်သုံးဆီ တစ်ဂါလန်ကို ဒေါ်လာ ဘယ်လောက်ကျတယ်ဆိုတာ ဖြစ်ပါတယ်။ ဒီမှာပြန်ရောင်းတဲ့အခါကျတော့ မြန်မာကျပ်ငွေနဲ့ ပြန်ရောင်းရတာပါ။ ပြန်ရောင်းတဲ့အခါကျတော့ Exchange Rate နဲ့ ပြန်တွက်ပြီး ရောင်းရတာပါ။ ရောင်းတဲ့ဈေးတွေက နိုင်ငံခြားငွေလဲနှုန်းအပေါ်မှာ မူတည်ပါတယ်။ တစ်ခါတစ်ခါကျရင်တော့ ချက်ချင်းကြီးတော့လည်း သက်ရောက်မှု မရှိပါဘူး။ ဒေါ်လာဈေး ဒီနေ့ ဆယ်ဒေါ်လာတက်သွားလို့ စက်သုံးဆီဈေးက ချက်ချင်းမတက်ပါဘူး။ ဒေါ်လာဈေးကျသွားရင်လည်း ဆီဈေးက ချက်ချင်းမကျပါဘူး။ တချို့ကတော့ ပြောကြတယ်။ ဒေါ်လာဈေးတက်ရင် စက်သုံးဆီဈေးက ချက်ချင်းတက်တယ်။ ဒေါ်လာဈေးကျရင် ဆီဈေးက မကျဘူးပြောကြတယ်။ အဲဒီလိုမဟုတ်ပါဘူး။ တက်ရင်လည်း ချက်ချင်းမတက်ဘူး။ တစ်ရက်၊ နှစ်ရက် စောင့်ကြည့်ပါတယ်။ ဘာလို့လဲဆိုတော့ ဒေါ်လာဈေး ပြန်များကျမလား ဆိုပြီးတော့။ တက်ရင်လည်း ထိုနည်းတူစွာပါပဲ။

ဒေါ်လာဈေးတွေ တက်လာတဲ့အခါမှာ စက်သုံးဆီဈေးတွေလည်း ထိုက်သင့်အားလျော်စွာ တက်တာဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ စက်သုံးဆီရောင်းလို့ရလာတဲ့ ကျပ်ငွေတွေကို ဆီပြန်ဝယ်တဲ့အခါ ဒေါ်လာလိုပါတယ်။ ဒီရက်ပိုင်းမှာလည်း စက်သုံးဆီဈေးက နေ့စဉ် ဒေါ်လာဈေး ပြောင်းလဲတဲ့အပေါ်မူတည်ပြီး လိုက်ပြီးတက်သွားတာလေးတွေ ရှိပါတယ်။ ဒါကတော့ ငွေလဲမှုနှုန်းတက်သွားတယ်ဆိုတဲ့ အကျိုးသက်ရောက်မှုပါ။

**မေး။ ။ ဒေါ်လာဈေးတက်လာတဲ့အပေါ်မှာ စက်သုံးဆီဈေးနှုန်းနဲ့ပတ်သက်ပြီး သုံးစွဲသူတွေအဆင်ပြေစေဖို့ အသင်းအနေနဲ့ ညှိနှိုင်းဆောင်ရွက်နေတာ ရှိပါသလား။**

ဖြေ။ ။ အသင်းမှာ အခြေခံမူရှိပါတယ်။ နံပါတ်(၁)က စက်သုံးဆီလုပ်ငန်းက ဈေးကွက်စီးပွားရေးစနစ်နဲ့ အညီသွားရမယ်ဆိုတဲ့ အခြေခံမူရှိပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာတော့ စက်သုံးဆီလုပ်ငန်းကို နိုင်ငံသားတိုင်း လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရရှိရမယ်ဆိုတဲ့မူထားပါတယ်။ ပြီးသွားရင် ဈေးကွက်စီးပွားရေးစနစ်အရ စက်သုံးဆီဈေးနှုန်းတွေကိုလည်း ဈေးကွက်မှာ နိုင်ငံတကာမှာဖြစ်ပေါ်တဲ့ ဈေးကွက်နဲ့အညီပါပဲ။ စက်သုံးဆီဈေးနှုန်းကို မလိုအပ်ဘဲ ထိန်းချုပ်မှုမလုပ်ပါဘူး။

အခုလိုမျိုး ဒေါ်လာဈေး ကမောက်ကမဖြစ်တယ်ဆိုရင်တော့ ထိန်းကျောင်းဖို့ လိုကောင်းလိုလာနိုင်တယ်။ အဲဒါကိုစောင့်ကြည့်နေပါတယ်။ ဒေါ်လာဈေးတော့ သွားထိန်းလို့မရဘူး။ လုပ်ပိုင်ခွင့်ထဲမှာလည်း မရှိဘူး။ လက်ရှိ ဆီဆိုင်တွေမှာ ရောင်းနေတဲ့ ဆီဈေးနှုန်းတွေ သတင်းကို တောက်လျှောက်ယူတယ်။ ပြီးတော့မှ ပြောင်းလဲနေတဲ့ငွေဈေးကိုကြည့်ပြီး စက်သုံးဆီအသင်းရုံးမှာ ဝန်ထမ်းတွေကို တောက်လျှောက်ကြည့်ခိုင်းထားပါတယ်။ ကျွန်တော်တို့မှာ ဖြစ်သင့်တဲ့ဈေးတွက်တဲ့ ဖော်မြူလာ ရှိပါတယ်။ လက်ရှိ ဒေါ်လာဈေးနဲ့ဆိုရင် အရင်းက ဘယ်လောက်ကျတယ်။ ရောင်းတာကဘယ်လောက်ရှိတယ်။ အကျိုးအမြတ်က ဘယ်လောက်။ မနေ့ကအချိန်အထိ၊ ဒီနေ့ မနက်အထိတော့ လက်ရှိဖြစ်ပေါ်နေတဲ့ ဒေါ်လာဈေးနဲ့တွက်မယ်ဆိုရင် ရောင်းတဲ့စက်သုံးဆီဈေးတွေက နိမ့်တောင်နိမ့်နေပါသေးတယ်။ အဲဒီလိုမျိုးမှာ သွားရောက်ပြီး ဟန့်တားမှုမလုပ်ပါဘူး။ လုပ်လို့ရှိရင် မလိုလားအပ်တဲ့ မှောင်ခိုဈေးကွက်ဖြစ်ပြီး စက်သုံးဆီပြတ်လပ်မှုတွေ ဖြစ်သွားနိုင်တယ်။ ဖြစ်သင့်တဲ့အမြတ်နှုန်းထားထက် များလာပြီဆိုရင် အသင်းက ညှိနှိုင်းပါတယ်။ လုပ်ငန်းရှင်တွေကိုတွေ့ဆုံပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်ကြရအောင် ဆိုပြီး ညှိနှိုင်းမှု လုပ်ပါတယ်။ လုပ်လည်း လုပ်ခဲ့ဖူးပါတယ်။ တစ်ခါတစ်ရံ ကျတော့လည်း အမှုမဲ့အမှတ်မဲ့ စိုးရိမ်စိတ်နဲ့ လွတ်သွားတဲ့ အနေအထားမျိုးတွေ၊ ဈေးနှုန်းတွေဆိုရင် ပြန်လည်ညှိနှိုင်းမှု လုပ်ပါတယ်။ အခုထိတော့ အဲဒီလို ဆောင်ရွက်ရမယ့် အနေအထားမျိုး မဖြစ်သေးပါဘူး။ ဈေးတွေတော့ တက်သွားတာမှန်တယ်။ တက်သွားတဲ့ ဈေးတွေဟာ တစ်ဖက်က ပြောင်းလဲသွားတဲ့ ငွေလဲနှုန်းတွေနဲ့ လိုက်လျောညီထွေစွာပဲ ဖြစ်နေပါသေးတယ်။

**မေး။ ။ ဒေါ်လာဈေးက လက်ရှိထက် ဆက်တက်နေမယ်၊ မြန်မာငွေတန်ဖိုး ဆက်ကျနေမယ်ဆိုရင် စက်သုံးဆီလုပ်ငန်းအပေါ် ရိုက်ခတ်နိုင်မှုက ဘယ်လောက်အထိ ရှိလာနိုင်သလဲ။**

ဖြေ။ ။ ပြောရမယ်ဆိုရင်တော့ ကုန်သည်တွေပါ။ စက်သုံးဆီတွေဟာ အရင်တုန်းကထက်စာရင် နိုင်ငံတကာရောင်းဝယ်မှု ဈေးကွက်မှာ ခြေလှမ်းတွေ နှစ်ဆင့်သုံးဆင့်လောက် လှမ်းနိုင်ခဲ့တယ်။ အရင်တုန်းက စက်သုံးဆီဝယ်ရင် ပိုက်ဆံကြိုပေးရတယ်။ ငွေကြိုပေးမှ စက်သုံးဆီပို့ပေးတယ်။ အခုကျတော့ ဘဏ်တွေက အာမခံတယ်။ ဘဏ်တွေမှာ ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုတွေ ထားရတယ်။ ဟိုဘက်နိုင်ငံတွေက ကျွန်တော်တို့ကို ရက် ၃၀၊ ရက် ၆၀ အကြွေးပေးတဲ့အခါကျတော့ ကျွန်တော်တို့က လည်း ယူပြီး ဒီဘက်မှာ ရင်းနှီးမြှုပ်နှံသူတွေကို အကြွေးပြန်ပေးတယ်။ ရောင်းစဉ်အခါတုန်းက ပြီးခဲ့တဲ့ တစ်လ၊ နှစ်လက ရောင်းခဲ့တာ။ အဲဒီပိုက်ဆံတွေက မရသေးဘူး။ ရောင်းထားတဲ့ ဆီဖိုးငွေ ပိုက်ဆံတွေရလာတော့ အကြွေးဆပ်မယ်ဆိုတော့ ဒေါ်လာဈေးတက်နေတဲ့အချိန်လည်းဆိုရော ဆုံးရှုံးမှုတွေကြီးပါတယ်။ ဒါက ပထမဆုံး ရင်ဆိုင်ရတဲ့ အခက်အခဲ။ အဲဒီအခက်အခဲက အဆုံးရှုံးခံလိုက်ရင် ရသေးတယ်။ တစ်ဦးချင်းအနေနဲ့ ဆုံးရှုံးတာပဲရှိတယ်။ ယန္တရားကြီးတစ်ခုလုံး မထိခိုက်သေးဘူး။

ဒီထက်ပိုဆိုးတာက ဒေါ်လာဈေးက တက်ပြီးရင်း တက်ရင်းဖြစ်တဲ့အခါကျတော့ ရောင်းတဲ့သူက မရောင်းချင်တော့ဘူး။ ဒီနေ့သူရောင်းလိုက်ရင် နောက်နေ့ ရောင်းလိုက်တဲ့ပစ္စည်းတန်ကြေးက ရှုံးသွားပြီ။ ထပ်ပြီး တက်လာဦးမလားဆိုပြီး မျှော်ကြတယ်။ မျှော်တဲ့အခါကျတော့ ရောင်းတဲ့သူကမရှိ။ ဝယ်ရတာ ပိုခက်လာတယ်။ ဝယ်လို့မရတော့ဘူးဆိုရင် ဆီတင်သွင်းတာတွေ အခက်အခဲတွေဖြစ်လာပြီ။ ဆီဖိုးမပေးနိုင်ရင် နောက်ပိုင်း ဆီတင်သွင်းမှုတွေမှာ အခက်အခဲတွေဖြစ်လာနိုင်ပါတယ်။

ဒီနေ့လောက်၊ မနေ့ကလောက်မှာဖြစ်လာတဲ့ ကိစ္စတွေကတော့ စက်သုံးဆီက သင်္ဘောတွေလာပြီဆိုရင် ဒေါ်လာပေးရတယ်။ ပိုက်ဆံပေးရတာပါ။ အဲဒီအခါမှာ ရောက်လာတဲ့ သင်္ဘောတွေကို ပိုက်ဆံပေးဖို့အတွက် မြန်မာငွေတွေကို ဒေါ်လာ ပြန်လဲရတယ်။ ငွေလဲလှယ်မှု လုပ်တဲ့အခါ လဲလှယ်ဖို့ အခက်အခဲတွေ ဖြစ်လာတယ်။ ဈေးတွေကလည်း အလွန်တက်တယ်။ ဈေးတက်တဲ့ အခါကျတော့ တွက်လို့ကိုမရတော့ဘူး။ အဆိုးဆုံးကတော့ ဒီနေ့လောက်ဆို လဲလှယ်လို့ကိုမရတော့ဘူး။ ဆီသင်္ဘောကလည်း ဝင်လာပြီ။ ၂၀ ရာခိုင်နှုန်းလောက် ပေးရမယ့်ဟာက မပေးနိုင်ရင် ဆီသင်္ဘောက ကျွန်တော်တို့ကို ဆီချမပေးတော့ဘူး။ တော်တော်လေးတော့ အခက်အခဲတွေ ရင်ဆိုင်ရနိုင်ပါတယ်။

**မေး။ ။ ဒေါ်လာဈေးတက်ရတဲ့ အကြောင်းအရင်းနဲ့ အိမ်နီးချင်းနိုင်ငံတွေမှာပါ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေ သုံးသပ်ပေးပါ။**

ဖြေ။ ။ အိမ်နီးချင်းနိုင်ငံတွေရဲ့ ဈေးကွက်ကိုတော့ သိပ်မကြည့်ဖြစ်သေးပါဘူး။ ကြားရတဲ့သတင်းတွေအရဆိုရင်တော့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးမူဝါဒ အပြောင်းအလဲ။ အထူးသဖြင့်တော့ တရုတ်နဲ့ကုန်သွယ်ရေး ပြိုင်ဆိုင်မှုလုပ်ကြတယ်။ လုပ်တဲ့အခါမှာ ပြောင်းလဲလာတဲ့ ဂယက်ကနေ ဒီကိုလာ ရိုက်ခတ်တာပါ။ အဲဒီလို ကျွန်တော်တို့နားလည်ထားပါတယ်။ နိုင်ငံသုံးလေးနိုင်ငံလောက်ကတော့ တော်တော်ဆိုးဆိုးရွားရွားဖြစ်သွားတယ်လို့ ကြားတယ်။ နိုင်ငံတွင်းမှာရှိတဲ့ ငွေလဲလှယ်မှုနှုန်း မူဝါဒ ကိုင်တွယ်တဲ့နေရာမှာ နိုင်ငံတိုင်းက ဗဟိုဘဏ်တွေကို တာဝန်ပေးပြီးလုပ်ခိုင်းတယ်။ လုပ်ခိုင်းတဲ့အခါမှာ ဗဟိုဘဏ်ကို ကိုင်တွယ်ရတဲ့သူတွေရဲ့ အရည်အချင်းနဲ့ သူတို့ရဲ့အတွေးအခေါ်က တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူဘူး။ မတူတဲ့အခါကျတော့ ပြောမယ်ဆိုရင်တော့ ကုန်သွယ်မှု FREE ပါ။ လွတ်လပ်မှုကို လူတိုင်းက ကြိုက်တယ်။ FREE ကိုသဘောကျတဲ့ နိုင်ငံတွေကတော့ ဒုက္ခရောက်သွားတယ်လို့ ကြားတယ်။

**မေး။ ။ အခုလိုဖြစ်လာတဲ့အခြေအနေမှာ ဘယ်လိုနည်းလမ်းတွေက အကောင်းဆုံးဖြေရှင်းနိုင်မယ်လို့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ထင်မြင်မိပါသလဲ။**

ဖြေ။ ။ နိုင်ငံတစ်နိုင်ငံရဲ့ငွေလဲလှယ်နှုန်းက ကျသွားတာကောင်းသလား၊ တက်သွားတာကောင်းသလား၊ တည်ငြိမ်နေတာကောင်းသလားဆိုတဲ့အခြေအနေ သုံးမျိုးရှိပါတယ်။ ထုတ်လုပ်သူတွေကိုမေးရင် တက်တာကောင်းတယ်၊ သုံးစွဲသူမေးရင် ကျတာကောင်းတယ် ပြောမယ်။ အားလုံးကတော့ တည်ငြိမ်နေတာ အကြိုက်ဆုံးပါ။ ကျွန်တော်တို့နိုင်ငံက ဒီငွေကြေးနဲ့ပတ်သက်ပြီး ပြတ်သားတဲ့ မူဝါဒ အရင်ကတည်းက မရှိခဲ့ဘူး။ လုံးဝကြီး ပုံသေ ငွေလဲလှယ်မှုနှုန်းစနစ် မဖြစ်ရင်တောင် တတ်နိုင်သမျှ တည်ငြိမ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာ အဖြေရှာဖို့ လိုပါတယ်။ အစိုးရက ဆောင်ရွက်ပေးပြီးတော့ ထိန်းညှိပေးမယ်ဆိုရင် တိုင်းပြည်အတွက် ပြဿနာတစ်ရပ်က တော်တော်လေး ငြိမ်းသွားမယ်လို့မြင်ပါတယ်။

လက်တွေ့လုပ်ဆောင်စေချင်တာကို ပြောရမယ်ဆိုရင် ဒီနေ့ ဒေါ်လာဈေးတွေတက်နေတယ်ဆိုရင် နိုင်ငံတော်အစိုးရက တာဝန်ပေးထားတဲ့ ဗဟိုဘဏ်ကနေ ရောင်းပေးပါ။ ရောင်းတဲ့အခါမှာ ဘဏ်တွေကို ရောင်းမပေးပါနဲ့။ ရောင်းတဲ့အချိန်မှာ ဗဟိုဘဏ်က ဒေါ်လာဈေးကို တစ်လအတွင်း ဘယ်နှုန်းအထိ ကျသွားအောင် ဆောင်ရွက်မယ်ဆိုတာ အပြတ်ကြေညာလိုက်ပါ။ ပြီးသွားရင် ဥပမာ ဒီနေ့ ၁၅၀၀ နဲ့ရောင်းတယ်ဆိုပါတော့။ မနက်ဖြန်ကျရင် ဈေးထပ်လျှော့ရောင်းမယ်။ နောက်ရက်တွေလည်း ဈေးထပ်လျှော့ပြီး ရောင်းမယ်ဆိုရင် လိုအပ်တဲ့သူပဲ ဝယ်တော့မယ်။ မလိုတဲ့သူက မဝယ်တော့ဘူး။ အဲဒီလိုဆို ဝယ်လိုအားက ကျသွားမှာဖြစ်ပါတယ်။

ဗဟိုဘဏ်ကရောင်းပေးတဲ့အခါမှာ လက်ရှိ တကယ်သွင်းကုန်လုပ်ငန်းရှင်တွေ၊ လိုအပ်တဲ့လူတွေကို စနစ်တကျ ရောင်းပေးလိုက်ပါ။ စနစ်တကျနဲ့ရောင်းပေးလိုက်ရင် ဈေးတက်စရာမရှိတော့ဘူး။ ကြားထဲက ကိုင်ထားမယ့် လူကလည်း မဝယ်ရဲဘူး။ နောက်နေ့ ဗဟိုဘဏ်က ဆက်ပြီး ဈေးနှုန်းချမယ်ဆိုတဲ့အခါကျတော့ သေချာတယ် နောက်နေ့ကျမှာဆိုရင် မလိုအပ်သေးတဲ့သူက မဝယ်တော့ဘူး။ ဒါက ရေတိုကုစားခြင်းပါ။

ရေရှည်အနေနဲ့က တောက်လျှောက် နိုင်ငံတော်ဗဟိုဘဏ်ကပဲ ရောင်းဈေး၊ ဝယ်ဈေးဖွင့်ပြီး နိုင်ငံခြားငွေကို ဗဟိုဘဏ်ကပဲ ဝယ်လိုက်ရင် ဈေးတက်စရာမရှိဘဲ ပြေလည်သွားနိုင်လိမ့်မယ် ထင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း-သီသီမင်း၊ ဓာတ်ပုံ-နေလင်း**

## သန်လျင်မြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၁၈**

အမှတ်(၈) ယာဉ်ထိန်းရဲဒုတိယတပ်ဖွဲ့ခွဲ (ရန်ကုန်တောင်ပိုင်းခရိုင်) ဒုတိယ တပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီး ဦးစီးသော ယာဉ်ထိန်းရဲတပ်ဖွဲ့က ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရှပ်ရှင်သရုပ်ဆောင် သားညီနှင့် ရှပ်ရှင်အဖွဲ့သားများ ပူးပေါင်းပြီး ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းနှင့် ခရမ်းသုံးခွလမ်းဆုံအနီးတွင် မော်တော်ဆိုင်ကယ်စီးနင်းသူ ၂၃၀ အား ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းစေရန် အသိပညာပေး ဆွေးနွေးခြင်း၊ ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်များတွင် ညကြည့်ရောင်ပြန်စတစ်ကာများ ကပ်ပေးခြင်း၊ ပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



## ခေါ်ဇာမြို့၌ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၈**

မွန်ပြည်နယ် ခေါ်ဇာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ယနေ့ နံနက် ၁၁ နာရီက ကလေးများ ဉာဏ်ရည်မြင့်မားလာစေရန်နှင့် စာကြည့်တိုက်ကို အသုံးပြုတတ်စေရန်ရည်ရွယ်ပြီး ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ခေါ်ဇာမြို့ အခြေခံပညာအထက်တန်းကျောင်းမှ တတိယတန်းကျောင်းသား ကျောင်းသူ ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသော ကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခေါ်ဇာ(ပြန်/ဆက်)**

# ကျွမ်းကျင်မှုအခြေပြု သက်မွေးပညာသင်တန်းများဖွင့်ပွဲအခမ်းအနား ကျင်းပ

**မောင်တော ဩဂုတ် ၁၈**

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကျွမ်းကျင်မှုအခြေပြုသက်မွေးပညာသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက မောင်တောဒေသသည် နယ်စပ်ဒေသဖြစ်သည့်အလျောက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသော ဒေသဖြစ်ပါကြောင်း၊ ထိုကဲ့သို့ဒေသတွင် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုလိုအပ်ပါကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွမ်းကျင်ဝန်ထမ်းမရှိသည့်အတွက် များစွာအခက်အခဲဖြစ်ရပါကြောင်း၊ ထိုအခက်အခဲများ ပြေလည်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ နည်းပညာနှင့် သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း သက်ဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်စေရန် လေ့လာသင်ယူ၍ မိမိတို့ ရရှိသည့်ပညာများဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးရှိ သက်မွေးပညာသင်ယူလိုသူများကို နည်းပညာ၊ သက်မွေးပညာရပ်များ တစ်နှစ်ထက်တစ်နှစ်ပိုမိုသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်ကြားပို့ချပေးလျက်ရှိသည့် သင်တန်းများ အရည်အသွေးမြင့်တင်နိုင်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ကျွမ်းကျင်မှုအခြေပြု သက်မွေးပညာသင်တန်းများသည် မောင်တောမြို့၌ ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၁၀ ရက်ကြာ သင်ကြားသွားမည့် ကာလတိုသင်တန်းဖြစ်ကာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀ တက်ရောက်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုဖွင့်လှစ်သည့် သင်တန်းနှင့်ပတ်သက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း (စစ်တွေ) ကျောင်းအုပ်ကြီး ဦးမင်းဇော်ဦးက "မောင်တောမြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံပြည်သူတွေအနေနဲ့ သက်မွေးပညာဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိစေဖို့ ရည်ရွယ်ဖွင့်လှစ်တာဖြစ်ပါတယ်။ ဒီသင်တန်းမှာဆိုရင် အခြေခံအုတ်စီပန်းရန်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနဲ့ ဆိုင်ကယ်ပြင်သင်တန်းဆိုပြီး သင်တန်းသုံးခု ဖွင့်လှစ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီသင်တန်းမဖွင့်ခင်အချိန်ကတည်းက ဒေသခံတွေရဲ့ သင်ကြားလိုတဲ့သင်တန်း အမျိုးအစားတွေကို ဆန္ဒကောက်ခံပြီး ဒီသင်တန်းအမျိုးအစား သုံးခုကို ဖွင့်လှစ်သင်ကြားပေးတာဖြစ်ပါတယ်"ဟု ပြောသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးအောင်ကျော်ဇံ၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ- ရာမညာ၊ မျိုးသူဟိန်း**

# "နာနာဘာဝချစ်သူ" ဟာသဝိညာဉ်ရုပ်ရှင်ဇာတ်ကား လာမည့် ဩဂုတ် ၂၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်



ဒါရိုက်တာ ဩရသ



အကယ်ဒမီ ဗေလုဝ



ထိုင်းမင်းသမီး ပတ်ချာရာတူသောင်



သရုပ်ဆောင် ဆင်မ



သရုပ်ဆောင် ညီထွဋ်ခေါင်



သရုပ်ဆောင် ကျော်ကျော်

Myanmar Media 7 ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ဩရသ ဖန်တီးပုံဖော်ထားသည့် "နာနာဘာဝချစ်သူ" ဟာသဝိညာဉ်ဇာတ်လမ်းရုပ်ရှင်ဇာတ်ကားအထူးပွဲကို ဩဂုတ် ၁၇ ရက် ညနေပိုင်းက ရန်ကုန်မြို့ ဒေါပုံမြို့နယ်ရှိ Mega Ace(Capital) ၌ ပြုလုပ်ခဲ့သည်။

**ပါဝင်အားဖြည့်ထား**

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် ဗေလုဝ၊ ညီထွဋ်ခေါင်၊ ကျော်ကျော်၊ အရိုင်း၊ ထိုင်းမင်းသမီး ပတ်ချာရာတူသောင်နှင့်အတူ ဆင်မ၊ ညီကျော်၊ အောင်သော်၊ မျောက်ရှုံး၊ ကျင်ဝှက်၊ ကြာစိ၊ အောင်မော်၊ စိန်သီး၊ ကြယ်သီး၊ ရွှေအိုး၊ မျိုးမျိုးခိုင်၊ နန်းထိပ်ထားစံနှင့် waiလျှံ စသည့် အနုပညာညီအစ်ကိုမောင်နှမများက ပါဝင်အားဖြည့်ထားကြသည်။

အိမ်တစ်လုံးပိုင်နိုင်ရန် ရည်ရွယ်ပြီး ဂျပန်တွင် အလုပ်လုပ်ရင်း ငွေစုခဲ့သည့် ချမ်းမြေ့(ဗေလုဝ)သည် သူငယ်ချင်းပွဲစား လိုက်လံပြသသည့် အိမ်ကိုဝယ်ယူခဲ့ရာ ထိုအိမ်မှာ သရဲအလွန်ခြောက်သောအိမ်ဖြစ်နေသည်။ သေရွာပြန်ဖြစ်ပြီး ဝိညာဉ်များနှင့် စကားပြောနိုင်သော ကိုဗညား(အရိုင်း)က ချမ်းမြေ့အား အနှောင့်အယှက်ပေးနေသည့် နာနာဘာဝ ထိုင်းသရဲမလေးကွန်ယက်(ပတ်ချာရာတူသောင်)နှင့် ချမ်းမြေ့တို့အကြား အဆင်ပြေစေရန် ကူညီခဲ့သည်။ အိမ်ပြန်ရောင်းချင်နေသည့် ချမ်းမြေ့တစ်ယောက် တစ်နေ့တွင် ဓာတ်လိုက်ရင်း ဆေးရုံရောက်ရာမှ နာနာဘာဝများကို မြင်ခွင့်ရသွားခဲ့သည်။ ထို့ကြောင့် ချောမောလှပသော ထိုင်းသရဲမလေးကို မကြောက်တော့ဘဲ အချစ်စိတ်မွန်ပြီး သရဲမလေးအားချစ်ခွင့်ကို ကိုဗညားမှတစ်ဆင့် ပြောခိုင်းရာမှ သရဲမလေးနှင့်သူ၏ချစ်သူ ချစ်ရင်ထူး (ညီထွဋ်ခေါင်)တို့၏ ကြေကွဲဖွယ်ရာ အချစ်ဇာတ်လမ်းကို သိရှိသွားသည်။ ထိုမှ ချစ်သူနှစ်ဦး ပြန်လည်ပေါင်းဖက်နိုင်ရန် ကူညီပုံများကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည်။

ငယ်ရွယ်ပြီးချောမောလှပသည့် သရဲမလေးနေရာတွင် ထိုင်းနိုင်ငံမှ မင်းသမီးငယ်လေး ပတ်ချာရာတူသောင်ကို သရုပ်ဆောင်စေကာ မင်းသားနေရာတွင် နာမည်ကျော်သရုပ်ဆောင် ဦးဗေလုဝကို သရုပ်ဆောင်စေခြင်းကလည်း ဇာတ်ကား၏ ထူးခြားချက်ပင်ဖြစ်သည်။

ဒါရိုက်တာ ဩရသက "Media 7 က ဦးဗေကို ခေါင်းဆောင်အဖြစ်ရိုက်ချင်တယ်ဆိုတော့ လုပ်ပေါ့၊ မင်းသမီးချောချောလေးနဲ့ တွဲမယ်ဆိုပြီး စဉ်းစားရာကနေ ထိုင်းကနေ မင်းသမီးအငယ်လေးတစ်ယောက်ကို တွဲပြီးရိုက်လိုက်ရင် ပိုပြီးတော့ ဆန်းသစ်နိုင်တယ်၊ ပိုပြီးတော့ ပရိသတ်စိတ်ဝင်စားနိုင်တယ်ဆိုပြီးတော့ ရိုက်ဖြစ်ခဲ့တာပါ"ဟု ပြောသည်။

ချမ်းမြေ့အဖြစ် သရုပ်ဆောင်သည့် ဦးဗေလုဝက "ဇာတ်လမ်းလေး ဖတ်ပြီးအားရတာနဲ့ ရိုက်ဖြစ်သွားတာပါ။ ဒါရိုက်တာကလည်း ဒီဇာတ်လမ်းလေးကို ပြောနေတာကြာပြီ။ ကျွန်တော်လုပ်ချင်တဲ့ အလွမ်းလေးတစ်ခု လုပ်ခွင့်ရခဲ့တာကတော့ အမှတ်တရပါပဲ။ နိုင်ငံခြားမင်းသမီးနဲ့လည်း တစ်ခါမှမရိုက်ဖူးဘူး။ အချစ်ခန်းတွေ ရိုက်တဲ့အချိန်မှာ တစ်ပြည်သူလေးကို နည်းနည်းတော့ အားနာတယ်။ ဒီကားမှာက သရဲကိုမြင်ပြီး ချစ်မိရာကနေ သရဲက ပြန်ကြောက်ရတဲ့လူအဖြစ် သရုပ်ဆောင်ထားပါတယ်"ဟု ပြောသည်။

ဇာတ်ကားထဲတွင် ချစ်သူနှင့်အတူနေထိုင်ခဲ့သည့် အိမ်တွင် ဝိညာဉ်ဘဝဖြင့် ချစ်သူကိုစောင့်စားနေခဲ့ပြီး မိမိနေထိုင်ရာအိမ်သို့ တခြားသူလာနေမည်ကို မနှစ်မြို့သူအဖြစ် ခြောက်လှန့်နေခဲ့သည့် ထိုင်းမင်းသမီး ပတ်ချာရာတူသောင်၏ သရုပ်ဆောင်မှုများကို သနားစရာ ဝိညာဉ်မလေးအဖြစ်တစ်ဖုံ၊ ကြောက်မက်ဖွယ် သရဲမလေးအဖြစ် တစ်သွယ် မြင်တွေ့ရမည်ဖြစ်သည်။

**စိတ်လှုပ်ရှားမှုရှိ**

"ဒီကားမှာ သရဲနေရာကနေ သရုပ်ဆောင်တာပါ။ သရဲဇာတ်ဆောင်အဖြစ် ရိုက်တာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း သရဲကြောက်တဲ့အတွက်ကြောင့် စိတ်လှုပ်ရှားမှု အနည်းငယ်ရှိခဲ့ပါတယ်။ ဒီဇာတ်ကားမှာ သရဲက လူကိုပြန်ကြောက်ရတဲ့ ဟာသပုံစံလေးရိုက်ထားတာ။ ဘာသာစကားကလွဲလို့ ကျန်တာ အခက်အခဲမရှိခဲ့ပါဘူး။ အကောင်းဆုံးတော့ ကြိုးစားထားပါတယ်။ ဦးဗေနဲ့ သရုပ်ဆောင်ရတာ အလွန်ပျော်ဖို့ ကောင်းပါတယ်"ဟု ထိုင်းမင်းသမီး ပတ်ချာရာတူသောင်က ပြောသည်။

ဝိညာဉ်လောက၏အကြောင်းများကို စုံစမ်းထောက်လှမ်းနေသည့် ဆားပုလင်းနှင်းဆောင်အဖြစ် သရုပ်ဆောင်ထားသည့် ဆင်မနှင့် သူ၏ ဝိညာဉ်အပေါင်းအဖော်များ၏ သရုပ်ဆောင်မှုများကလည်း ဇာတ်ကားတစ်ကားလုံး မငြီးငွေ့အောင် အရွှန်းအဖောက်ကလေးများဖြင့် သရုပ်ဆောင်ထားသည်ကို ကြည့်ရှုရမည်ဖြစ်သည်။

"ဒီကားမှာ ကျွန်တော်က ဝိညာဉ်ဆားပုလင်းစုံထောက် တစ်ယောက်ပါ။ အမှတ်တရကတော့ ဒီကားထဲမှာ ရေခဲတောင်စီးကရက်ကို သောက်ရတယ်။ အဲဒီစီးကရက်မရှိတော့ ခပေါင်းဆေးလိပ်ကို ဖွာရတယ်။ ခဏခဏ ချောင်းဆိုးတယ်။ ဒီကားမှာ မင်းသားကလည်း ထူးခြားတယ်လေ ကိုဗေနဲ့ ဒီကမင်းသမီးနဲ့ တွဲမယ့်အစား ထိုင်းမင်းသမီးနဲ့တွဲ လိုက်တယ်။ ဒီကားလေးက ဟာသကို အများဆုံး ပေးစွမ်းတဲ့ဇာတ်ကားလေးပါ။ ကိုဗေက ဒီအိမ်ကြီးကို သွားဝယ်မယ်။ အဲဒီအိမ်မှာမှ ဝိညာဉ်ရှိနေတာ။ နောက်ပိုင်း ဝိညာဉ်ရဲ့ဘဝလေးကို သိလာတော့ သနားလာတယ်။ အဲဒီမှာကူညီကြတယ်။ ကျွန်တော်တို့ကလည်း ဝိညာဉ်စုံထောက်တွေဆိုတော့ ဝိုင်းကူညီကြတယ်။ ဟာသကားဖြစ်ပေမယ့် ပရိသတ်တွေကို အကောင်းဆုံး ရသတစ်ခုပေးမှာပါ"ဟု ဆင်မက ပြောသည်။

ထို့အပြင် ဝိညာဉ်များကို မြင်တွေ့ခွင့်ရပြီး ပြောဆိုဆက်သွယ်နိုင်သည့် ကိုဗညားအဖြစ် သရုပ်ဆောင်ထားသည့် ဦးအရိုင်း၏ သရုပ်ဆောင်မှုများကိုလည်း ကျေနပ်နှစ်သက်ဖွယ် ကြည့်ရှုရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားထဲတွင် ကျော်ခေါင်အဖြစ် သရုပ်ဆောင်ထားသည့် ကျော်ကျော်က "ကျွန်တော်က ဗီလိန်သဘောမျိုး သရုပ်ဆောင်ထားတာပါ။ ထိုင်းမင်းသမီးနဲ့ ညီထွဋ်ခေါင်ကို မကျေနပ်ဘူး၊ အမုန်းတရားတွေ ကြီးထွားနေတဲ့လူနေရာကနေ သရုပ်ဆောင်တာပါ။ ဒီကားမှာ မင်းသားက ဦးဗေ၊ ဒီကားရဲ့ အနှစ်သာရကိုက အလွန်ချောတဲ့ကောင်မလေးရယ်၊ မင်းသားရယ် မတူညီတဲ့ နှစ်ခုကိုတွဲပြီး ရိုက်ပြထားတာပါ။ မလိုမုန်းတီးတဲ့ စိတ်တွေက မကောင်းဘူး၊ ချစ်ခြင်းမေတ္တာကအရေးကြီးတယ်။ ဒါမျိုးလေးပါပဲ။ ဖျော်ဖြေရေးရုပ်ရှင်ဇာတ်ကား တစ်ကားပါ"ဟု ပြောသည်။

**ဝိညာဉ်ချင်းပေါင်းဖက်**

ချစ်သူထိုင်းမလေးနှင့် အကြောင်းပါခဲ့ပြီး ရွှေလက်တွဲခွင့်ရခဲ့သော်လည်း ပျားရည်ဆမ်းခရီးထွက်သည့်နေ့တွင် လမ်းတွင် ကားမတော်တဆဖြစ်ခဲ့ပြီး ချစ်သူကသေဆုံး၊ မိမိမှာ ဆေးရုံပေါ်တွင် တစ်နှစ်နီးပါး သတိလစ်မေ့မြောနေကာ နောက်ဆုံး မိမိချစ်သူနှင့် ဝိညာဉ်ချင်းပေါင်းဖက်နိုင်ခဲ့သည့် ချစ်ရင်ထူးအဖြစ် သရုပ်ဆောင်ထားသည့် ညီထွဋ်ခေါင်က "ဒီကားမှာ ကျွန်တော်ပါဝင်ရတဲ့အခန်းက နည်းပါတယ်။ ထိုင်းမင်းသမီးလေးရဲ့ ချစ်သူပေါ့။ ချစ်သူနေရာက ပါဝင်ရတာပါ။ ကျွန်တော်တို့ဆီမှာ သရဲကားတွေကတော့ အများကြီးပါ။ သရဲကို ဟာသအနေနဲ့တော့ ရုပ်ရှင်မှာလည်း ရှားတယ်လေ။ ကြောက်ကြောက်ကြောက်ဆိုတဲ့ ကားတော့ရှိပါတယ်။ ဒါပေမယ့် အဲဒီကားနဲ့လည်း မတူပြန်ဘူး။ ပိုပြီးထူးထူးခြားခြားဖြစ်တယ်။ လာရောက်ကြည့်ရှုဖို့လည်း ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

ဝိညာဉ်ဟာသ ရုပ်ရှင်ဇာတ်ကားဟုဆိုသော်လည်း ဝါရင့်သရုပ်ဆောင် ဦးဗေလုဝ၊ ထိုင်းမင်းသမီးလေး ပတ်ချာရာတူသောင်၊ အရိုင်း၊ သရုပ်ဆောင် ညီထွဋ်ခေါင်၊ ကျော်ကျော်နှင့် အနုပညာညီအစ်ကိုမောင်နှမများ၏ ကျရာနေရာမှ ပီပြင်စွာ သရုပ်ဆောင်ထားမှုများဖြင့် ကြည့်ရှုသူများကို တဒင်္ဂစိတ်အပန်းပြေနိုင်စေမည့် "နာနာဘာဝချစ်သူ" ရုပ်ရှင်ဇာတ်ကားမှာ ဩဂုတ် ၂၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသတော့မည်ဖြစ်ပါကြောင်း ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် သတင်းစကား ရေးသားလိုက်ရပါသည်။ ။

**(သီသီမင်း၊ အေးမင်းသူ၊ ဓာတ်ပုံ- မိုးမြင့်မောင်)**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်ခဲ့သူ ကိုဖီအာနန် ကွယ်လွန်

နေပြည်တော် ဩဂုတ် ၁၈

**ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်းသည့် အကြံပေးအစီရင်ခံစာကို ဦးဆောင်ရေးဆွဲပေးခဲ့သူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် (အသက် ၈၀) သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ယနေ့ ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။**

မစ္စတာကိုဖီအာနန်ကို ၁၉၃၈ ခုနှစ်တွင် ဂါနာနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ခုနစ်ဦးမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်ပြီး ယင်းရာထူးကို ၁၉၉၇ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ပထမဆုံး တစ်ဦးတည်းသော လူမည်း အာဖရိကန်နွယ်ဖွားလည်း ဖြစ်သည်။


မစ္စတာကိုဖီအာနန်သည် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သူဖြစ်ပြီး ယင်းကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းထားသည်။ မစ္စတာကိုဖီအာနန် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် ယင်းကော်မရှင်သည် ရခိုင်အရေးနှင့် ပတ်သက်သည့် လေ့လာတွေ့ရှိသည့်အချက်များစွာ ပါဝင်ပြီး အကြံပြုချက်များဖြင့် အပြီးသတ်အစီရင်ခံစာကို ကော်မရှင်ဖွဲ့စည်းအပြီး တစ်နှစ်အကြာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တင်သွင်းနိုင်ခဲ့သည်။

ကိုဖီအာနန်သည် ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်တစ်ဦးလည်းဖြစ်ပြီး ငြိမ်းချမ်းရေးအတွက်၊ စစ်ပွဲများချုပ်ငြိမ်းရေးနှင့် အေအိုင်ဒီအက်စ်ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် များစွာဆောင်ရွက်ပေးခဲ့သူလည်း ဖြစ်သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အရေးအတွက်သာမက ဆီးရီးယားနိုင်ငံ ပဋိပက္ခဖြစ်စဉ်များ ချုပ်ငြိမ်းရန်အတွက်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်သည်။

မစ္စတာကိုဖီအာနန်သည် မစ္စတာနယ်ဆင်မန်ဒဲလား ဦးဆောင်ဖွဲ့စည်းခဲ့သည့် The Elders အဖွဲ့တွင်လည်း ဦးဆောင်သူဖြစ်ပြီး ၎င်းသေဆုံးသွားခြင်းနှင့် ပတ်သက်၍ The Elders အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ Gro Harlem Brundtland က "သူ့ကို ဆုံးရှုံးသွားရတာ အရာတော်တော်များများကို ဆုံးရှုံးသွားရသလိုပါပဲ။ ကိုဖီဟာ အားလုံးအတွက် ရှေ့ဆောင်လမ်းပြကောင်း၊ ဦးစီးကောင်းတစ်ယောက်ပါ။ The Elders အဖွဲ့ဟာ သူ့ရဲ့ လမ်းပြမှုကောင်းတွေကို ဆုံးရှုံးသွားရပြီ။ သူ့ဘဝတစ်လျှောက်လုံးမှာ သူဟာ လူသန်းပေါင်းများစွာရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရင်း ဖြတ်သန်းခဲ့တယ်။ အဲဒီလို ကျွန်တော်တို့ရဲ့ ဦးစီးဦးဆောင်သူ(ဥက္ကဋ္ဌ)ဟာ အခုအချိန်မှာတော့ ကွေလွင့်သွားခဲ့ပါပြီ" ဟု ပြောကြားသည်။

ကိုဖီအာနန်သည် ကိုဖီအာနန်ဖောင်ဒေးရှင်းကို ထူထောင်ခဲ့သူလည်းဖြစ်ရာ ယခုအခါ သူသေဆုံးသွားသည့်အတွက် ကျန်ရစ်ခဲ့သည့် ဇနီးဖြစ်သူ Nane နှင့် သားသမီးသုံးဦး၊ မြေးတို့ထံနှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းတို့သို့ တစ်ကမ္ဘာလုံးက ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့နေကြပြီဖြစ်သည်။

"ကမ္ဘာကြီးအတွက်တော့ ဒီကနေ့ဟာ ဆုံးရှုံးမှုတစ်ရပ်ဖြစ်ခဲ့ပါပြီ။ ဘယ်သူကမှ သူ့ကို မေ့ပစ်ကြမှာမဟုတ်သလို သူ့ရဲ့ လူသားဆန်တဲ့စိတ်၊ အမှန်တရားကို မြတ်နိုးတဲ့စိတ်၊ ဖြောင့်မတ်ရိုးသားတဲ့စိတ်တွေက နောက်ထပ် လူသားမျိုးနွယ်တွေအတွက်တော့ အတုယူဖွယ်ရာပါ"ဟု Gro Harlem Brundtland က ပြောကြားသည်။ **မေဦးမိုး**



# အမေရိကန်-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပဋိပက္ခများ ညှိနှိုင်းဆွေးနွေးဖွယ်ရှိ

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် နိုဝင်ဘာလအတွင်း တွေ့ဆုံကာ နှစ်နိုင်ငံကုန်သွယ်ရေး အခွန်စည်းကြပ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း အမေရိကန်သတင်းစာတစ်စောင်က ရေးသားထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဩဂုတ် ၂၃ ရက်တွင် အမေရိကန်အစိုးရအဖွဲ့က တရုတ်နိုင်ငံ၏ ပို့ကုန်ပစ္စည်းများအပေါ် ထပ်လောင်းအခွန်စည်းကြပ်ချမှတ်မှုကို စတင်ကောက်ခံမည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ၎င်းအပေါ် အမေရိကန်၏ အခွန်စည်းကြပ်မှုများကို လက်တုံ့ပြန်သည့် နည်းလမ်းများကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာလအတွင်း အာဂျင်တီးနားနိုင်ငံတွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးနှင့် ပါပူဝါ နယူးဂီနီနိုင်ငံတွင် ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေးဖိုရမ် တက်ရောက်စဉ် သမ္မတထရမ့်နှင့် သမ္မတရှီတို့က သီးခြားတွေ့ဆုံကာ အခွန်စည်းကြပ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း the Wall Street ဂျာနယ်၏ အွန်လိုင်းသတင်းစာမျက်နှာတွင် ရေးသားထားသည်။

အမေရိကန်နှင့် တရုတ်တာဝန်ရှိသူများက အခွန်အခကောက်ခံမှုနှင့်ပတ်သက်ပြီး ဇွန်လအတွင်းက ဆွေးနွေးခဲ့ကြသည်။ လာမည့် ရက်သတ္တပတ်တွင်လည်း ကုန်သွယ်ရေးဆိုင်ရာ အခွန်စည်းကြပ်မှုများအပေါ် နှစ်နိုင်ငံတာဝန်ရှိသူများက ဆွေးနွေးကြမည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပဋိပက္ခကို ပြေလည်စေရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲ ကျင်းပနိုင်စေရေးအတွက် နှစ်နိုင်ငံတာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သိရသည်။

သမ္မတထရမ့် ဦးဆောင်သော အစိုးရအဖွဲ့အတွင်း တရုတ်နိုင်ငံ၏ သွင်းကုန်များအပေါ် အခွန်အခစည်းကြပ်မှုနှင့်ပတ်သက်ပြီး မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည်ကို သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဘဏ္ဍာရေးဝန်ကြီး စတီဗင်မျူချင်က တင်းကျပ်သော အခွန်အခကောက်ခံမှုမူဝါဒကို ဖြေလျှော့နိုင်မည့် နည်းလမ်းကောင်းများ ရှာဖွေလျက်ရှိသော်လည်း အမေရိကန် ကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ် ရောဘတ်လိုက်သစ်ဇာက အခွန်အခကောက်ခံမှုကို ထပ်မံတိုးမြှင့်ရန်နည်းလမ်းများ ရှာဖွေလျက်ရှိကြောင်း သိရသည်။

သမ္မတထရမ့်အနေဖြင့် တရုတ်နိုင်ငံ၏ သွင်းကုန်များအပေါ် အခွန်အခစည်းကြပ်မှုနှင့် ပတ်သက်ပြီး မည်သည့် ရပ်တည်ချက်ကို သဘောတူညီဆုံးဖြတ်ချက်ချမှတ်မည်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



# ဂါဇာ၌ ဆန္ဒပြသမားများနှင့် အစ္စရေးတပ်ဖွဲ့ တိုက်ခိုက်မှုဖြစ် ပါလက်စတိုင်းနှစ်ဦး သေဆုံး

**ဂါဇာ ဩဂုတ် ၁၈**

ဂါဇာကမ်းမြောင်ဒေသတွင် ဩဂုတ် ၁၇ ရက်က ပါလက်စတိုင်းလူမျိုး ဆန္ဒပြသမားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ပါလက်စတိုင်းလူမျိုး ဆန္ဒပြသမားနှစ်ဦး သေဆုံးခဲ့ရပြီး အခြားပါလက်စတိုင်းလူမျိုး ၂၄၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ဩဂုတ် ၁၇ ရက် မွန်းလွဲပိုင်းက ဂါဇာကမ်းမြောင်အရှေ့ပိုင်းရှိ အစ္စရေးနိုင်ငံ၏နယ်စပ်အနီးတွင် ပါလက်စတိုင်းလူမျိုး ဆန္ဒပြသမားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း ပါလက်စတိုင်းဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုအတွင်း သေဆုံးရသူမှာ အသက် ၂၆ နှစ်အရွယ်ရှိ ပါလက်စတိုင်းလူမျိုး ဆာဒိုင်းအာခံမန်မူမာဆိုသူဖြစ်ပြီး ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ရာဖာမြို့အရှေ့ဘက်တွင် အစ္စရေးစစ်သားများ၏ပစ်ခတ်မှုကြောင့် သေဆုံးရကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာရှတ်ဖ်အယ်လ်ကွီဒရာက ပြောကြားသည်။

ဒုတိယမြောက်သေဆုံးရသည့် ပါလက်စတိုင်းလူမျိုးမှာ ကာရီအမ်အဘူဖာကာရာ အမည်ရှိ အသက် ၃၀ အရွယ်ရှိသူဖြစ်ပြီး ဂါဇာကမ်းမြောင်ဒေသအလယ်ပိုင်းရှိ ဒုက္ခသည်စခန်းဖြစ်သည့် အယ်လ်ဘာရပ်ချ်စခန်းအရှေ့ဘက်၌ အစ္စရေးစစ်သားများ၏ပစ်ခတ်ခံရမှုကြောင့် သေဆုံးရသည်ဟု ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂါဇာကမ်းမြောင်အရှေ့ပိုင်းဒေသတွင်း၌ အစ္စရေးဆန့်ကျင်ရေးဆန္ဒပြမှုအတွင်း လူပေါင်း ၂၄၁ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယခုနှစ် မတ်လ ၃၀ ရက်က စတင်ခဲ့သော မဟာနောက်ကြောင်းပြန် ချီတက်ဆန္ဒပြပွဲများတွင် အစ္စရေးစစ်ဘက်မှ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူမျိုး ၁၇၁ သေဆုံးခဲ့ရပြီး ၁၇၀၀၀ ကျော်ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေါသထွက်နေသည့် ရာပေါင်းများစွာသော ပါလက်စတိုင်းလူငယ်များနှင့် ဆန္ဒပြသမားများသည် ဂါဇာကမ်းမြောင်အရှေ့ပိုင်းဒေသရှိ အစ္စရေးနိုင်ငံနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားသည့် ခြံစည်းရိုးအနီးသို့ မတူညီသောနေရာငါးခုမှ ချဉ်းကပ်ခဲ့ကြောင်း ဒေသခံသတင်းဌာနများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ပါလက်စတိုင်းဆန္ဒပြသမားများက မော်တော်ကားတာယာများကို မီးရှို့ခြင်း၊ ပါလက်စတိုင်းအလံများကို ဝှေ့ယမ်းခြင်းနှင့် ၎င်းတို့ပိုင်နက်နယ်မြေများမှ မီးရှို့ထားသော မီးပုံးပျံဘောလုံးများနှင့် စွန်များအား အစ္စရေးပိုင်နက်အတွင်း လွှတ်တင်ခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ဆက်စပ်ဖြစ်ရပ်များကြောင့် အိန္ဒိယတောင်ပိုင်းတွင် လူ ၃၂၄ ဦး သေဆုံး

**နယူးဒေလီ ဩဂုတ် ၁၈**

ယခုနှစ် မေလမှစတင်၍ အိန္ဒိယနိုင်ငံတောင်ပိုင်း ကေရာလာပြည်နယ်တွင် မုတ်သုံမိုးရွာသွန်းမှုများနှင့် ဆက်စပ်ဖြစ်ပွားသည့် မတော်တဆဖြစ်ရပ်များကြောင့် သေဆုံးရသူဦးရေမှာ ၃၂၄ ဦးအထက်ရှိခဲ့ပြီး ယင်းသို့ သေဆုံးခဲ့ရသူများပြားမှုမှာ အဆိုပါပြည်နယ်အတွင်း၌ ရာစုနှစ်တစ်ခု ပြည့်လုနီးပါးကာလအတွင်း အလွန်ဆိုးရွားသော မုတ်သုံရာသီနှင့် ကြုံတွေ့မှုကြောင့်ဖြစ်ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဩဂုတ် ၁၇ ရက် ညနေပိုင်းက သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် ကေရာလာပြည်နယ်ဝန်ကြီးချုပ် ပင်နာအာရီဗီဂျာရန်းက မေ ၂၉ ရက်မှစ၍ ယခုလအထိ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆက်စပ်ဖြစ်ပွားသော မတော်တဆဖြစ်ရပ်များတွင် လူပေါင်း ၃၂၄ ဦး သေဆုံးခဲ့ရသည်ဟု ပြောကြားခဲ့သည်။

ယင်းပြည်နယ်တွင်း၌ အိန္ဒိယတပ်မတော်က ကယ်ဆယ်ရေးလုပ်ငန်းများ၌ ပါဝင်လုပ်ဆောင်နေပြီး အမျိုးသားသဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့ဝင်များကလည်း ဒေသတွင်းအခြေပြုကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အိန္ဒိယတပ်မတော်မှ တပ်ဖွဲ့များနှင့် အမျိုးသားသဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့်လူပေါင်း ၄၀၀၀ ကျော်ကို ကယ်ဆယ်ခဲ့ရကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

ကေရာလာပြည်နယ်တစ်ဝန်းတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားမှုကြောင့် လူပေါင်း ၂၀၀၀၀၀ ခန့်ကို နေရာရွှေ့ပြောင်းပေးခဲ့ရပြီး လမ်းအရှည် ကီလိုမီတာ ၁၀၀၀၀ ခန့်နှင့် လူနေအိမ်ခြေရာပေါင်းများစွာ ပျက်စီးခဲ့ရသည်။

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ကေရာလာပြည်နယ်ဝန်ကြီးချုပ်နှင့် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားရာတွင် ၎င်းအနေဖြင့် ယင်းပြည်နယ်အတွင်းသို့ လာရောက်မည်ဖြစ်ကြောင်းနှင့် ဆိုးရွားသော ရေလွှမ်းမိုးမှုအခြေအနေများကို ကြည့်ရှုလေ့လာမည်ဟု ပြောကြားသည်။

နောက်ဆုံးထုတ်ပြန်သည့် ကြေညာချက်အရ ကေရာလာပြည်နယ်အတွင်း၌ ရေလွှမ်းမိုးမှုအဆိုးရွားဆုံးခံစားနေရသည့် ခရိုင်များမှာ အီဒူကီ၊ ဝါရန်နက်၊ ပေါလာကက်၊ မာလာပူရက်၊ ကိုချီနှင့် ပြည်နယ်မြို့တော် သီရာဗန်အန်ဘာပူရမ်တို့ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ ခရီးသွားလာမှုအများဆုံးဖြစ်သည့် ကိုချီလေဆိပ်အား နောက်လာမည့် ရက်သတ္တပတ်အထိ ပိတ်ထားရသည်ဟု သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**



# စီရိုနယ်လ်ဒိုထွက်ခွာသွားပြီးနောက် ရီးယဲလ်မက်ဒရစ်က တိုက်စစ်မှူးနေမာအား ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀၀ ပေးပြီး ခေါ်ယူမည်ဟုဆို

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်သည် အသင်းမှ ထွက်ခွာသွားသည့် ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒို၏ နေရာတွင် အစားထိုးရန်အတွက် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ဘရာဇီးတိုက်စစ်မှူးနေမာသည် လက်ရှိကလပ် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန်မရှိသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူးနေမာကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးယူရို သန်း ၃၀၀ ပေးပြီးခေါ်ယူရန် စီစဉ်နေကြောင်းလည်းသိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် တိုက်စစ်မှူးစီရိုနယ်လ်ဒိုအသင်းမှ ထွက်ခွာသွားခဲ့ပြီးနောက် အစားထိုးကစားသမားအဖြစ် ခေါ်ယူရန်ရှိခဲ့သော်လည်း ရာသီမစမီ ယှဉ်ပြိုင်ကစားခဲ့ရသည့် ဥရောပစူပါဖလားပြိုင်ပွဲတွင် မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့ရခြင်းကြောင့် စီရိုနယ်လ်ဒို နေရာတွင် အစားထိုးရန် တိုက်စစ်မှူးတစ်ဦးခေါ်ယူရန် စီစဉ်လာခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရန်တီနိုပီရက်ဇ်က တိုက်စစ်မှူးစီရိုနယ်လ်ဒို၏ နေရာတွင် အစားထိုးရန် တိုက်စစ်မှူး နေမာကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်


# ကမ္ဘာ့အကောင်းဆုံးဂိုးသမား အဲလစ်ဆင် ဖြစ်လာမည်ဟုဆို

လီဗာပူးအသင်းဂိုးသမား အဲလစ်ဆင်သည် ကမ္ဘာ့ဘောလုံးလောကတွင် အကောင်းဆုံးဂိုးသမားတစ်ဦး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ရိုးမားအသင်းနည်းပြ ဒီဖရန်ဆီစကိုက ပြောကြားလိုက်သည်။

ဂိုးသမား အဲလစ်ဆင်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ရိုးမားအသင်းနှင့်အတူ ပါဝင်ကစားခဲ့ရာတွင် ရိုးမားအသင်းကို ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် ကစားသမားများထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

သို့ရာတွင် ရိုးမားအသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ရပြီး အီတလီစီးရီးအေတွင်မူ အမှတ်ပေးဇယားအဆင့် (၃) နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အဲလစ်ဆင်သည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဘရာဇီးအသင်းနှင့်အတူ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ယင်းသို့ အဲလစ်ဆင်အနေဖြင့် ဘရာဇီးအသင်းနှင့် ရိုးမားအသင်းတို့တွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက အသက် ၂၅ နှစ်အရွယ်ရှိ အဲလစ်ဆင်အား အမ်ဖီးလ်သို့ ခေါ်ယူခဲ့ခြင်းဖြစ်သည်။





# အဲဗာတန်၊ လက်စတာနှင့် စပါးတို့ ပရီမီယာလိဂ်ပွဲစဉ်(၂)တွင် နိုင်ပွဲအသီးသီးရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၂)ကို စနေနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်း၊ လက်စတာစီးတီးအသင်းနှင့် စပါးအသင်းတို့ နိုင်ပွဲအသီးသီးရရှိခဲ့ကြောင်း သိရသည်။

အဲဗာတန်အသင်းသည် ဆောက်သမ်တန်အသင်းကို အိမ်ကွင်းတွင် ဧည့်ခံကစားခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဲဗာတန်အသင်းသည် ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၁၅ မိနစ်တွင် တောင်ပံကစားသမား ဝေါကော့၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၃၁ မိနစ်တွင် ရစ်ချာဆန်၏ သွင်းဂိုးဖြင့် နှစ်ဂိုးပြတ်ဦးဆောင်ကစားနိုင်ခဲ့ပြီး ဆောက်သမ်တန်အသင်းအတွက် ချေပဂိုးကို ဒန်နီအင့်က ပွဲကစားချိန် ၅၄ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လက်စတာစီးတီးအသင်းသည် တန်းတက်အသင်းဖြစ်သည့် ဝုလ်ဗာဟမ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲကစားချိန် ၂၉ မိနစ်တွင် ဝုလ်ဗာဟမ်တန်ကစားသမား ဒိုဟာတီ၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိရာမှ ရရှိခဲ့သည့်သွင်းဂိုးနှင့် ပွဲကစားချိန် ၄၅ မိနစ်တွင် ရရှိခဲ့သည့် မက်ဒီဆင်၏ သွင်းဂိုးတို့ဖြင့် လက်စတာစီးတီးအသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဝုလ်ဗာဟမ်တန်အသင်းသည် ချေပဂိုး ရရှိရေးကြိုးပမ်းခဲ့သော်လည်း ထင်တိုင်းမဖြစ်ခဲ့ဘဲ လက်စတာစီးတီးအသင်းမှာမူ ပွဲကစားချိန် ၆၆ မိနစ်တွင် တိုက်စစ်မှူး ဗာဒီမှာ တိုက်ရိုက်အနီကတ်ပြခံခဲ့ရသည်။

စပါးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့၏ ပွဲစဉ်တွင် စပါးအသင်းက ဖူလ်ဟမ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စပါးအသင်းအတွက်သွင်းဂိုးများကို လူးကတ်မော်ရာ၊ ထရစ်ပီယာနှင့် ဟယ်ရီကိန်းတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များဖြစ်သည့် ကာဒစ်ဖ်အသင်းနှင့် နယူးကာဆယ်အသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဝက်စ်ဟမ်းအသင်းနှင့် ဘုန်းမောက်အသင်းတို့၏ ပွဲစဉ်တွင် ဘုန်းမောက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

# နောက်တန်းကစားသမားဒါမီယန် မန်ယူတွင် ဆက်ရှိနေမည်

မန်ယူအသင်း၏ နောက်တန်းကစားသမား ဒါမီယန်သည် အိုးထရက်ဖို့ဒ်မှ ထွက်ခွာရန် စီစဉ်နေသော်လည်း လက်ရှိတွင် မန်ယူအသင်းတွင်သာ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဒါမီယန်သည် အီတလီစီးရီးအေကလပ်အသင်းများဖြစ်သည့် နာပိုလီအသင်း၊ ဂျူဗင်တပ်အသင်းနှင့် အင်တာမီလန်အသင်းများသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသူဖြစ်ကြောင်းလည်း သိရသည်။

တိုရီနိုနောက်တန်းကစားသမားဟောင်းတစ်ဦးဖြစ်သူ ဒါမီယန်သည် မန်ယူအသင်းမှ ထွက်ခွာမည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းကြောင့် နည်းပြမော်ရင်ဟိုကလည်း ယခုနှစ်ဘောလုံးရာသီတွင် ပွဲထွက်ကစားခွင့်ပြုမည့် ကစားသမားစာရင်းမှ ချန်လှပ်ထားခဲ့ကြောင်း သိရသည်။

နောက်တန်းကစားသမား ဒါမီယန်သည် မန်ယူအသင်းမှ ထွက်ခွာရန် စီစဉ်နေသော်လည်း ၎င်းထွက်မည့် အသင်းမှာ အီတလီစီးရီးအေကလပ်အသင်း ဖြစ်ခြင်းကြောင့် အီတလီစီးရီးအေအပြောင်းအရွှေ့ကာလမှာ ယနေ့တွင် ပိတ်သိမ်းမည်ဖြစ်သဖြင့် နောက်တန်းကစားသမား ဒါမီယန်မှာ မန်ယူအသင်းတွင်သာ ဆက်ရှိနေမည် ဖြစ်ကြောင်း သိရသည်။



# ရီးယဲလ်မက်ဒရစ်က ဂိုးသမားအလှည့်ကျအသုံးပြုမည်ဟုဆို

ရီးယဲလ်မက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံဂိုးသမား ကော်တိုရစ်အား ခေါ်ယူခဲ့သော်လည်း အဆိုပါကစားသမားကို အမြဲတမ်းထည့်သွင်းအသုံးပြုမည်မဟုတ်ဘဲ အလှည့်ကျစနစ်ဖြင့်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ လိုပတ်တီဂီက ပြောကြားခဲ့သည်။

လက်ရှိတွင် နံပါတ်တစ်ဂိုးသမားအဖြစ် ကီလာနားဗက်ကို သတ်မှတ်ထားပြီး ရီးယဲလ်မက်ဒရစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ဥရောပစူပါဖလားပွဲစဉ်တွင်လည်း ကီလာနားဗက်တစ်ဦးတည်းကိုသာ အသုံးပြုခဲ့ကြောင်း သိရသည်။

ဘယ်ဂျီယံကြယ်ပွင့် ကော်တိုရစ်သည် ချယ်လ်ဆီးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၁ သန်းဖြင့် ရောက်ရှိလာခဲ့ပြီးနောက် အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်ရမည်ဟု မျှော်လင့်ထားခဲ့သည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ လိုပတ်တီဂီကမူ လက်ရှိတွင် ကီလာနားဗက်နှင့် ချယ်လ်ဆီးအသင်းမှ ခေါ်ယူထားခဲ့သည့် ဂိုးသမားကော်တိုရစ်တို့မှာ အသင်းအတွက် အားထားရမည့် ဂိုးသမားများ အဖြစ် သတ်မှတ်ထားသော်လည်း အလှည့်ကျစနစ်ဖြင့်သာ သုံးစွဲသွားမည်ဟု ဆိုသည်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၈**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal– 1 Gate 3 ၌ ယနေ့နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် မလေးရှားလေကြောင်းလိုင်းဖြင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်သို့လိုက်ပါမည့် အောင်ကိုကိုလင်း(ခ)ရဲလေး ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့နေသူ၏ ခရီးဆောင်အိတ်ကို X–Ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးရာ ငါးခြောက်ကြော်ထုပ်အတွင်း ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၈၄ ပြား သိမ်းဆည်းရမိသဖြင့် အောင်ကိုကိုလင်း(ခ)ရဲလေးအား မင်္ဂလာဒုံမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# မိတ္ထီလာမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါဖြင့် အသက် ၁၂ နှစ်အောက် ကလေးငယ်သုံးဦး သေဆုံး

**မိတ္ထီလာ ဩဂုတ် ၁၈**

မိတ္ထီလာမြို့နယ်တွင် အသက် ၁၂ နှစ်အောက် ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားပြီး ခရိုင်ပြည်သူ့ဆေးရုံကြီး ကလေးဆေးရုံသို့လာရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကလေးများအနက် ဩဂုတ် ၁၇ ရက်မှ ၁၈ အထိ ကလေး သုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

မိတ္ထီလာ ခရိုင်ပြည်သူ့ဆေးရုံကြီး ကလေးဆေးရုံသို့ ချမ်းအေးသာယာရပ်ကွက်၊ ဝွေးတောက်ကုန်းကျေးရွာ၊ အနောက်ကြီးကုန်းကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ညောင်အိုင်ကျေးရွာတို့မှ တစ်ဦးစီနှင့် ရေငံကျေးရွာမှ ၁၅ ဦး စုစုပေါင်း ၂၀ တို့မှာ သွေးလွန်တုပ်ကွေးဖြစ်ပွား၍ လာရောက်ဆေးဝါးကုသမှုခံယူလျက်ရှိရာမှ ဩဂုတ် ၁၇ ရက် ညနေ ၆ နာရီတွင် ရေငံကျေးရွာမှ မောင်ကျော်ဇင်ဖြိုး၊ ဩဂုတ် ၁၈ ရက် နံနက် ၄ နာရီ မိနစ် ၄၀ တွင် မလှိုင်လှိုင်ဦးနှင့် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မမိုးပြည့်ပြည့်တို့ သေဆုံးခဲ့သည်။

"ရေငံရွာက ကုန်းပေါ်မှာတည်ရှိပြီး အိမ်ခြေ ၁၇၀ ကျော်ရှိတယ်။ သောက်သုံးရေအဖြစ် စက်ရေတွင်းက ရေကိုသောက်သုံးကြပါတယ်။ ကလေးငယ်တွေ သွေးလွန်တုပ်ကွေးဖြစ်နေတာကတော့ ဇူလိုင်လကုန်လောက်က စတင်ဖြစ်ပွားတာပါ။ ရောဂါစတင်ဖြစ်ချိန်မှာဆိုရင် ကလေးတစ်ယောက်နှစ်ယောက်လောက်ဖြစ်တာ။ အခုအချိန်မှာ ဆေးရုံတွင် ကလေးတွေ ၁၀ ယောက်ကျော်ပြီ၊ ရွာမှာလည်း ကလေးတွေ သွေးလွန်တုပ်ကွေး ဖြစ်နေတုန်းပါပဲ"ဟု ဒေသခံတစ်ဦးက ပြောသည်။

ကလေးငယ်များ သွေးလွန်တုပ်ကွေးအဖြစ်များနေသည့် မြောက်လည်ကျေးရွာအုပ်စု ရေငံကျေးရွာသို့ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန် မြို့နယ်ကျန်းမာရေးဌာနက ဦးဆောင်၍ ဩဂုတ် ၁၈ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့)**


**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၀ | "ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (ဓမ္မဘဏ္ဍာဂါရိက)၏ ထေရုပတ္တိ" (ပထမပိုင်း) |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | လေ့လာစရာစုံလင် အမိမြန်ပြည် တစ်ခွင်"အံ့ဖွယ်ကြည်ညို ပုဂံဘုရားစုံ"(နန္ဒမညာဘုရား၊ စူဠာမဏိဘုရား) |
| ၈း၃၅ | တရုတ်ကာတွန်း"တောပျော် မျောက်ကလေးကျွမ်ကျွမ်" (အပိုင်း-၃) |
| ၉း၁၀ | ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ကံသုံးဆင့်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း" |
| ၉း၂၅ | ဇာတ်လမ်းအတိုအထွာပြုံးစရာ "ကရုဏာရှင်"(ဆလိုင်းလွမ်း၊ ပန်းချီစိန်ကျော်ဝင်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ ဝိုင်းပုံချစ်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်) |
| ၉း၄၀ | MRTV Travelogue |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁း၀၅ | ကဗျာရိပ်မြုံ "စိတ်ဓာတ်ခိုင်မာလိုအပ်ပါ" |
| ၁၁း၄၀ | ကျန်းမာရေးမဂ္ဂဇင်း "အသက်အရွယ်ကြီးမြင့်လာသူများအား ဆီးချိုသွေးချိုရောဂါ ဘယ်လိုကုသမလဲ" |
| ၁၂း၃၀ | This Week's Special Interest |
| ၁၂း၄၅ | မြန်မာ့ဂန္ထဝင်ရုပ်ရှင် "စောင်းတော်ရှင်" (ပြည်လှဖေ၊ မေရှင်) (ဒါရိုက်တာ-ဦးသုခ၊ ဦးလွန်းဖေ) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်းဆီသို့" |
| ၁၇း၀၅ | Sunday Talk |
| ၁၇း၃၀ | "ခန္တီ" (ရန်ငြိမ်း၊ သတိုး) (ဒါရိုက်တာ-စေတနာမောင်) |
| ၁၈း၂၅ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် (ရသစုံပေးမြို့ရွှေ "ကလေး") |
| ၁၈း၄၅ | "ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာ" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၁၅) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | In & Out "ချင်းမိုင်၊ ချင်းရိုင်ခရီးစဉ်" (အပိုင်း-၅)(လေးဖြူနှင့်အဖွဲ့) -နိုင်ငံခြားဇာတ်လမ်းတွဲ"အကယ်၍သာ"(အပိုင်း-၁၃) "တေလပတ္တဇာတ်တော်ကြီး" (ပထမပိုင်း) အစီအစဉ်ပြီး၏။ |

# မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၇ သိန်းကျော် သိမ်းဆည်းရမိ



**နေပြည်တော် ဩဂုတ် ၁၈**

မောင်တောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် ညပိုင်းတွင် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု ရွှေဇားတံတားတွင် အဘူကော် မောင်းနှင်ပြီး အာဇီလိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ အဘူကော်နှင့် အာဇီတို့မှာ ထွက်ပြေးသွား၍ ယာဉ်ပေါ်ပါ ချင်း(ဂျင်း)အိတ်များကို ဖွင့်ဖောက်စစ်ဆေးရာ ချင်း(ဂျင်း)များနှင့်ရောနှောကာ ပလတ်စတစ်ကပ်ခွာအိတ်ငယ်များဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၆၆၀၀၀ ကို သိမ်းဆည်းရမိသဖြင့် အဘူကော်နှင့် အာဇီတို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သောင်းလွင်ဦးနှင့် မဆန်းရီတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# မံစီမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၈**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက မံစီမြို့နယ် ဟန်ထက်ကျေးရွာအနီး ဟန်ထက်-မန်သာသွား လမ်းပေါ်တွင် သောင်းလွင်ဦး မောင်းနှင်ပြီး မဆန်းရီလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၅၁၅ ပြား ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ည ၉ နာရီခွဲက ပလောက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် ကျောက်တောင်ကျေးရွာအဝင်တွင် အောင်ထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀၊ အိုက်စ် ၇၀ ဂရမ်နှင့် ငွေကျပ် ၆၁၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၅ စီး၊ သွင်းကုန် ၄၆၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၃ စီး၊ သွင်းကုန် ၂၈၃ စီးတို့ဖြင့် ဩဂုတ် ၁၇ ရက်တွင် ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို ရေပူနှင့် မရမ်းချောင် စစ်ဆေးရေးစခန်းများက စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁ ဒသမ ၀၃၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၀၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄ ဒသမ ၆၄၄ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးပေါ်တွင် သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Handset (2049)U၊ Isuzu(12W) ယာဉ်တစ်စီးနှင့် Mitsubishi Canter (6W)ယာဉ်တစ်စီးတို့ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ပိတောက်ခုံးရွေ ၅ ဒသမ ၃၄၇၈ တန်၊ ပိတောက်ခွဲသား သုည ဒသမ ၆၄၆၆ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆ ဒသမ ၂၃၃ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မိုးနဲ ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့ ဥယျာဉ်ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲနေကြောင်း သတင်းအရ ဩဂုတ် ၁၇ ရက် နံနက် ၇ နာရီခွဲက မိုးနဲမြို့ မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ခေါင်းဆောင် ဒု-ရဲအုပ်နေလှိုင်စိုးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အဆိုပါရပ်ကွက်နေ စိုင်းဖစ်(ခ)ကိုလေး၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ၎င်းအိပ်ရာပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈ ပြား ရှာဖွေတွေ့ရှိသဖြင့် စိုင်းဖစ်(ခ)ကိုလေးအား မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၆၆၁**

# စက်တပ်ရေယာဉ်နှစ်စင်း မျက်နှာချင်းဆိုင်တိုက် တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရ

**ခရမ်း ဩဂုတ် ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရဲမွန်ချောင်းအတွင်း ဩဂုတ် ၁၇ ရက်က စက်တပ်မော်တော်ရေယာဉ်နှစ်စင်း မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခရမ်းမြို့ ရဲမွန်ချောင်းအတွင်း တင်ကိုဝင်း မောင်းနှင်ပြီး စပါးများ တင်ဆောင်လာသည့် စက်တပ်ရေယာဉ်နှင့် ကျော်ဝင်း မောင်းနှင်လာသည့် ဘာလောင်းစက်တပ်ရေယာဉ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။ တိုက်မှုကြောင့် ကျော်ဝင်း၏ စက်လှေပေါ်တွင်လိုက်ပါလာသည့် ဒေါ်ခင်သိန်းမှာ သေဆုံးခဲ့ပြီး မအိအိနွယ်မှာ ဒဏ်ရာရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ်လည်းကောင်း၊ ဒေါ်ကျင်ဌေးမှာ ခရမ်းပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ်လည်းကောင်း ဆေးကုသမှုခံယူခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်တော်ရေယာဉ်မောင်းနှစ်ဦးအား ခရမ်းမြို့မရဲစခန်းက အရေးယူခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



ကချင်ပြည်နယ် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီ ကားလမ်းမကြီးတွင် မိုးရွာသွန်းမှုကြောင့် မိုင်တိုင်အမှတ် ၃၈/၃၉ ကြား တောင်ပြိုထားသည့်နေရာ၌ ယာဉ်တစ်စီးဘီးချော်၍ ကားလမ်းပိတ်ဆို့နေသည်ကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် အမျိုးသားဘောလုံးပြိုင်ပွဲ တက်ရောက်ဆုချီးမြှင့်

**ဘားအံ ဩဂုတ် ၁၈**
ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် (၁၇) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက် ညနေပိုင်းက ဘားအံမြို့ အောင်သံလွင် အားကစားကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်တက်ရောက်၍ တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ဘောလုံးအသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဩဂုတ် ၈ ရက်မှ စတင်ကျင်းပခဲ့ရာ ယင်းနေ့ ညနေတွင် ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ်ဘောလုံးအသင်းနှင့် ကော့ကရိတ်မြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကော့ကရိတ်မြို့နယ်ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်သည့်အခမ်းအနားကို ဆက်လက်ကျင်းပရာ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ဗိုလ်လုပွဲနေ့ အကောင်းဆုံးအားကစားသမားဆုနှင့် တစ်ဦးချင်းလည်ဆွဲဆုများကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစောချစ်မြင့်လေး၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးစောလှထွန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကိုခိုင်နှင့် ပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်တို့က နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်က ပူးတွဲတတိယဆုရရှိသော လှိုင်းဘွဲမြို့နယ်ဘောလုံးအသင်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်ဘောလုံးအသင်းတို့အားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်းက ဒုတိယဆုရရှိသော ဘားအံမြို့နယ်ဘောလုံးအသင်းအား ငွေသားဆုကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စက်မှုနှင့် သက်မွေးပညာ ရွှေလျားသင်တန်းဆင်းပွဲကျင်းပ

**ပြည်ကြီးတံခွန် ဩဂုတ် ၁၈**
စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မန္တလေး စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့်အသက်မွေးပညာရွှေ့လျားသင်တန်းအမှတ်စဉ် (၇၃) သင်တန်းဆင်းပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၈ နာရီက ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ ကနောင်ခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှုက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် သင်တန်းဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး သင်တန်းကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

**သီဟကိုကို(မန္တလေး)**

# ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုဖိုရမ် လွိုင်ကော်မြို့၌ပြုလုပ်



**လွိုင်ကော် ဩဂုတ် ၁၈**
ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုက ဘဏ္ဍာငွေကြေးများသည် စီမံကိန်းပေါ်မူတည်ပြီး သုံးစွဲရသည့်အတွက် ပွင့်လင်းမြင်သာရှိရန်၊ ဘဏ္ဍာရေးအရ အသုံးညီမျှရန်၊ ပြည်သူများ ထင်သာမြင်သာရှိရန်လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်း စီမံကိန်းနှင့် ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့၊ လွှတ်တော်၊ ဌာနဆိုင်ရာများပူးပေါင်း၍ ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အသံကို နားထောင်ကာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတတ်စေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလေအလွင့်မရှိစေရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာရှဖောင်ဒေးရှင်း၊ ပြည်ပပညာရှင်များ၊ အရပ်ဘက် အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

**အောင်ထွန်းလေး**



# ပညာရေးကောလိပ်(မကွေး) မှ ပြန်လည်စွန့်လွှတ်သည့် ယာမြေဧက ၅၀ ကျော် ပေးအပ်ပွဲကျင်းပ

**မကွေး ဩဂုတ် ၁၈**
ပညာရေးကောလိပ်(မကွေး) မှ ပြန်လည်စွန့်လွှတ်သည့်ယာမြေဧက ၅၀ ကျော်အား ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက်က မကွေးမြို့နယ် မကြီးကန်ကျေးရွာ အေးစေတီ ဘုရားဓမ္မာရုံတွင် ကျင်းပသည်။

ပညာရေးကောလိပ်(မကွေး) မှ ပြန်လည်စွန့်လွှတ်ယာမြေ ယာယီလုပ်ပိုင်ခွင့်လက်မှတ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်နှင့် ဦးကျော်ဌေးတို့က တောင်သူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ပညာရေးကောလိပ်(မကွေး) မှ မကွေးမြို့နယ် မကြီးကန်အုပ်စု နွားကူးကျေးရွာမှ တောင်သူများနှင့် ဆားရွှေကင်းရပ်ကွက်မှ တောင်သူများ၏ ယာမြေများကို ၁၉၉၈ ခုနှစ်က ၁၀၀ ဒသမ ၃၁ ဧကကို သိမ်းဆည်းခဲ့ကြောင်း၊ ယခုအချိန်အတွင်း ပညာရေးဝန်ကြီးဌာနမှ အမှန်တကယ်အသုံးပြုထားသည့် ဧက ၅၀ ကိုသာ အသုံးပြုပြီး ကျန်ယာမြေဧက ၅၀ ဒသမ ၃၁ ဧကကို တောင်သူများထံ ပြန်လည်စွန့်လွှတ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ပြောသည်။

**ဇော်ဇော် (မြို့သစ်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် (၁၇) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်



**တောင်ကြီး ဩဂုတ် ၁၈**
ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၁၇) နှစ်အောက် ခရိုင်အလိုက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက ရှမ်းပြည်နယ်အားကစားကွင်း၌ တောင်ကြီးခရိုင်အသင်းနှင့် လွိုင်လင်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးခရိုင်အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဝင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ အားကစားဝါသနာရှင်များက ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို တက်ရောက်အားပေး ကြည့်ရှုကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုများပေးအပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပထမဗိုလ်စွဲသည့် တောင်ကြီးခရိုင်အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေများချီးမြှင့်ပေးပြီး ပြည်နယ်ဝန်ကြီးများက ကျန်ဆုရအသင်းနှင့် အကောင်းဆုံးဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# လီဆူစာပေနှင့်ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ


**ပူတာအို ဩဂုတ် ၁၈**
ကချင်ပြည်နယ် ပူတာအိုမြို့တွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှုရှိစေရန်၊ လီဆူတိုင်းရင်းသားလူငယ်များ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ရရှိစေရန်နှင့် ဒေသအတွက် ထူးချွန်ထက်မြက်သော အားကစားလူငယ်များပေါ်ထွန်းလာစေရန်အတွက် ပူတာအိုမြို့နယ် လီဆူစာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော အမျိုးသားအလွတ်တန်း မိုးရာသီဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ ပူတာအိုမြို့နယ် လီဆူစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးဝါဆာရဲ့က အမှာစကားပြောကြားပြီး ပထမဆုရ နမ်ဟော့လူငယ်ဘောလုံးအသင်း၊ ဒုတိယဆုရ T.B.C လူငယ်ဘောလုံးအသင်း၊ တတိယဆုရ မူလာအွန်ဘောလုံးအသင်းတို့အား ဆုဒိုင်း၊ ဆုငွေနှင့် ဆုတံဆိပ်များနှင့် ဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်း နေရာအလိုက် အကောင်းဆုံးကစားသမားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**













# ဂင်္ဂေါယျဆင်မင်း အားမာန်တင်း နိုးထခြင်းသို့ရောက်

ကိုရင်ဩ

ဩဂုတ် ၁၅ ရက်သည်ကား အိန္ဒိယသမ္မတနိုင်ငံ၏ ၇၂ နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယကျရောက်သည့် နေ့ထူးနေ့မြတ်ဖြစ်ပြီးလျှင် ထုတိဩဘာ မင်္ဂလာအပေါင်း ခညောင်းသော ယင်းနေ့၌ လွတ်သဘင်အခမ်းအနားများကို ဝှဲချီးထိုက်စွာ ဆင်ယင်ကျင်းပခဲ့လေသည်။

အိန္ဒုယဉ်ကျေးမှု ထွန်းကားခဲ့ရာ အိန္ဒိယနိုင်ငံ၌ ၁၈ ရာစုမှစ၍ ပေါ်တူဂီ၊ ပြင်သစ်၊ ဒတ်ချ်နှင့် ဗြိတိသျှတို့က ခြေကုပ်စခန်းများ ထားရှိလာခဲ့ကြပြီးလျှင် ဗြိတိသျှတို့က ဩဇာအာဏာချဲ့ထွင်ခဲ့ကြသည်။ ၁၉ ရာစု နှောင်းပိုင်းမှစ၍ လွတ်လပ်ရေးအတွက် လှုပ်ရှားလာခဲ့ကြပြီး ၁၉၁၉ ခုနှစ် အိန္ဒိယအစိုးရအက်ဥပဒေအရ အိန္ဒိယလူမျိုး ဝန်ကြီးများက ဗြိတိသျှဘုရင်ခံများနှင့် အာဏာကို ခွဲဝေယူခွင့်ရရှိခဲ့သည်။ ယင်းနောက်တွင် ၁၉၃၅ ခုနှစ် အက်ဥပဒေအရ ပြည်နယ်အစိုးရများအား လွတ်လပ်စွာ ရွေးကောက်တင်မြောက်ခွင့်ရရှိခဲ့သည်။

## တော်လှန်ရေးလမ်းစဉ်

မဟာတ္တမဂန္ဒီသည် ၁၉၂၀ ပြည့်လွန်နှစ်များမှစကာ အကြမ်းမဖက် တော်လှန်ရေးလမ်းစဉ်ကို စတင်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် မွတ်စလင်နိုင်ငံ တစ်နိုင်ငံ (ပါကစ္စတန်)ကို ထူထောင်ပေးရမည်ဟူသော စည်းကမ်းသတ်မှတ်ချက်နှင့်အတူ လွတ်လပ်ရေး ရရှိခဲ့လေသည်။

၁၉၄၇ ခုနှစ် ဩဂုတ် ၁၅ ရက်နေ့တွင် ယူနိုက်တက်ကင်းဒမ်းလွှတ်တော်က အိန္ဒိယလွတ်လပ်ရေးအက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးလျှင် အိန္ဒိယတိုင်းပြုပြည်ပြုလွှတ်တော်ထံသို့ ဥပဒေပြု အချုပ်အခြာအာဏာကို လွှဲပြောင်းပေးခဲ့သည်။

၁၉၄၇ ခုနှစ် ဩဂုတ် ၁၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ်ဖြစ်သူ ဂျဝါဟာလာနေရူးက ဒေလီရှိ ခံတပ်နီကြီး၏ လဟိုရီဂိတ် အလံတိုင်တွင် အမျိုးသားအလံတော်အား လွှတ်ထူပေးခဲ့ပုံကို သမိုင်းပုံရိပ်အဖြစ် ကျွန်ုပ် တွေ့မြင်ရလေသည်။

ဝန်ကြီးချုပ်နေရူး၏ လွတ်သဘင်အခမ်းအနား ပြုလုပ်ခဲ့ပုံကို အစဉ်အလာပြု၍ နှစ်စဉ် လွတ်လပ်ရေးနေ့ ကျရောက်လေတိုင်း ဝန်ကြီးချုပ်ဖြစ်သူက ခံတပ်နီကြီးတွင် အမျိုးသားအလံတော်အား လွှင့်ထူကာ နိုင်ငံတစ်ဝန်းသို့မိန့်ခွန်းမြွက်ကြားလေ့ရှိသည်။

လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတစ်ဝန်း၌ အလံတင်အခမ်းအနားများကိုလည်းကောင်း၊ စစ်ရေးပြပွဲနှင့် ရိုးရာယဉ်ကျေးမှု အကပဒေသာများကိုလည်းကောင်း ဆင်ယင်ကျင်းပလေ့ရှိသည်။

## နောက်ဆုံးမိန့်ခွန်း

ယခုနှစ်တွင် ကျရောက်သည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဝန်ကြီးချုပ်နရိန္ဒြာမိုဒီက မိန့်ခွန်းပြောကြားခြင်းမှာ သူ၏ လက်ရှိရာထူးသက်တမ်းအတွင်း နောက်ဆုံးအကြိမ် မိန့်ခွန်းပြောကြားခြင်းအဖြစ် ပြောစမှတ်ပြုကြ၏။ ထူးထူးခြားခြား မိန့်ခွန်းပြောဆိုမှုအဖြစ် ဂူဂဲလ်နှင့် ယူကျူတို့မှတစ်ဆင့် သူ၏မိန့်ခွန်းကို တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့၏။

ခံတပ်နီကြီးတွင် ကျင်းပသည့် ၇၂ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ကွန်ဂရက်ပါတီ အကြီးအကဲရာအူးလ်ဂန္ဒီ၊ ဘီဂျေပီပါတီဥက္ကဋ္ဌ အမစ်ရှား၊ အောက်လွှတ်တော်ဥက္ကဋ္ဌ ဆုမိတြာမဟာဂျန်နှင့် မဟာဂျန်နှင့် ဘီဂျေပီပါတီ၏ ဝါရင့်ခေါင်းဆောင် အယ်ကေအဒဗာနီတို့အပါအဝင် ထိပ်တန်းနိုင်ငံရေးခေါင်းဆောင်များ တက်ရောက်ကြသည်။

၂၀၁၉ ခုနှစ် အောက်လွှတ်တော် ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာနေချိန်တွင် မြွက်ကြားသော မိန့်ခွန်းဖြစ်သည်နှင့်အညီ ဝန်ကြီးချုပ် မိုဒီ၏ မိန့်ခွန်းတွင် သူ၏ နိုင်ငံရေးအင်အားပြမှုကို အထင်အရှား တွေ့မြင်ရ၏။

အိန္ဒိယနိုင်ငံအား သူ၏ အစိုးရအဖွဲ့ အုပ်စိုးစဉ် တိုးတက်အောင်မြင်မှုများ ဆွတ်ခူးရယူနိုင်ရေးအတွက် မနားမနေ ကြိုးပမ်းခဲ့ပုံကို သရုပ်ဖော်ကျူးကာ မြွက်ဆိုခဲ့ပြီး လက်ဝဲ-ဗဟိုပြု နိုင်ငံရေးပါတီများ၏ ညွန့်ပေါင်းအဖွဲ့ဖြစ်သော ယူပီအေ (ညီညွတ်သော တိုးတက်ရေး မဟာမိတ်အဖွဲ့)၏ မူဝါဒရေးရာ အလွဲအမှားများဟုဆိုသော အချက်အလက်များကို နှိုင်းယှဉ်ချက်ဖြင့် ပိုင်းခြားစိတ်ဖြာ တင်ပြခဲ့သည်။ ယူပီအေသည် ၂၀၀၄ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး ဖွဲ့စည်းခဲ့သော နိုင်ငံရေးညွန့်ပေါင်းအဖွဲ့အဖြစ် ထင်ရှားခဲ့လေသည်။

ယူပီအေ အစိုးရအဖွဲ့ လက်ထက်တွင် အဂတိလိုက်စားမှုပွမ်းတီးခဲ့ပုံ၊ သူဌေး ကြေးပုံတူဘိသို့ ချမ်းသာကြွယ်ဝ သူများ၏ အကျိုးကိုသာ ယင်းအစိုးရ သယ်ပိုးခဲ့ပုံ၊ မိမိ၏ အစိုးရအဖွဲ့ လက်ထက်တွင် လူဦးရေ သန်း ၅၀ ကို ဆင်းရဲမွဲတေမှုနွံအတွင်းမှ ဆွဲထုတ်နိုင်ခဲ့ပုံတို့ကို မိုဒီက ရှင်းပြခဲ့လေသည်။

၂၀၁၄ ခုနှစ် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (အင်န်ဒီအေ) အမည်ရှိ လက်ယာ-ဗဟိုပြု နိုင်ငံရေးပါတီများ၏ ညွန့်ပေါင်းအဖွဲ့ အာဏာရရှိခဲ့အပြီး ပဉ္စမအကြိမ် မြွက်ကြားသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ်မိန့်ခွန်းတွင် ဝန်ကြီးချုပ် မိုဒီက သူ၏ နိုင်ငံတော်အား အိပ်စက်နေသော ဆင်ကြီးတစ်ကောင် နိုးထလာသည့်ပုံအသွင်အားကောင်းမောင်းသန် ဒေါင်းတည်မောင်းတည် လျှောက်လှမ်းတော့မည်ဟု ကျူးရင့်လိုက်ခြင်းမှာ တစ်မုဟုတ်ချင်း 'စန်း' ထလာတော့မည့် နိုင်ငံအဖြစ် တင်စားလိုက်ခြင်းပင် ဖြစ်ပေသည်။

## အာကာသယာဉ် လွှတ်တင်ရေး

နိုင်ငံ့ဂုဏ်သိန် တိုးစေမည့် ကြိုးပမ်းချက်တစ်ရပ်အဖြစ် ၂၀၂၂ ခုနှစ်ထက် နောက်မကျဘဲ လူလိုက်ပါမည့် အာကာသယာဉ်တစ်စင်းကို အာကာသသို့ စေလွှတ်မည်ဆိုသော ပြောကြားချက်သည်လည်းကောင်း၊ အိန္ဒိယပြည်သူ လူပေါင်း သန်း ၅၀၀ အကျုံးဝင်မည့် ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်းကြီးတစ်ရပ်ကို အကောင်အထည်ဖော်မည်ဆိုသော မိန့်ဟချက်သည်လည်းကောင်း ဝန်ကြီးချုပ်မိုဒီ၏ မူဝါဒရေးရာ မိန့်ခွန်းတွင် အထူးခြားဆုံး အချက်များအဖြစ် တွေ့ကြရ၏။

အိန္ဒိယနိုင်ငံသည် နိုးထလာပြီဖြစ်သော ဆင်ကြီးတစ်ကောင်ပမာ ကမ္ဘာ့စီးပွားရေးနယ်ပယ်အတွင်းသို့ ခြေလှမ်းကျယ်ကျယ်ဖြင့် ဝင်ရောက်ရန် အသင့်ရှိချေပြီဟု မိုဒီက ကြုံးဝါးလေသော် ရည်မှန်းချက်ကြီးမြတ်သောစိတ် ရှိသောနိုင်ငံရေးခေါင်းဆောင် မိုဒီ၏ နိုင်ငံဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များကို မျက်စိဒေါက်ထောက် ဆက်လက်စောင့်ကြည့်ကြရပေအံ့ဟူ၍ ပြည်သူတို့ အတွေးဝင်ပေလိမ့်မည်။

အမျိုးသားရေးဝါဒီ ခေါင်းဆောင်ကြီး မိုဒီ၏ ရှည်လျားပေများသော မိန့်ခွန်းတွင် အိန္ဒိယနိုင်ငံ၏ အာကာသရေးရာ ရည်မှန်းချက်ကို ပေါက်မြောက်အောင် အကောင်အထည်ဖော်မည်ဟုလည်း ကတိကဝတ်ပြုချက်ပါဝင်သည်။

လူသားလိုက်ပါမည့် အာကာသယာဉ်တစ်စင်းကို လွှတ်တင်နိုင်ခြင်းဖြင့် အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ပြီးလျှင် အာကာသကို စိုးမိုးနိုင်သည့် စတုတ္ထမြောက်နိုင်ငံအဖြစ် ရပ်တည်လာနိုင်ပေလိမ့်မည်။

အိန္ဒိယနိုင်ငံသည် အာကာသရေးရာများတွင် ရင်းနှီးမြှုပ်နှံမှုကို အကြီးအကျယ်ပြုလုပ်နေခြင်းမှာ နိုင်ငံ့ဂုဏ်ဒြပ် ကမ္ဘာ့အလယ်ဝင့်ထည်စေရုံမျှသာမဟုတ်၊ အာကာသနည်းပညာတိုးတက်မှုရှိစေခြင်းဖြင့် ကျွဲကူးရေပါ ဟူဘိသို့ နည်းပညာသစ်များ ဖွံ့ဖြိုးလာကာ နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်သည်ဟု ယူဆရသည်။

ကမ္ဘာ့ဦးဆောင် နိုင်ငံတစ်နိုင်ငံအဖြစ် အိန္ဒိယ ရပ်တည်လာနိုင်ရေးအတွက် မိမိတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ်မိုဒီက ဆက်လက်မြွက်ကြားခဲ့သည်။

'စတုတ္ထမြောက် စက်မှုတော်လှန်ရေး' ကို အိန္ဒိယနိုင်ငံက ဦးဆောင်နိုင်ရန် မိမိတို့ မနားမနေ ကြိုးပမ်းလျက်ရှိကြောင်း၊ ယင်းတော်လှန်ရေးကို အိန္ဒိယနိုင်ငံသား အိုင်တီ (သတင်းအချက်အလက် နည်းပညာ) ပညာရှင်များက ဦးဆောင်မည်ဖြစ်ကြောင်း မိုဒီက ကမ္ဘာကို တပ်လှန့်ခဲ့၏။

## ပြုပြင်ပြောင်းလဲရေး ခြေလှမ်းများ

မိုဒီ၏ မိနစ် ၈၀ ကြာ မာရသွန်မိန့်ခွန်းတွင် အိန္ဒိယနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ခြေလှမ်းများနှင့် ပတ်သက်၍ အစိုးရအဖွဲ့၏ ဦးဆောင်မှုအခန်းကဏ္ဍကို သရုပ်ဖော်ကျူးခဲ့သည့်နည်းတူ ဂျမူးရ်နှင့် ကက်ရှ်မီးယားအခြေအနေကဲ့သို့ သွေးဆူစေနိုင်သော ပြဿနာများ ဖြေရှင်းနိုင်စေရေးအတွက် အစိုးရအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်ချက်ကို ရှင်းလင်းတင်ပြခဲ့၏။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပြဿနာနှင့် အဓမ္မပြုကျင့်မှုပြဿနာမှသည် အိန္ဒိယ မွတ်စလင် အမျိုးသမီးများ၏ အိမ်ထောင်ရေး ကွာရှင်းခွင့် ဥပဒေပြဋ္ဌာန်းပေးနိုင်သည်အထိ ဆောင်ရွက်ခဲ့ပုံတို့နှင့် ပတ်သက်၍လည်း ဝန်ကြီးချုပ် မိုဒီက ဆက်လက်ပြောဆိုခဲ့သည်။

အမျိုးသမီးများအတွက် အားတက်ဖွယ်ရာ ကြေညာချက်တစ်ရပ်အဖြစ် အိန္ဒိယတပ်မတော်တွင် အမျိုးသမီးများ ကာလတို စစ်မှုထမ်းခွင့်ရရှိခဲ့ခြင်းမှ အမြဲတမ်းစစ်မှုထမ်းခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခဲ့ပြီဟု ဆိုသည်။

အမျိုးသမီးများသည် အမျိုးသားများနည်းတူ အမြဲတမ်း တပ်ဖွဲ့ဝင်အဖြစ် တပ်မတော်တွင် တာဝန်ထမ်းဆောင်ရန် အခွင့်အရေးရရှိမည်ဖြစ်ကြောင်း မိုဒီက ပြောဆိုသော်လည်း တိုက်ခိုက်ရေး တာဝန်တွင် ပါဝင်ခွင့် ရှိ-မရှိ ၎င်းက အသေးစိတ်ဖော်ပြခြင်း မရှိပေ။

မဒယာပရာဒေ့ရှ်ပြည်နယ်၌ မကြာသေးမီက အဓမ္မပြုကျင့်သူတစ်ဦးကို တရားရုံးတော်က ကြိုးပေးကွပ်မျက်ရန် စီရင်ချက်ချမှတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ဝန်ကြီးချုပ်မိုဒီက ကြိုဆိုလိုက်ပြီး တရားဥပဒေ၏ အထက်တွင် မည်သူမျှ မရှိသင့်၊ တရားဥပဒေစိုးမိုးခြင်းဖြင့် ရိုင်းစိုင်းယုတ်မာသူတို့ မရှိသောလူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်မည်ဟု ဆိုသည်။

ထို့အပြင် ဒါလစ်မျိုးနွယ် ဇာတ်နိမ့်များ၏ လူနေမှုဘဝ မြင့်မားတိုးတက်စေရေးအတွက် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်နေပုံနှင့် ပတ်သက်၍လည်း ခေါင်းဆောင်ကြီး မိုဒီက အလေးအနက်ပြုပြောကြားခဲ့သည်။

မိုဒီ၏ မိန့်ခွန်းတွင် အထူးခြားဆုံး၊ အရေးအပါဆုံး အချက်အဖြစ် ပြည်သူ့ကျန်းမာရေး အာမခံအစီအစဉ်ကို တွေ့မြင်ရသည်။ အိန္ဒိယပြည်သူ သန်း ၅၀၀ အတွက် နှစ်စဉ် မိသားစုတစ်စုလျှင် ဒေါ်လာ ၇၀၀၀ ခန့် တန်ဖိုးရှိ အခမဲ့ဆေးဝါးကုသခွင့်ပေးမည့် ကျန်းမာရေးအစီအစဉ်ကို စက်တင်ဘာတွင် စတင်အကောင်အထည်ဖော်မည်ဟု မိုဒီက အားပါးတရ ကြေညာခဲ့လေသည်။

ဆင်းရဲသားပြည်သူများသည် စံနှုန်းမြင့် ကျန်းမာရေး စောင့်ရှောက်မှုကို ၎င်းတို့ တတ်စွမ်းသော ငွေကြေးပမာဏဖြင့် ရယူနိုင်တော့မည်ဆို၏။

အိန္ဒိယနိုင်ငံသည် နိုးထလာသော ဆင်ကြီးတစ်ကောင်အလား ကမ္ဘာ့စီးပွားရေးနယ်ပယ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာတော့မည်ဆိုသော ဝန်ကြီးချုပ် မိုဒီ၏ တင်စားချက်ကို တွေးတောမိရင်း အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်ဝှမ်း၌ ကျက်စားသော ဂင်္ဂေါယျဆင်ကြီးများ၏ အားမာန်ကြီးပုံကို အလေးမူလျက် "ဂင်္ဂေါယျဆင်မင်း အားမာန်တင်း နိုးထခြင်းသို့ရောက်" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။



Ref:
Independence Day 2018 HIGHLIGHTS: PM Modi announces healthcare scheme (Indian Express)

## ဒုတိယဝန်ကြီး ဦးလှကျော် ဘားအံမြို့ရှိတောင်သူများနှင့်တွေ့ဆုံ

**ဘားအံ ဩဂုတ် ၁၈**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် မြိုင်ကလေးဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာစိုက်ခင်းတွင် ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီက ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသော တောင်သူများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် မျိုးနှင့် သွင်းအားစု၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး အတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တောင်သူတို့၏တင်ပြမှုများအား ပေါင်းစပ်ဖြည့်ဆည်း ပေးကာ မျိုးစပါးများပေးအပ်ခဲ့ကြပြီး ရွှေ့လျားမြေဆီလွှာ ဓာတ်ခွဲဌာနမှ ခင်းကျင်းပြသထားမှုအခြေအနေကို ကြည့်ရှုခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဘားကပ်ကျေးရွာ တစ်မြို့နယ်တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ တောင်သူပညာပေးစခန်းအနီးတွင် ရေနစ်မြုပ်ပျက်စီးသည့် စပါးစိုက်ခင်းများ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် စုပေါင်းပျိုးခင်းဆောင်ရွက်ထားမှုအခြေအနေ၊ စက်မှုလယ်ယာဦးစီးဌာန ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်ထွန်ယက်နေမှုအခြေအနေ၊ ရေနစ်မြုပ်ပျက်စီးသွားသည့် စပါးစိုက်ခင်းများ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေး ဘားအံခရိုင်စိုက်ပျိုးရေးရုံးရှိ မျိုးစပါး သိုလှောင်ရုံတွင် မျိုးစပါးများသိုလှောင်ထားမှုအခြေအနေကို ကြည့်ရှုကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ညွှန်ကြားရေးမှူးချုပ်များသည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ရဲသူရခန်းမတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ ရေကြီးနစ်မြုပ်ခံခဲ့ရသော မိုးစပါးစိုက်ခင်းများ၌ ကောက်ကွက်ဖာခြင်း၊ ပြုပြင်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်း စသည့်လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရေး၊ သဘာဝဘေးခံစားခဲ့ရသော်လည်း ပြည်နယ်၏ စိုက်ပျိုးထုတ်လုပ်မှု ပုံမှန်တိုးတက်မှုရရှိရေးနှင့် နည်းပညာအပါအဝင် လိုအပ်ချက်များ ကူညီပေးနိုင်ရန်အတွက် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် အားကစားသမားများအား တွေ့ဆုံအားပေး

**ရန်ကုန် ဩဂုတ် ၁၈**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် အဖွဲ့သည် ဩဂုတ် ၁၈ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၌ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် နိုဝင်ဘာ ၁၂ ရက်မှ ၂၆ ရက်ထိ ကမ္ဘာ့ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသော လက်ရွေးစင်အားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကမ္ဘာ့ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ပြုလုပ်နိုင်ရန်အတွက် GRAND MERCURE YANGON GOLDEN EMPIRE မှ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်သို့ ကျပ်သိန်း ၅၀ လှူဒါန်းရာ အဖွဲ့ချုပ် နာယက ဦးဝင်းသောင်းနှင့် ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်တို့က လက်ခံခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်သည် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကရာတေးဒို၊ စစ်တုရင် အားကစားသမားများအားလည်းကောင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ပြုလုပ်မည့် ICC World Twenty Asia (B) Qualifier 2018 တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ခရစ်ကက်အားကစားသမားများ အားလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင်ပြုလုပ်မည့် 30th SEA Games ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အလေးမ၊ ဘော်လီဘော အားကစားသမားများအား လည်းကောင်း လိုက်လံတွေ့ဆုံ အားပေးခဲ့ကြောင်း သိရသည်။

**ကိုကြည်**

## လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ ဩဂုတ် ၁၈**
မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရခိုင်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်က အမှာစကားပြောကြားပြီး အမှတ် ၅ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ရဲမှူးဌေးအောင်က လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများ ကျင်းပနိုင်ရန်၊ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး၊ ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ဆုများထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်နိုင်ရေးနှင့် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆီဆိုင်၌ စာအုပ်ပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်များ လှူဒါန်း

**ဆီဆိုင် ဩဂုတ် ၁၈** ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ကုန်းဆွတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် မြေနီကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့၌ နံရံကပ်စာစောင်၊ စာအုပ်ပြပွဲ၊ နယ်လှည့်ဟောပြောပွဲနှင့် စာအုပ်များ လှူဒါန်းပွဲကျင်းပခဲ့သည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

### တိုတိုထွာထွာဖတ်စရာ

## ဝပ်လုံကြွမ်တောင်းစေတီတော်၌ သန့်ရှင်းရေးဆောင်ရွက်

**မိုင်းယု**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့မရပ်ကွက်ရှိ ဝပ်လုံကြွမ်တောင်းစေတီတော်မြတ်ကြီး သန့်ရှင်းသာယာစေရေးအတွက် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ရပ်ကွက်နေပြည်သူ ၆၀ ကျော်ခန့်က ဝပ်လုံကြွမ်တောင်းစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ရင်ပြင်ဘေးပတ်ဝန်းကျင်တွင်ရှိသော သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းဟောင်းများပြန်လည်ဖောက်လုပ်ပေးခြင်းနှင့် အမှိုက်များသိမ်းဆည်းခြင်း စသည့်လုပ်ငန်းများကို ပူးပေါင်းပါဝင် ကုသိုလ်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရွှေနမ့်လွေ(မိုင်းယု)**

## ကလေး၌ ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေး

**ကလေး**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများသည် ရပ်ကွက်များသို့ အလှည့်ကျကွင်းဆင်း၍ ယာဉ်မောင်းလိုင်စင်များပြုလုပ်ပေးခြင်း၊ သက်တမ်းတိုးဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်က ကလေးမြို့ အောင်မြေမာန်ရပ်ကွက် ရွှေဘုံသာဘုရားကြီးတွင် ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**



ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက်ရှိ အထက ၁ ဒဂုံခန်းမ၌ ဩဂုတ် ၁၆ ရက်တွင် အဆိုပါကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၅၀ တို့အား ဒဂုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်နီချစ်သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး ပညာပေးဟောပြောစဉ်။ **ကိုရဲ**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏(၁၅)ကြိမ်မြောက် အစည်းအဝေးမှအတွေ့အကြုံများ ရှင်းလင်း

**မြစ်ကြီးနား ဩဂုတ် ၁၈**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၏ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအတွေ့အကြုံများအား ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်မှ ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက နိုင်ငံတစ်ဝန်း မှုခင်းများ တရားစီရင်ရာတွင် ကြန့်ကြာမှုမရှိစေရေး၊ အဂတိတရားကင်းရှင်းရေး၊ အမှုအခင်းများအား သမာသမတ်ကျစွာ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ သက်သေလိုအပ်သည့် အမှုအခင်းများအား သက်သေခေါ်ယူစစ်ဆေးခြင်းနှင့် မှုခင်းစစ်ဆေးပေါ်ပေါက်ချက်အပေါ် စီရင်ဆုံးဖြတ်ချက်ချရေး၊ တရားစီရင်ရေးအရာရှိများ အနေဖြင့် ကျင့်ဝတ်နှင့်ဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်ကာ အကြီးအကဲများ၏ လမ်းညွှန်ချက်များကို လိုက်ပါလုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တရားရုံးများမှ တရားစီရင်ရေးအရာရှိများ အင်အား ၄၀ တက်ရောက်ကြောင်း သိရသည်။



**သူရိန်စိုး (ကချင်မြေ)**

## အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၈**
မွန်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ NGO၊ INGO အဖွဲ့များမှ တာဝန်ရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းအောင်ကြည်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက်ငါးနှစ်အောက်ကလေးများကို အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရသံဓာတ်ဆေးပြားနှင့် ဗီတာမင်ဆေးပြားများ ဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရသအလင်းရောင် စာပေစကားဝိုင်းဆွေးနွေးပွဲ အလင်းရောင်ခြည်စာကြည့်တိုက်တွင်ကျင်းပ

**အောင်မြေသာစံ ဩဂုတ် ၁၈**
အရိပ်စိမ်းအနုပညာနှင့် စာပေဝန်ဆောင်မှုလုပ်ငန်းအစီအစဉ်က ကြီးမှူး၍ ခုနစ်ရက်တစ်သီတင်းနှင့် ရသအလင်းရောင်စာပေစကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် ၆၂ လမ်းထောင့်ရှိ လင်းရောင်ခြည်စာကြည့်တိုက်တွင် ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် အလင်းရောင်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်လွင်က ရသစာပေစကားဝိုင်းဆွေးနွေးမည့် စာရေးဆရာကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် အမျိုးသားစာပေဆုရစာရေးဆရာ နေဝင်းမြင့်၊ စာရေးဆရာ သိုက်ထွန်းသက်၊ ဂျူဇော်၊ မောင်မိုင်းလွင်(အင်းဝ)နှင့် ဆရာဆူးငှက်တို့က စာဖတ်ခြင်းအကျိုးကျေးဇူးများနှင့် ရသစာပေအကြောင်း စာပေစကားဝိုင်းဟောပြောဆွေးနွေးကြရာ မန္တလေးမြို့ရှိ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# ဧရာဝတီတိုင်းဒေသကြီး (အရှေ့)မိသားစုများ၏ အားကစားပွဲတော် ကျင်းပ

**ဖျာပုံ ဩဂုတ် ၁၈**

ဖျာပုံခရိုင် အားကစားနှင့် ကာယသိပ္ပံ ဦးစီးဌာနနှင့် PGMF တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး (အရှေ့)မိသားစုများ၏ အားကစားပွဲတော်ကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ရှိ မြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အတူတူ အလုပ်လုပ်နေကြတဲ့ လုပ်ငန်းခွင်က မိသားစုတွေအတွက် ရည်ရွယ်ပြီး ကျင်းပပေးခြင်းဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်က လုပ်ငန်းခွင်အသီးသီးမှာ စိတ်ပင်ပန်းမှုတွေ ရှိကြမယ်။ ထွက်ပေါက်အနေနဲ့ ပျော်ပွဲရွှင်ပွဲ ဖြစ်စေတယ်။ ပင်ပန်းသမျှ အပန်းပြေဖို့၊ ဒီဒေသအတွင်း တာဝန်ကျနေတဲ့ ဝန်ထမ်းတွေ ပျော်ရွှင်စွာဆုံစည်းနိုင်ကြစေဖို့ ရည်ရွယ်ပါတယ်။ ဒီလိုအားကစားပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် တစ်ဖက်တစ်လမ်းကနေ ကျန်းမာရေး၊ စိတ်ဓာတ်ဖွံ့ဖြိုးရေး၊ ဦးနှောက်စွမ်းရည်မြင့်မားရေး တို့အတွက် အထောက်အပံ့ဖြစ်စေပါတယ်"ဟု Pact Global Microfinance Fund မှ ဧရာဝတီတိုင်းဒေသကြီး (အရှေ့) မန်နေဂျာ ဦးသန့်ဇင်က ပြောသည်။

အဆိုပါ အားကစားပွဲတော်၌ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။

"ဒီလို အားကစားပြိုင်ပွဲ ကျင်းပပေးတာကို ကြိုဆိုပါတယ်။ အားကစားနဲ့ ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးရာကျပါတယ်။ အဲဒီအတွက် ဝမ်းမြောက်စွာနဲ့ တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ပေးခြင်း



ဖြစ်ပါတယ်"ဟု ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီမြင့်က ပြောသည်။

ဖျာပုံမြို့၌ ကျင်းပခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး(အရှေ့)မိသားစု အားကစားပွဲတော်တွင် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်းမြို့နယ်များရှိ PGMF မှ ဝန်ထမ်း အားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

# ကနီမြို့နယ်အတွင်း လူမှုစီးပွားဘဝနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကွင်းဆင်းစစ်တမ်းကောက်ယူ

**မုံရွာ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ယာကြီးကျေးရွာအုပ်စု ရေယာဉ်ကျေးရွာနှင့် အောင်သပြေကျေးရွာတို့တွင် လူမှုစီးပွားရေးအခြေအနေနှင့် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကာကွယ်တော အတွင်း ဇီဝမျိုးစုံမျိုးကွဲများ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ဝှမ်းဒေသမှာရှိတဲ့ ဇီဝမျိုးစုံမျိုးကွဲနဲ့ လူမှုစီးပွားအခြေအနေကို ကွင်းဆင်းပြီးတော့ လေ့လာသုတေသန ဆောင်ရွက်ဖို့ စီစဉ်တဲ့အထဲမှာလည်း ဒီဒေသကပြည်သူတွေရဲ့ စီးပွားရေး၊ လူမှုရေး ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေးစတဲ့အခြေအနေတွေကို စစ်တမ်းကောက်ယူရာမှာ ကျေးရွာတွေရဲ့ အနီးမှာရှိတဲ့ တောတောင်တွေအတွင်းမှာ နေထိုင်ကျက်စားတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကိုလည်း စစ်တမ်းကောက်ယူပါတယ်။ ဒီဒေသကပြည်သူတွေ တောတောင်တွေ အမှီပြုတဲ့သူတွေကို သဘာဝပတ်ဝန်းကျင်တွေကိုထိန်းသိမ်းဖို့ အရေးကြီးမှုတွေ လူမှုစီးပွားအခြေအနေ ဘယ်လိုလုပ်ကိုင်စားသောက်နေသလဲ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဘယ်လိုပြောင်းလဲချင်သလဲ၊ ပြည်သူလူထုရဲ့အသံ၊ ဆန္ဒကို ကွင်းဆင်းလေ့လာဖြစ်ပါတယ်။ အဲဒီမှာ ကုန်းနေသတ္တဝါ ဇီဝမျိုးစုံမျိုးကွဲတွေ လေ့လာတဲ့အဖွဲ့နဲ့ ကျေးရွာနေပြည်သူတွေရဲ့ လူမှုစီးပွားအခြေအနေကို လေ့လာတဲ့အဖွဲ့ရယ်ဆိုပြီး နှစ်ဖွဲ့ခွဲပြီးတော့ လုပ်ဆောင်ခဲ့ပါတယ်" ဟု မြန်မာ့ပတ်ဝန်းကျင်သိပ္ပံဥက္ကဋ္ဌ ဒေါက်တာဝင်းမောင်က ပြောသည်။

ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ဇီဝမျိုးစုံမျိုးကွဲများအဓိကထိန်းသိမ်းသင့်သည့်နေရာ ၁၁ ခု တည်ရှိပြီး ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် မျိုးစိတ်ပေါင်း ၃၈ မျိုးတို့စုဝေးရာ ဒေသတစ်ခုလည်း ဖြစ်သဖြင့် ၎င်းမျိုးစိတ်များကို ကာကွယ်ထိန်းသိမ်းထားနိုင်ရန်နှင့် ချင်းတွင်းမြစ်ဝှမ်းဒေသရှိပြည်သူများ ချင်းတွင်းမြစ်ကြီးကို ရေရှည်တည်တံ့အသုံးပြုနိုင်စေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စတော့ဟုမ်းပတ်ဝန်းကျင်သိပ္ပံ၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံတို့ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များအား လုပ်ငန်းခွင်အကြိုဆင့်ပွားသင်တန်းပို့ချ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ်ရှိ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းပို့ချမှုများ ပြုလုပ်သည်။



အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီများနှင့် ရွေးကောက်ပွဲခုံရုံးဆိုင်ရာများကို သင်တန်းဆရာ ၁၆ ဦးတို့က ပို့ချပေးမည်ဖြစ်သည်။

ယင်းလုပ်ငန်းခွင် အကြိုသင်တန်းကို ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ပို့ချလျက်ရှိပြီး အခမ်းအနားသို့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်မောင်အေး၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်မောင် (အရှေ့ပိုင်းခရိုင်တာဝန်ခံ)၊ အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာကျော်စိုးဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ သင်တန်းသား မြို့နယ်ကော်မရှင် အဖွဲ့ခွဲဝင်များအပြင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ တောင်ဥက္ကလာပ၊ ဗိုလ်တထောင်နှင့် သာကေတမြို့နယ်များမှ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင် ၃၉ ဦးတို့ တက်ရောက်ကြသည်။

**ဇော်မိုးသောက်**

## တိုတိုထွာထွာဖတ်စရာ

# အမ်းမြို့နယ်၌ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**အမ်း**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် မြို့နယ်ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် လူသရမ်ဝေါလ်ဖက်ဒရေးရှင်းမြန်မာတို့ ပူးပေါင်း၍ ရွှေ့ပြောင်းစီမံကိန်းကျေးရွာခုနစ်ရွာမှ ဖွံ့ဖြိုးရေးကော်မတီဝင်များအား အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကလေးများမွေးစာရင်းပြုလုပ်ခြင်းနှင့် မွေးစာရင်းအရေးပါပုံ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ နှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လျှောက်ထားခွင့်ပြုနိုင်ရေးကိစ္စများနှင့် လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

# ကျောက်ကြီး၌ သီးနှံရေလွှမ်းပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုး

**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသ သောင်လယ်ကျေးရွာအုပ်စု သောင်လယ်ကွင်းအမှတ် (၁၂၆-က ) ရှိ တောင်သူသုံးဦး၏ကွင်း၌ ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ရေကြီးရေလွှမ်းမှုကြောင့် ပျက်စီးခဲ့သော မိုးစပါးရှစ်ဧကကို ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းအား စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ လယ် ၃၇၀၀၉ ဧက ရေကြီးလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁ ရက်မှ ၁၆ ရက်ထိ ရေပြန်ကျမှုကြောင့် ၃၅၁၀၉ ဧက ရေပြန်ပေါ်ကာ ထိခိုက် ၁၇၉၉၅ ဧကနှင့် ထိခိုက်ဧကပေါ်တွင် ပျက်စီးဧက ၇၇၇၂ ဧကရှိခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# မယ်စဲ့မြို့ လူထုအခြေပြုဗဟိုဌာန၌ Woman's Club ဖွဲ့စည်း

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ Woman's Club ဖွဲ့စည်းခြင်းကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က Woman's Club ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော Woman's Club အဖွဲ့ဝင်များက အမျိုးသမီးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ရပိုင်ခွင့်များ၊ ဘဝလုံခြုံရေး၊ အိမ်တွင်းအကြမ်းဖက်ခံရမှုမရှိစေရေး စသည့်အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ညောင်လေးပင်၌ ယူနီဆက်မှပေးပို့သော ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာများရှိ ပြည်သူများအား ယူနီဆက်မှပေးပို့ထောက်ပံ့သောပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းကို ဩဂုတ် ၁၇ ရက်က ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ကျင်းပသည်။

ရေဘေးသင့်ပြည်သူများအတွက် ယူနီဆက်မှ ထောက်ပံ့ပေးအပ်သော ပစ္စည်းများတွင် ကိုယ်တိုက်ဆပ်ပြာ၊ အိမ်သုံးဆပ်ပြာ၊ ရေခွက်၊ ၁၀ လီတာရေပုံးသေးနှင့် ၂၀ လီတာရေပုံးကြီး ၃၇၂ ပုံး၊ ၁၀ လီတာရေဘူး ၁၁၂ ဘူး၊ အိမ်သာခွက်၊ အိမ်သာပိုက် ၂၂ ခု၊ ကလိုရင်းဆေးထုပ် ၂၈ ထုပ်တို့ကို ရေဘေးသင့်ကျေးရွာပေါင်း ၃၆ ရွာ၊ အိမ်ထောင်စု ၂၆၃၆ အတွက် မြို့နယ်ကျေးလက်ဦးစီးဌာနမှတစ်ဆင့် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ယာဉ်အန္တရာယ်နှင့်မှုခင်းကျဆင်းရေး စီစီတီဗွီကင်မရာများတပ်ဆင်

**ပေါင်းတည်**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ရန်ကုန်-ပြည် ကားလမ်းမပေါ် လူစည်ကားရာနေရာများတွင် မီးပွိုင့်လေးခုတပ်ဆင်ထားပြီး ဩဂုတ်လပထမပတ်မှ စီစီတီဗွီကင်မရာလေးလုံး ထပ်မံတပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ မီးပွိုင့်တပ်ဆင်ထားပြီးသည့်အပြင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများ ကာကွယ်ရန်နှင့် မှုခင်းကျဆင်းရေး၊ မှုခင်းဖြစ်ပေါ်ပါက တိကျလွယ်ကူစွာ ဖော်ထုတ်နိုင်ရေးအတွက် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုအဖွဲ့နှင့် အလှူရှင်ခုနစ်ဦးတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့လယ်ရှိ လမ်းခြောက်လမ်းစုံတွင် အဆိုပါကင်မရာများကို တပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

# ကျောက်ဆည်၌ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ကျောက်ဆည်**

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို ၁၁ ရက်ကြာ စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ပြီး ကျေးရွာများမှ သင်တန်းသား ၃၀ ကို ဦးစွာသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ ကျန်သင်တန်းသားများကိုလည်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# လှိုင်သာယာ၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ၈ ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက ပညာရေးမှူး ဆရာမကြီး ဒေါ်အေးအေးကြွယ်ဦးစီး၍ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြတ်စိုးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က ဟောပြောခဲ့ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# ဆီးချိုနဲ့ အတူနေထိုင်ခြင်း




**ဒေါက်တာနေမျိုးဦး**

"ဆရာ ကျွန်မ ဘာမှမစားဘဲနေတယ်။ ဒါလည်း ဆီးချိုတက်တာပါပဲ။ ရေသောက်ရင်တောင်တက်နေလားမသိပါဘူး"

ဆီးချိုရောဂါဝေဒနာသည်များဆီက မကြာခဏကြားရလေ့ရှိတဲ့စကားပါ။ ဆီးချိုဟာ အစားသောင်းကျန်းအစားမဆင်ခြင်လို့ဖြစ်တယ်ဆိုတဲ့ အယူအဆဟာ လူနာနဲ့ လူနာရှင်တော်တော်များများသာမက ဆရာဝန်တွေမှာပါ စွဲကပ်နေတဲ့အစွဲတစ်ခုပါ။

ဒီအစွဲကနေဖြစ်လာတာက ဆီးချိုရောဂါသည်များကို ခွဲခြားဆက်ဆံတဲ့ စနစ်တကျအနိုင်ကျင့်မှုကြီးပါပဲ။

"ခင်ဗျားက အစားမှမဆင်ခြင်ဘဲ ဆေးသောက်လည်း အလကားပဲ" စသဖြင့် ပြောကြဆိုကြပါတယ်။

"အစားသရမ်းတယ်။ အစားမက်တယ်လို့" ပြောခံရတော့ လူနာတော်တော်များများဟာ မျက်နှာလေးမှုန်ပြီး ကုပ်(ဂုတ်)ပု သွားတတ်ကြပါတယ်။

အချိုစားတာနဲ့ ဆီးချိုဟာ တကယ်တော့ ကြက်ဥနဲ့ ကြက်မလိုပါပဲ။ ဘယ်သူအရင်လာလဲဆိုတာကို မကွဲပြားပါဘူး။ နောက်ပိုင်းလေ့လာတွေ့ရှိချက်တွေအရ လူ့ခန္ဓာကိုယ်ဟာ ဆီးချိုဖြစ်ပြီးနောက်မှာမှ အချိုကို ပိုတောင့်တလာတတ်တယ်လို့ သိရပါတယ်။

တကယ်တော့ ဆီးချိုရောဂါအမျိုးအစား (၂) ဟာ စစချင်းမှာ သကြားကို ခြေဖျက်တဲ့ အင်ဆူလင်ဟော်မုန်းအထွက်နည်းတာမဟုတ်ဘဲ ထွက်သမျှအင်ဆူလင်ကို ကိုယ်ခန္ဓာက မသိတာက စပါတယ်။ ဦးနှောက်ထဲက အစာစားဖို့ထိန်းချုပ်ပေးတဲ့ နေရာမှာ အင်ဆူလင်နဲ့ ဆက်စပ်ဟော်မုန်းတွေ ထိန်းချုပ်မှုမမှန်တာကြောင့် ဆီးချိုဖြစ်ပြီဆိုရင် "အချိုကို တမ်းတခြင်း" ဖြစ်ရတာပါ။

ဆီးချိုကြောင့် ဆီးသွားလွန်ပြီး ရေဓာတ်ခန်းခြောက်နေတာကြောင့် အရည်ရွှမ်းတဲ့အသီးတွေ၊ ဖျော်ရည်တွေ တွေ့ရင် အရူးအမူးဖြစ်စေပါတယ်။ အရင်က ဖရဲသီး၊ သင်္ဘောသီးမစားတဲ့လူက ဆီးချိုဖြစ်ပြီးမှ အလွန်စားကြတာ တွေ့ဖူးပါတယ်။

တစ်ခါက ဆီးချို ၄၀၀-၅၀၀ ကျော်တက်တဲ့ လူနာတစ်ယောက်က ဘာပြောဖူးလဲဆိုတော့ "ဆရာ ကျွန်တော်အခု ဆီးချိုတက်မှာမို့ ထမင်းမစားတော့ဘူး။ ဖရဲသီးပဲစားတော့တယ်။ ဒါပေမယ့် ဖရဲသီးစားလည်း တက်တာပါပဲ" လို့ ညည်းတွားဖူးပါတယ်။

ဆီးချိုရောဂါကိုကုရာမှာ 'ဘာမှမစားနဲ့' လို့ပြောတာထက် ဘယ်လိုအချိန်မှာတော့ ဘယ်အစားအစာတွေကို မစားနဲ့လို့ ပြောတာက ပိုမှန်ပါတယ်။ လူနာကို အစားအစာ ရွေးချယ်တတ်အောင် သင်ပေးတာ အမှန်ဆုံးပါပဲ။

ကျွန်တော့်ဆရာကြီး ဦးတင့်ဆွေလတ်က သူ့လူနာတွေကို ဆီးချိုတက်ချိန်မှာ

၁။ သစ်သီး၊ သစ်သီးဖျော်ရည်တွေ

၂။ အချိုရည်တွေ (ရေဆာရင် ရေပဲသောက်ပါ)

၃။ မုန့်အချိုတွေကို ရှောင်ခိုင်းလေ့ရှိပါတယ်။

ဆရာကြီးက သူ့လူနာတွေကို ထမင်းဟင်း၊ ခေါက်ဆွဲစတာတွေကို ကောင်းကောင်းမွန်မွန်စားခိုင်းပါတယ်။ ဆီးချိုရောဂါသည်တွေအတွက် ပတ်ဝန်းကျင်မှာ ဆေးဝါးသာမက အစားအစာနဲ့ပတ်သက်ရင်ပါ အယူအမှားတွေ ရှိနေပါတယ်။

ဥပမာ အိန္ဒိယကလာတဲ့ Basmati ဆန်စားရင် ဆီးချိုမတက်ဘူးဆိုပြီး Basmati ဆန် အစစ်မမြင်ဖူးတဲ့ လူတွေကို ငကျွဲသာသာလောက်ရှိတဲ့ Long Grain Rice တွေကို လိမ်ရောင်းတာ ဝယ်စားတဲ့လူတွေလည်း တွေ့ဖူးပါတယ်။

အတွေ့အကြုံအရ ဆီးချိုလူနာအများစုဟာ ညစာမစားတာတို့ ထမင်းတစ်နပ်ရှောင်တာတို့လုပ်ပြီး ထမင်းအစားကို အချိုရည်တွေ၊ အသီးတွေနဲ့ ဗိုက်ဖြည့်ကြပြီး ကိုယ့်ဟာကိုယ် ကျန်းမာရေးဂရုစိုက်လှပြီလို့ ထင်တာပါပဲ။ ဒါဟာ အတော်မှားတဲ့ အမူအကျင့်ဖြစ်ပြီး ဒီလိုလုပ်တဲ့လူနာကို ကုရအတော်ခက်ပါတယ်။

လူနာတွေအနေနဲ့က ကိုယ်ဟာ အချိုတွေ၊ အရည်ရွှမ်းတဲ့အသီးတွေကို တမ်းတလာပြီဆို ဆီးချိုတော့ ဖောက်နေပြီဆိုတာ သိသင့်ပါတယ်။ အကောင်းဆုံးကတော့ နေ့လယ်စာ၊ ညနေစာ မစားခင်နဲ့ စားပြီးအချိန်တွေမှာ ဆီးချိုကို ရှောင်တခင်စစ်ကြည့်သင့်ပါတယ်။ အင်ဆူလင်ထိုးမနေတဲ့ လူနာဆိုရင် တစ်ပတ်ကို သုံးလေးကြိမ်လောက်စစ်ရင်ရပါတယ်။ ဒီလိုဆို ကိုယ်က ဒီနေ့တော့ ဘာရှောင်မယ်ဆိုပြီး အစားအစာကို ရွေးချယ်စားတတ်ဖို့လိုပါတယ်။

ဒီနေရာမှာ လူနာတွေဟာ ဆရာဝန်စကား နားထောင်တာထက် ကိုယ့်ဆီးချိုရဲ့အထာကို ကိုယ်သိဖို့လိုပါတယ်။ အသက်ကို ဉာဏ်စောင့်ဖို့လိုပါတယ်။ ဆီးချိုကြောင့် စောစောစီးစီးသေသွားကြသူအများဟာ ဆီးချိုတက်နေရင် ဘယ်အစားကိုတော့ ရှောင်ရမယ်ဆိုတာကို မသိကြလို့ပါ။

နောက်တစ်ခုသိထားရမှာက ဆီးချိုရောဂါဟာ အမြဲရွေ့လျားပြောင်းလဲနေပါတယ်။ တချို့လူနာတွေရဲ့ ဆီးချိုဟာ ဆေးတစ်မျိုးတည်းသောက်ပြီး တစ်သက်လုံး ငြိမ်နေပေမယ့် တချို့လူနာတွေရဲ့ဆီးချိုဟာ ဆေးသောက်၊ အစားဆင်ခြင်ပေမယ့် တရွေ့ရွေ့တိုးနေတဲ့ သဘောရှိပါတယ်။ ဒါဟာလည်း လူနာရဲ့ အပြစ်မဟုတ်ဘဲ သူ့ရောဂါကိုက ဆေးတစ်မျိုးတည်းနဲ့မတိုးတော့တာပါ။

ဒီလို တရွေ့ရွေ့ဆိုးလာတဲ့ ဆီးချိုတွေကို မြန်မာပြည်မှာ ကုရတာ တော်တော်ခက်ပါတယ်။

အဓိကကတော့ ဆေးဝါးမစုံလင်တဲ့ ပြဿနာပါ။ ယနေ့ မြန်မာပြည်မှာ ဆီးချိုရောဂါကို တစ်ဖက်ကမ်းခတ်ကုသနိုင်တဲ့ အထူးကုဆရာဝန်ကြီးတွေရှိပေမယ့် ပြည်သူတွေတကယ်ရနေတဲ့ ကုသမှုကတော့ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင်တောင် ၁၀ နှစ်လောက် နောက်ကျနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးဝါးအသစ်တွေကို ပြည်တွင်းကိုသွင်းရာမှာ မလိုအပ်ဘဲ ကြန့်ကြာနေမှုတွေရှိနေလို့ပါ။

အခုဆိုရင် Metformin နဲ့ Diamicron ဆိုတဲ့ ဆေးနဲ့ သူ့အနွယ်တူဆေးတွေကလွဲရင် ကျန်တာ Pioglidazone ဆိုတဲ့ Side Effect များလွန်းလို့ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ မသုံးတော့တဲ့ဆေးရယ် ကောင်းပေမယ့် အားပျော့တဲ့ Sitagliptin အုပ်စုတွေကလွဲရင် သောက်ဆေးမှာ ရွေးချယ်စရာ သိပ်မရှိပါဘူး။ အင်ဆူလင်ဆိုလည်း နှစ်မျိုး သုံးမျိုးလောက်သာရှိပြီး တစ်နိုင်ငံလုံးအနေနဲ့ဆို အင်ဆူလင်ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုကုသရဲတဲ့ဆရာဝန် တော်တော်ရှားပါတယ်။

ခုဆိုရင် သွေးထဲမှာပိုနေတဲ့ သကြားတွေကို ဆီးထဲကနေ စွန့်ထုတ်ပစ်နိုင်တဲ့ Dapagliflozin ဆိုတဲ့ ဆေးတွေ၊ တစ်ပတ်တစ်ကြိမ်သာထိုးရတဲ့ GLP-1 Analog တွေ၊ သုံးရက်တစ်ကြိမ်ပဲထိုးရတဲ့ Insulin တွေ တခြားနိုင်ငံတွေမှာ သုံးနေကြပါပြီ။ အဓိကလိုအပ်တာက FDA အနေနဲ့က ပြည်သူအတွက် အကျိုးရှိမယ့်ဆေးတွေကို မြန်မြန်ခွင့်ပြုဖို့နဲ့ ဆေးကုမ္ပဏီတွေအနေနဲ့လည်း ရှိပြီးသားဆေးတွေကိုပဲ အပြိုင်အဆိုင်သွင်းနေမယ့်အစား ဆေးအသစ်တွေကို လေ့လာပြီး အထူးကုဆရာဝန်များနဲ့ တိုင်ပင်ကာ သွင်းသင့်ပါတယ်။ နောက်ပြီး ရိုးရှင်းပြီး ကုရလွယ်တဲ့ ဆီးချိုလူနာတချို့ကို မိသားစု ဆရာဝန်တွေလက်ထဲ လွှဲပေးဖို့ဖြစ်ပါတယ်။

ခုဟာက Metformin Diamicron ပြီးလို့ ဆီးချိုမထိန်းနိုင်တော့ရင် 'နင်အစားပုတ်လို့ဖြစ်တာ' ဆိုပြီး ရှေ့ဆက်တိုးလို့မရဘဲ ဖြစ်နေပါတယ်။ Insulin စဖို့ကျပြန်တော့လည်း ပေးမယ့်လူက မပေးရဲသလို လူနာကလည်း အသားနာမှာမို့ ကြောက်ကြပါတယ်။ ဒီလိုနဲ့ပဲ လူနာတွေဟာ ကျောက်ကပ်တွေပျက်ပြီး ဆီးချိုရဲ့ နောက်ဆက်တွဲတွေကို မရှုမလှခံရကာ ဇာတ်သိမ်းကြရပါတယ်။

ဒီတော့ အချုပ်အနေနဲ့ပြောရရင်-

၁။ ဆီးချိုဟာ သင်အစားပုတ်လို့ဖြစ်တာထက် ဆီးချိုကြောင့် အစားပိုစားမိနေတာပါ။

၂။ ထမင်းဟင်း သုံးနပ် မှန်မှန်စားပြီး ဆေးမှန်မှန်သောက်ရင် သင့်တာဝန်ကျေပါတယ်။ ဒါမှ ဆီးချိုတက်ရင် ဆရာဝန်ရဲ့တာဝန်ပါ။

၃။ ဆီးချိုကိုတိုက်ရာမှာ လက်နက်အသစ် ဆေးအသစ်တွေလိုသလို တပ်သားအသစ်ဖြစ်တဲ့ GP တွေကို Insulin စပေးနိုင်လောက်အောင် အရည်အသွေးမြှင့်ဖို့လိုပါတယ်။

၄။ အကောင်းဆုံးကတော့ ရှိပြီးသား ဆီးချိုဆေးကို အရည်အသွေး စိတ်ချရတဲ့ Brand တစ်မျိုး နှစ်မျိုးပဲသွင်းစေပြီး ကျန်တာကို မရောက်သေးတဲ့ဆေးတွေ သွင်းစေသင့်ပါတယ်။

ဆီးချိုရောဂါသည်များ တရားခံလို ကုပ်(ဂုတ်)ကလေးပုပြီး ဆေးခန်းက ထွက်လာတာမမြင်ချင်ဘဲ ကိုယ့်ခန္ဓာကိုယ့်ဘဝကို စိတ်တိုင်းကျ ထိန်းချုပ်ပြုပြင်နိုင်တဲ့ လွတ်လပ်တဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေ။ ။

## တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ ခြောက်နိုင်ငံမှ လက်ဝှေ့အကျော်အမော်များ ယှဉ်ပြိုင်မည်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူးပြီး Myanmar Media Group မှ စီစဉ်ကျင်းပသော တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။



တတိယအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံပြိုင်ပွဲကြီးတွင် မြန်မာ၊ ထိုင်း၊ ကနေဒါ၊ ဂျပန်၊ ကွန်ဂိုနှင့် ဩစတြေးလျ... ဩီလာရုစ်နိုင်ငံတို့မှ လက်ဝှေ့အကျော်အမော်များ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလက်ဝှေ့တွဲဆိုင်းများအဖြစ် ၆၅ ကီလိုတန်းတွင် ထွန်းလွင်မိုး(မြန်မာ) နှင့် မီဘွန်း (ထိုင်း)၊ ၇၀ ကီလိုတန်းတွင် ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး) နှင့် စောဂေါ်မူဒို(သတ္တိ)၊ ၅၇ ကီလိုတန်းတွင် ရဲသွေးနီ(မြန်မာ)နှင့် ဟာမာမိုတိုယူတာကက် (ဂျပန်)၊ ၇၃ ကီလိုတန်းတွင် ရွှေရာမာဉ် (မြန်မာ)နှင့် ကိုဟီတိုခဲရှီ (ဂျပန်)၊ အလွတ်တန်းတွင် ဒေဝ (မြန်မာ) နှင့် ဒီဆဲလက်ခ် (ထိုင်း)၊ ၈၀ ကီလိုတန်းတွင် ထွန်းထွန်းမင်း (မြန်မာ) နှင့် ဒါရီလိုကုကု (ဒီအာကွန်ဂို) တို့က ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၆၀ ကီလိုတန်း အမျိုးသမီးပွဲစဉ်တွင် ဘရောနီကာ (မြန်မာ) နှင့် အယ်လီနာမစ်ချက်ပ် (ဘီလာရုစ်) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

တွဲဆိုင်းများအားလုံး သုံးမိနစ်ထိုး၊ နှစ်မိနစ်နားငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ငါးချီပြည့်သည်အထိ အလဲမထိုးနိုင်ပါက ပူးတွဲချန်ပီယံအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။**အောင်ကျော်ဦး**

## သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မြောင်းမြ ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ 'သက်ငယ်မုဒိမ်းပပျောက်ရေး' ခေါင်းစဉ်ဖြင့် ပဉ္စမအကြိမ်မြောက် ပြည်သူ့စကားဝိုင်းကို မြောင်းမြမြို့ အထက (၁) ပညာရတနာခန်းမ၌ ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ဂင်စော၊ မြောင်းမြမြို့မ ရဲစခန်းမှူး ဒုရဲမှူး အောင်ဇော်မင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးအရာရှိ ဒေါ်ဝင့်သီရိမင်း၊ စေတနာလူမှုဝန်ထမ်းအရာရှိ ဦးရွှေဝင်း၊ မြို့နယ်စာရေးဆရာအသင်းမှ မောင်ဖြူစင်(မြောင်းမြ)တို့က သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ ဥပဒေအကြောင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ သက်ငယ်မုဒိမ်းမှုဖြစ်နေသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ ကြိုတင်ကာကွယ်ရေးနှင့် စိတ်လူမှုဆက်ဆံရေး ပံ့ပိုးကူညီမှု ဆောင်ရွက်ချက်များ၊ ကိုယ်ကျင့်တရားနှင့် လူမှုပတ်ဝန်းကျင် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

အထက (၁) အထက်တန်း၊ အလယ်တန်း၊ ကျောင်းသား ကျောင်းသူ ၇၀၀ ခန့် တက်ရောက်ခဲ့ကာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**




## အိမ်ရောင်းမည်

ကြည့်မြင်တိုင်၊ ဟုန်းလမ်း၊ ပန်းလှိုင်အိမ်ရာ၊ မြေညီထပ် ရောင်းမည်။

**ဖုန်း-၀၉-၅၀၀၂၆၈၆**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက ဖိုးဦးစိန်ကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မအိဖြူသိန်း၊ အလက တမာတကေကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဇင်မင်းသူ၊ ဒုတိယတန်းမှ မောင်ရန်ပိုင်မျိုးတို့၏ ဖခင် အမည်မှန်မှာ ဦးမျိုးသိန်း [၇/ဝမန(နိုင်)၁၀၈၄၄၀] ဖြစ်ပါကြောင်း။

**ဦးမျိုးသိန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ အထက(၃) ဒဂုံအရှေ့ တက္ကသိုလ်ဝင်တန်း(D)မှ မရွှေထားဘောရိ၏ ဖခင် ဦးကမ်လွန်း [၄/ထတလ(နိုင်)၀၀၁၃၁၅] အမည်မှန်မှာ ဦးကဲမ်းလုံး တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကဲမ်းလုံး**

## မြေရှင်နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည်

တောင်ဥက္ကလာပမြို့နယ်ရှိ မြေကွက်များပေါ်တွင် မြေရှင်နှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်၍ တိုက်ခန်းများ ဆောက်လုပ်လိုသည်။ **ဆက်သွယ်ရန်- ၀၉-၄၂၁၁၅၇၆၄၀၊ ၀၉-၉၆၉၉၀၇၀၆၀**

## ရောင်းမည်

တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ မြေ ၅၀ × ၁၀၀ ပေ ၄၅ × ၈၀ ပေ အဆောက်အဦ တစ်လုံးပါ၊ ရေမီးပါဝါမီတာ (သိန်း ၁၄၀၀၀ ကျပ်) ဆက်သွယ်ရန် - ၀၉ ၅၁၃၈၁၃၈၆



**"စိုင်းခွန်ခေနာင်" ကုမ္ပဏီ**

အိမ်ခြံမြေနှင့် ဥပဒေဝန်ဆောင်မှုလုပ်ငန်း

ဝယ်/ငှား သင့်တော်သောနေရာကောင်းများ (ပွဲခအမြဲ)

01-8603565~7, 01-233 1172~4, 09 4431 65656, 09 250 373716, 09 4430 29696

| | | | |
|---|---|---|---|
| ▪ ပဟန်းပုလဲကွန်ဒိုအခန်းသို့ဘွား | (75×110) | 3RC | 1sqft 2.5L |
| ▪ ကမာရွတ်အင်းယားလမ်းဂရန် | (60×120) | မြေ | 25000L |
| ▪ မရမ်းကုန်းလေဆိပ်လမ်းမဂရန် | (75×150) | မြေ | 17000L |
| ▪ လှိုင်အင်းစိန်လမ်းမနီးသိုဘွား | (7230sqft) | 1RC | 9700L |
| ▪ သဃ်္ဃန်းကျွန်း VIP(I)ဂရန် | (81×65) | 2RC | 7500L |
| ▪ ကမာရွတ်ဝင်ဒါမီယာသို့ဘွား | (26×62) | 2RC | 5500L |
| ▪ ရန်ကင်းပါရမီရိပ်သာဂရန် | (45×100) | မြေ | 4500L |
| ▪ ပဟန်းကမ္ဘာအေးဘုရားလမ်းမ | (0.5ဧက) | 2BN | 80L |
| ▪ မ/ဥသုခမွှာလမ်းမ | (80×145) | မြေ | 72L |
| ▪ မင်္ဂလာဒုံစက်မှုဇုန် | (2.25ဧက) | မြေ | 70L |
| ▪ ပဟန်းအင်းယားမြိုင်လမ်းမ | (60×80) | 2RC | 40L |
| ▪ ရန်ကင်းမိုးကောင်းလမ်းမ | (4300sqft) | 3RC | 38L |
| ▪ တ/ဥသံသုမာလမ်းမ | (60×55) | 1½RC | 30L |
| ▪ သဃ်္ဃန်းကျွန်းဗိုလ်အိမ်ရာ | (80×90) | 2RC | 22L |
| ▪ ပဟန်းရွှေတောင်ကြား | (60×80) | 2RC | 20L |

ဤကြော်ငြာတွင်မပါရှိသော်လည်း လူကြီးမင်းတို့ ဝယ်ယူ/ငှားရမ်းလိုသော နေရာများအား ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။






## ခန်းမ

(အခမဲ့အသုံးပြုနိုင်သည်)

(Hot Pot အဝစား ၆၅၀၀ိ/-) လူ(၉၀)ဆံ့ အအေးခန်း ခန်းမ

- လူမှုရေးအဖွဲ့အစည်း အစည်းအဝေးပွဲများ၊ ပါတီပွဲများ၊ ညစာစားပွဲများ
- ဖျော်ဖြေရေးပွဲများ၊ Promotion ပွဲများ

ကျောက်စိမ်းစားသောက်ဆိုင်၊ သပြေကုန်းဈေးရှေ့၊ နေပြည်တော်

**Ph:067-8108477, 09-765182599**












## ရောင်းမည်

အရှုပ်အရှင်းကင်းနေရာကောင်း အခန်းကောင်း၊ ပေ(၂၅×၄၅) ဒုတိယထပ်၊ လမ်းမတော်မြို့နယ်၊ အိပ်ခန်း(၂)ခန်း၊ ကြွေပြားခန်းလုံးပြည့် ပါကေး၊ အဲယားကွန်း(၃)လုံးပါ အသင့်နေနိုင်။

(အကျိုးဆောင်မလို)

ဖုန်း-၀၉-၄၅၀၄၀၀၉၃၆

မောင်လုမျိုး (ချင်းချောင်းခြံ) (ဒုတိယအကြိမ်) ၏

**" အသည်းကွဲနေသည် "** (လုံးချင်းဝတ္ထု)

– စာအုပ်မျက်နှာဖုံးတွင် (လုံးချင်းဝတ္ထုသစ်)ဟု မှားယွင်းရိုက်နှိပ်မိပါသဖြင့် စာရေးသူ၏ စာဖတ်ပရိသတ်များအား အထူးတောင်းပန်အပ်ပါသည်။

ရွှေသရဖူစာပေ ၀၉ ၅၃၃၆၀၇၃၆

## ဖျံ-၅-ကောင်

အမှတ်တံဆိပ်

**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။


ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)

Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁-၈၃၈၀၁၇၄၊ ၃၉၂၉၆













## အစုရှယ်ယာများစတင်ရောင်းချကြောင်းကြေညာခြင်း

အမတဟိုးလ်ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (Amata Holding Public Co., Ltd.) ကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၁၅၆၃/၂၀၁၇ - ၂၀၁၈ (ရက)ဖြင့် အများနှင့် သက်ဆိုင်သောကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

အမတဟိုးလ်ဒင်းအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် မြန်မာနိုင်ငံအတွင်း ဟိုတယ်များ၊ မီးပုံးပျံ ပျံသန်းခြင်းလုပ်ငန်း၊ အခြား ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော လုပ်ငန်းခွဲများကို (၂၀၁၃)ခုနှစ် မှစတင်၍ လုပ်ကိုင်လျက်ရှိပြီး၊ အခြားမြို့ ကြီးများတွင်လည်း တန်းဖိုးနည်း ဟိုတယ်များ (Budget Hotel) ထပ်မံတည်ဆောက်ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ထား ပါသည်။

အမတဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အနေ ဖြင့် အများပြည်သူများသို့ အစုရှယ်ယာများကမ်းလှမ်းရောင်းချခွင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် ၏ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၁၈)ရက် ရက်စွဲပါ စာအမှတ် - ကော်မရှင်/ ဈေးကွက်ကြီးကြပ်/၁၁၄၇/ ၂၀၁၈ ဖြင့် ရောင်းချခွင့်ရရှိထားပြီး ဖြစ်ရာ ရင်းနှီး မြှုပ်နှံရန် စိတ်ပါဝင်စားသူ အများပြည်သူ များအား အစုရှယ်ယာ တစ်စုလျှင် (၅၀၀၀)ကျပ်နှုန်းဖြင့် အစုရှယ်ယာပေါင်း (၂၀၀၀၀၀၀) အား (၂၀.၈.၂၀၁၈) ရက်နေ့ မှ (၂၁.၉.၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) ကိုလေ့လာနိုင်ရန် နှင့် အစုရှယ်ယာ ဝယ်ယူရန်လျှောက်လွှာပုံစံများအား အောက်ဖော်ပြပါ ငွေချေးသက်သေခံ လက်မှတ် ကုမ္ပဏီများတွင် (သို့မဟုတ်) Amata Holding Public Co., Ltd ၏ရုံးခန်းတွင် ထုတ်ယူလျှောက်ထား ဝယ်ယူနိုင်ပါ ကြောင်း ကြေညာအပ် ပါသည်။

**AYA Trust Securities Company Limited (AYA Trust)**
လိပ်စာ - အမှတ် (၄၁၆)၊ မဟာဗန္ဓုလလမ်း နှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၃၈၆၂၅၉

**CB Securities Company Limited**
လိပ်စာ - အမှတ် ၀၃ - ၀၄၊ Union Financial Centre ၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ - ၈၆၁၀၃၀၉ ~၁၃၊ ၀၁ - ၈၆၁၀၃၃၁~၃၅

**KBZ Stirling Coleman Securities Company Limited**
လိပ်စာ - Strand Square ၊ အမှတ် (၅၃)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ - ၂၃၀၇၃၀၀~၀၂၊ ၂၃၀၇၃၀၅~၀၈

**KTZ Ruby Hill Securities Co., Ltd.**
လိပ်စာ - အမှတ် ၇ - ၆၊ Union Financial Centre(UFC)၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ - ၈၆၁၀၄၈၀


**UAB Securities Company Limited**
လိပ်စာ - အမှတ်၁၀၁၊ မြေညီထပ်၊ The Link Office Towen ဓမ္မစေတီလမ်းနှင့် လင့်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၆၀၃၀၀၉ ~ ၁၈ (လိုင်းခွဲ - ၇၅၅)

**AMATA HOLDING PUBLIC CO., LTD**
အမှတ် ၁၀၊ အင်းယားရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၈၉၉ ၀၄၄ ၀၇၇၊ ၀၉ ၈၉၉ ၀၄၄ ၀၈၈၊ ၀၉ ၈၉၉ ၀၄၄ ၀၉၉။

































## ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)
## (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားခြင်း

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ရန်ကုန်မြို့တွင်သီတင်းသုံးလျက်ရှိသော ကျိုက်မရောနွယ်ဖွား ဆရာတော်အရှင်သူမြတ်(၅)ပါးတို့ကို ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းခြင်းနှင့် စာသင်တိုက်တွင် စာသင်သံဃာအပါး(၇၀)တို့အား ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ မြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည်/မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်/မရသည်ဖြစ်စေ မပျက်မကွက် အတူတကွ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလှူငွေနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းလိုသူများအနေဖြင့် အောက်ပါ အမှုဆောင်အဖွဲ့များထံတွင် ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ပါသည်။**

၁။ ဦးခင်မောင်လေး(ဗိုလ်မှူးကြီး-ငြိမ်း) ၀၉-၉၇၆၂၇၉၈၈၅၊
၂။ ဦးဝင်းဆွေ (GM မြန်မာ့သစ်လုပ်ငန်း-ငြိမ်း) ၀၉-၅၁၅၇၂၅၂၊
၃။ ဦးထွန်းသိန်း (ပညာရေးသုတေသန-ငြိမ်း) ၀၉-၄၄၈၀၃၆၃၂၇၊
၄။ ဦးရွှေသွင်(ခ)ဦးတူး (သုဝဏ္ဏ) ၀၉-၅၀၃၃၂၈၄၊
၅။ ဦးခင်အောင်(Royal Aluminium) ၀၉-၅၀၀၇၀၈၉၊
၆။ ဦးရဲမြင့်(မြန်မာနိုင်ငံဘောလီဘောအဖွဲ့ချုပ်) ၀၉-၈၆၂၇၄၂၂၊
၇။ ဦးကျော်ဆွေ (သာကေတ) ၀၉-၅၀၈၃၈၃၀၊
၈။ ဦးအောင်မိုး (သုဝဏ္ဏ) ၀၉-၄၂၈၁၇၉၉၆၆

**ကျင်းပမည့်ရက် - ၂၅-၈-၂၀၁၈ရက်(စနေနေ့)**
**ကျင်းပမည့်အချိန်- နံနက် ၉း၀၀ နာရီ**
**ကျင်းပမည့်နေရာ- မွန်ပရိယတ္တိစာသင်တိုက်၊ ဗိုလ်တထောင်ဘုရား(အနောက်ဘက်)**
**ညှော်ပရိသတ်များအား နေ့လယ်စာဖြင့်ဧည့်ခံပါမည်။**

**အမှုဆောင်အဖွဲ့**
**ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)**

## တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားခြင်း

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်မှုဓော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်များ၊ အသင်းဝင်မဟုတ်သော မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်လှူဒါန်းမှုဓော်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၃-၉-၂၀၁၈(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက်(၈း၀၀)နာရီ မှ မွန်းတည့်(၁၂း၀၀)နာရီထိ
ကျင်းပမည့်နေရာ – ဝိဇ္ဇာစရဏသမ္ပန္နဓမ္မာရုံ
နွယ်တော်မြတ်စေတီတော်ပရိဝုဏ်၊ မရမ်းကုန်းမြို့နယ်။
(တောင်တွင်းကြီးမုန့်ဟင်းခါးဖြင့်ဧည့်ခံပါမည်)

ပါဝင်လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ဥက္ကဋ္ဌ ၀၉၅၁၀၇၅၇၇၊ ဒု-ဥက္ကဋ္ဌ(၂) ၀၉၅၁၇၀၂၉၀၊ အတွင်းရေးမှူး ၀၉၄၃၀၀၈၄၂၊ ဘဏ္ဍာရေးမှူး ၀၉၇၉၉၉၉၀၀၈၈၊ တွဲဖက်(၁) ၀၉၅၁၅၉၉၁၇၊ စာရင်းစစ် ၀၉၉၇၆၃၂၇၅၇၂။

(အမှုဆောင်အဖွဲ့)

## အသိပေးကြေညာခြင်း

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ချမ်းမြသာစည်မြို့နယ်၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်းရှိအိမ်ခန်းများအား ရောင်းချရန်အတွက် မန္တလေးနေ့စဉ်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့ပြီး အိမ်ခန်းလျှောက်လွှာများအား ၂၄-၇-၂၀၁၈ ရက်မှ ၇-၈-၂၀၁၈ ရက်အထိ ရောင်းချခဲ့ပါသည်။ အဆိုပါရောင်းချခဲ့သော လျှောက်လွှာများအား ၁-၈-၂၀၁၈ ရက်မှ ၁၄-၈-၂၀၁၈ ရက်အတွင်း သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီသောလျှောက်လွှာများကို လက်ခံလျက်ရှိပါသည်။ ပြန်လည်တင်ပြလာသော လျှောက်လွှာများအနက်သတ်မှတ်စည်းကမ်းချက်နှင့်ကိုက်ညီသော လျှောက်လွှာများအား တိုက်ခန်းဝယ်ယူခွင့်အတွက် အောက်ပါအစီအစဉ်အတိုင်း ပွင့်လင်းမြင်သာစွာဖြင့် မဲနှိုက်ရွေးချယ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

နေ့ရက် - ၂၆-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - မြို့တော်ခန်းမ(၁)၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး






## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ (ဒဂုံမြို့သစ်မြောက်ပိုင်း) (၃၀)ရပ်ကွက်နေ ဒေါ်ခင်ဆွေဦး [၁၂/မရက(နိုင်)၀၄၀၇၉၃]၏ ဖခင်အမည် ဦးမောင်အေးနှင့် ဦးအေး [၁၂/ရကန(နိုင်)၀၂၉၉၆၈] တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်အေး(ခ)ဦးအေး**

## တစ်ဦးတည်းဖြစ်ကြောင်း

လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းကျေးရွာ၊ ရွှေစံပယ်လမ်းနေ အမှတ်(၉) အခြေခံပညာအလယ်တန်းကျောင်း နဝမတန်းမှ မောင်အောင်ဖြိုးသူနှင့် သတ္တမတန်းမှ မမြတ်နိုးသူတို့၏ဖခင် ဦးမြတ်စိုး [၁၂/ခရန(နိုင်)၁၅၀၇၄၈]၏အမည်မှန်မှာ ဦးမြစိုး တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြစိုး**

## အမြန်ဆုံးဆက်သွယ်ပါ

- ဒဂုံမြို့နယ်အတွင်း (နဝဒေးလမ်း၊ ယောမင်းကြီးလမ်း၊ ဗိုလ်ရာညွန့်လမ်း၊ လူစည်ကားရာအနီးတစ်ဝိုက်)
- ကမာရွတ်မြို့နယ်အတွင်း (လှည်းတန်းလူစည်ကားရာအနီးတစ်ဝိုက်)နှင့်
- ကြည့်မြင်တိုင်မြို့နယ်အတွင်း (ညဈေးအနီးတစ်ဝိုက်နှင့် လူစည်ကားရာနေရာ)တို့တွင်

ကျန်းမာရေးနှင့် ပတ်သက်သောစက်ပစ္စည်း Show Room ဖွင့်ချင်ပါသဖြင့် မြေညီတိုက်ခန်း (အခန်းကျယ်+ထပ်ခိုးပါ)ငှားလိုပါသည်
ပိုင်ရှင်များ ကျွန်တော်တို့ရဲ့ REAL LINK Real Estate Co.,Ltd ကို ဆက်သွယ်နိုင်ပါကြောင်းလေးစားစွာအသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၅၀၆၈၁၉၆၊ ၀၉-၄၂၅၃၁၃၄၆၇**

## အများသိစေရန်သတိပေးကြော်ငြာချက်။

ကျွန်ုပ်အမှုသည်ဖြစ်သူ FRIENDS SUCCESS INTERNATIONAL CO.,LTD. မှ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၄၈၂/၂၀၀၈-၂၀၀၉ ဖြင့် ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်း အမှတ်(၄၉/F)တွင်ရုံးခန်းတည်ထောင် ဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မိမိကုမ္ပဏီတစ်ဦးတည်းပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင်(၁၂. ၇. ၂၀၁၈)ရက်စွဲပါ ကုန်အမှတ်တံဆိပ်မှတ်ပုံတင် အမှတ်(၇၆၆၀/၂၀၁၈)ဖြင့် မှတ်ပုံတင်ထားပြီးအဆိုပါ ကုန်အမှတ်တံဆိပ်ဖြင့် ကျွန်ုပ်၏အမှုသည်က ကောနစ်မှုန့်ကို နံရံများနှင့်မျက်နှာကျက်များတွင် အလှဆင်သော ကောနစ်ချောင်းကောနစ်ဒိုင်များ၊ တပ်ဆင်ခြင်း၊ တွင် အသုံးပြုနိုင်သော်လည်းကောင်း၊ ကျစ်ပ်ဆင် ဘုတ်များနှင့် ပလာစတာဘုတ်များတစ်ခုနှင့် တစ်ခု ဆက်ခြင်းတော်ချုများကို ဖုံးအုပ်နိုင်ခြင်း၊ အက်ကြောင်းများဖျောက်ခြင်း စသည့်နေရာတွင်သော်လည်းကောင်း သုံးစွဲသွားမည် ဖြစ်ပါသည်။ ထို့အပြင် ယင်းကုန်အမှတ် တံဆိပ်ကို အသားတင်ဆိပ်ပြုလုပ်ပြီး တင်ပို့၍လည်းကောင်း၊ ဝိနိုင်၍ လည်း၊ ကောင်း ရန်ကုန်မြို့နှင့် တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင်ဖြန့်ဖြူးသုံးစွဲ ရောင်းချသွားမည် ဖြစ်ပါသည်။

SUPER EC 98

အထက်ပါ ကုန်အမှတ်တံဆိပ်ကို တုပ၍လည်းကောင်း၊ ဆင်တူရိုးမှားပြုလုပ်၍သော်လည်းကောင်း၊ တခြားနည်းသွယ်ဝိုက်၍သော်လည်းကောင်း သုံးစွဲပါက သုံးစွဲသူများအား တရားဥပဒေအရ ထိရောက်စွာအရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးကြော်ငြာ လိုက်သည်။ မလိုက်နာမျက်ကွက်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူရလိမ့်မည်ဟု သတိပေးလိုက်သည်။

ဦးမင်းစိန် ၊ B.Sc.,R.A.,C.P.A.,R.L., တရားလွှတ်တော် ရှေ့နေ(စဉ်-၁၆၅၇၉)
ပန်းဆိုးတန်းအောက်(၆)ထပ်၊ (၇) ထပ်၊ အမှတ်-၁၈၉/၁၉၁
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း - ၂၅၃၂၇၃




# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဩဂုတ် ၁၈**


စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တို့က ကြီးမှူးကျင်းပသော မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ စီးပွားရေးသုတေသီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ပဲစိုက်တောင်သူများ၊ ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြသထားသည့် ပဲမျိုးစုံကို ကြည့်ရှုစဉ်။



အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ်။

## အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဂျကာတာမြို့၌ ကျင်းပ

**ဂျကာတာ ဩဂုတ် ၁၈**

မြန်မာအားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်နေသည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ ဘန်ကာနိုကွင်း၌ ကျင်းပသည်။

ည ၇ နာရီတွင် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဝီဒိုဒို ရောက်ရှိလာပြီး ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။ ထို့နောက် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ အဲရစ်သိုဟာနှင့် အာရှအိုလံပစ်ကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဝီဒိုဒိုက အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ် ဖျော်ဖြေရေးအစီအစဉ်များကို ကျင်းပသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်းရှစ်မျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပိုက်ကျော်ခြင်း၊ လှေလှော်၊ ဝူရှူး၊ ဘောလုံး၊ သေနတ်ပစ်၊ မြားပစ်၊ တိုက်ကွမ်ဒိုနှင့် ဘော်လီဘောအားကစားနည်းတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်းအချို့မှာ ဖွင့်ပွဲမစတင်မီကတည်းက ကျင်းပလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ယင်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




ဝတ္ထုတို


အိုဇေမိ


## သံသယအရိပ်



"တာတိရေ မွေးပြီပေ့ါ ယောကျ်ားလေး"

အိမ်အတွင်းမှ ဝမ်းဆွဲသည် ဒေါ်လှ၏ အသံကြောင့် ကိုတာတိ ထခုန်လေတော့သည်။ မိမိတို့ဇနီးမောင်နှံ ပူးပေါင်း၍ ကမ္ဘာလောကကြီးအား လူသားတစ်ယောက် လက်ဆောင်ပေးခဲ့နိုင်ပြီ။ အတန်ကြာသော် ဒေါ်လှမှာ ကလေးအား အနှီးဖြင့်ထုပ်၍ ကိုတာတိကို လာပြသည်။ ကိုတာတိ ကလေးကိုကြည့်၍ မျက်လုံးပြူးသွား၏။ ကလေးသည် ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ် ချစ်စရာကြီးဖြစ်သည်။ ကိုတာတိသည် ကလေးအား ဒေါ်လှထံ ပြန်ပေးကာ လိုအပ်သည်များကို ပြုလုပ်ပေး၍ ကမ်းစပ်ဘက်သို့ ထွက်ခဲ့သည်။ ခေါင်းထဲတွင် အတွေးများချာချာလည်နေ၏။ ကလေးလေး မျက်နှာအကျမှာ သူရင်းနှီးစွာမြင်ဖူးသူ လူတစ်ယောက်နှင့်တူနေသည်ဟု ထင်နေသည်။ ထို့အပြင် မိမိတို့ဇနီးမောင်နှံ နှစ်ယောက်လုံးမှာ အသားညို၏။ ကလေးလေးမှာ ဖြူဖွေးနေ၏။ ထိုအရာသည်လည်း ကိုတာတိအတွက် စဉ်းစားစရာ ဖြစ်နေသည်။

ရက်မှလသို့ ပြောင်းခဲ့ပြီ။ ကိုတာတိအတွက် ကလေးမှာ ကြာလေ တစ်ယောက်ယောက်နှင့်တူလေ ခံစားနေရသည်။ မည်သူနှင့် တူသည်ကိုသာ စဉ်းစားမရဖြစ်နေ၏။ အတွေးလွန်နေသဖြင့် ဆေးပေါ့လိပ်တစ်လိပ် ကုန်သွားသည်ကိုပင် သတိမထားမိလိုက်။

"ကိုတာတိ၊ ရှင်ဘယ်လိုဖြစ်နေတာလဲ၊ ငူငူငိုင်ငိုင်နဲ့ လှမ်းထားတဲ့ ကလေးအနှီးတွေ သွားယူပေးဦး"

ကိုတာတိ လေးကန်သောခြေလှမ်းများနှင့် ကလေးအနှီးများရုပ်၍ ဇနီးသည်အား ပေးလိုက်သည်။ ကလေးလေးအား ကြည့်၍ စိတ်ထဲ စနိုးစနောင့်ဖြစ်နေ၏။ မိမိနှင့်မတူသည်မှာ သေချာသည်။

"တင်ရီ ငါ ငါးဖမ်းထွက်ဦးမယ်"

"အင်း ရှင့်သဘောလေ" ကိုတာတိ ပိုက်ကွန်ကိုထမ်း၊ လှော်တက်ကိုယူလိုက်သည်။

"ကိုတာတိ သားကိုနှုတ်ဆက်သွားဦးလေ" ကိုတာတိသည် အိပ်ပျော်နေသော ကလေးအား တစ်ချက်ကြည့်၍ ပြုံးပြလိုက်သည်။

"ရှင်ကလည်း ဝတ်ကျေတမ်းကျေ နှုတ်ဆက်နေတယ်။ ရှင်တစ်ခုခုတော့ တစ်ခုခု ပဲနော်"

"ဘာမှ မဖြစ်ပါဘူးတင်ရီ၊ ငါသွားပြီ" ကိုတာတိ ကမ်းစပ်သို့ ဆင်းခဲ့သည်။ လှေငယ်ကို လှော်၍ ထွက်ခဲ့သော်လည်း ငါးရှာချင်စိတ် အလျှင်းမရှိ။ ကလေးမှာ မိမိသွေးသားရင်း ဟုတ်ပါလေစ။ ကလေးအဖေက မည်သူနည်း၊ ရွာထဲမှ အရွယ်ရောက် ယောကျ်ားတိုင်းကို တစ်ယောက်ပြီးတစ်ယောက် စဉ်းစားပုံဖော်ကြည့်သည်။ ဘယ်လိုမှ မဖြစ်နိုင်။ ကလေးလောက်သားနားပြီး ဖြူဖွေးချောမွတ် ရုပ်ဆင်သူ ရွာထဲမှာ တစ်ယောက်မျှမရှိ။ ရေပြင်ကျယ်ကို ဖြတ်၍တိုက်ခတ်လာသည့် လေနုအေးအေးလေးများသည် ကိုတာတိ၏ ရင်ထဲက အပူမီးထိမရောက်။ စဉ်းစားရလွန်း၍ ခေါင်းများပင် ပူလာ၏။ တင်ရီ၏ရုပ်လေးက အချောကြီး မဟုတ်သော်လည်း ကိုယ်လုံးကိုယ်ပေါက်မှာ အိမ်ထောင်သည်ဟုပင် ထင်စရာမရှိ။ တင်ရီ၏အချစ်ကိုရဖို့ ကာလသားများနှင့်အပြိုင် ကိုတာတိကြိုးစားခဲ့ရသည်။ ထိုကာလသားများလည်း အသီးသီးအိမ်ထောင်ကျကုန်ပြီ။ ရွာထဲကတော့ မဟုတ်သည်မှာ အသေအချာပင်။ တစ်ယောက်ယောက်နှင့် တူနေသည်မှာလည်း အသေအချာပင်။ ကိုတာတိ သက်ပြင်းရှည်ကြီး ချလိုက်သည်။ ထိုစဉ်ခေါင်းထဲ ဖျတ်ခနဲ အတွေးတစ်ခုဝင်လာ၏။

အမျိုးသမီးတစ်ယောက် ကိုယ်ဝန်စလွယ်ရချိန်မှ မွေးဖွားချိန်အထိ ကိုးလလွယ် ဆယ်လဖွား၊ ကိုတာတိ ခေါင်းထဲ လင်းလက်သွား၏။ "ရွာထဲက မဖြစ်နိုင်ရင် လွန်ခဲ့သော တစ်နှစ်ဝန်းကျင်က ရွာကို ဘယ်သူတွေလာသေးလဲ။ ဟုတ်ပြီ မြို့ကကျောင်းသား ကျောင်းသူတွေ အဖွဲ့ လေ့လာရေးဆိုပြီးလာတယ်" ကိုတာတိ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်၏။ ကလေးမျက်နှာနှင့် တူသည့် တစ်ယောက်ကို ကိုတာတိ စဉ်းစားမိလေပြီ။ သားသားဆိုတဲ့ ချာတိတ်တစ်ယောက်။ ဖြူဖြူနွဲ့နွဲ့နှင့် ယောကျ်ားမှန်းမသိ၊ မိန်းမမှန်းမသိတဲ့ အကောင်။ ဆံပင်မှာလည်း မျက်လုံးတစ်ဖက် အုပ်၍ နီကြောင်ကြောင်နှင့် မြင်ရင်ရိုက်ချင်စရာပုံစံ။

ကျောင်းသား ကျောင်းသူတွေရောက်လာကတည်းက သားသားဆိုတဲ့ ကောင်လေးကို သူသိပ်ကြည့်မရ။ တင်ရီအား မမ မမနှင့် ပွတ်ကာသီကာ ခတ်ပုံရိုက်လိုက်၊ တူတူချက်လိုက်ပြုတ်လိုက်၊ တင်ရီကလည်း မောင်လေး မောင်လေးနှင့် ကြည့်မရ။ ရွာမှာရှိနေချိန်ထိ တတွဲတွဲနှင့်။ အခြား ကျောင်းသား ကျောင်းသူများ အိပ်ချိန်မှာပင် သူတို့နှစ်ယောက် စကားပြောကောင်းကြဆဲပင်။ ထို့ပြင် ပြန်ခါနီး အားလုံး အေးအေးဆေးဆေး ဖြစ်ပေမယ့် သူတို့နှစ်ယောက်သာ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင် မျက်ရည်တွေကျ။ ထိုအချိန်က ဧည့်သည်ဆိုသည့် အသိနှင့် ကိုတာတိ စိတ်ကိုထိန်းထားရသည်။ သေချာပါပြီ၊ သေချာပြီ။ ဒေါသများက ရင်တစ်ခုလုံးကို ရိုက်ခတ်နေသည်။ ကိုတာတိ လှေကိုပြန်လှည့်ခဲ့၏။ ဖောက်ပြန်သည့် မိန်းမကို သူထိုက်သင့်သည့် အပြစ်ဒဏ်တော့ ပေးရမည်။

"တင်ရီရယ် ငါ့မှာတော့ နင့်ကို အသက်ထက်မက ချစ်လိုက်ရတာ၊ ဘဝတစ်ခုလုံးနှစ်ပြီး ချစ်လိုက်ရတာ နင်လုပ်ရက်တယ် တင်ရီရယ်"

ကိုတာတိ တစ်ယောက်တည်း ရေရွတ်လိုက်သည်။ ကလေးကိုရော သူဘယ်လိုလုပ်ရမည်လဲ၊ စိတ်ထဲ အလိုလိုဝမ်းနည်းလာသည်။ စိတ်ကိုထိန်း၍ သွေးအေးအေးနှင့်စီရင်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ကိုတာတိ သက်ပြင်းရှည်ကြီးချလိုက်၏။ ကိုတာတိစိတ်သည် ဂနာမငြိမ်၊ ပူလိုက်အေးလိုက် ဝမ်းနည်းလိုက် ဒေါသဖြစ်လိုက်နှင့် စိတ်တွေယောက်ယက်ခတ်နေတော့သည်။

"တင်ရီ ငါနင့်ကို ချစ်တော့ ချစ်တယ်။ ဒါပေမယ့် လောကမှာ ငါအမုန်းဆုံးလူက သစ္စာမဲ့သူရဲ့ သစ္စာရှိဟန်ဆောင်တာကိုပဲ။ တင်ရီ နင်နဲ့ထိုက်တန်တဲ့အပြစ် နင်ခံရမယ် တင်ရီ ဟားဟားဟား"

ကိုတာတိ အရူးတစ်ယောက်ပမာ တစ်ယောက်တည်း စကားပြောလိုက်၊ ရယ်လိုက်နှင့် လှေကို ကမ်းကပ်လိုက်၏။ ထို့နောက် ကမ်းတွင် လှေကိုချည်ပြီးနောက် အိမ်သို့ ပြန်လာခဲ့သည်။ ခါးကြားတွင် ဓားမြှောင်ကို ထိုးထည့်လိုက်သည်။ မျက်ဝန်းမှာ မျက်ရည်များ စီးကျနေ၏။

"ကိုတာတိ ကလေးက ကိုတာတိနဲ့ တထေရာတည်းပဲနော်"

"ကိုတာတိ ကလေးအဖေဖြစ်ပြီနော်၊ ဂုဏ်ယူပါတယ်ဗျို့"

"ကိုတာတိနော် အရက်လျှော့သောက် ကလေးအဖေဖြစ်နေပြီ ဟဲဟဲ"

"ကိုတာတိတို့များ ကံကောင်းတာ၊ ကလေးလေးက ကိုတာတိနဲ့ တူတဲ့အပြင် ဖြူဖြူဖွေးဖွေး ချစ်စရာလေး၊ ကလေးအတွက် အရင်ထက် ပိုရှာပေတော့ ကလေးအဖေ ကိုတာတိရေ"

"သောက်ကောင်တွေ၊ ကောင်မတွေ ငါ့ကို လာမရိကြနဲ့" ကိုတာတိ အော်ပစ်လိုက်၏။ စိတ်ထဲမှ ဖြစ်သည်။ ကိုတာတိ အားလုံးကို ပြုံးသာပြနေလိုက်၏။ လမ်းမှလူများ၏ နှုတ်ဆက်မှုသည် ကိုတာတိအတွက် ပို၍ မခံချင်ဖြစ်ရ၏။ ဒေါသလှိုင်းတံပိုး မြင့်မားအောင် တွန်းတင်ပေးနေသလိုဖြစ်နေသည်။ ကိုတာတိ ခါးကြားမှ ဓားကို လက်နှင့်စမ်းကြည့်လိုက်၏။ အသားများ တဆတ်ဆတ်တုန်နေ၏။ ဒေါသအဟုန်ဖြင့် ကိုတာတိ အိမ်ခြံဝင်းလေးထဲ ဝင်လိုက်၏။ အိမ်ပေါ်ကိုတစ်ချက်ကြည့်လိုက်သည်။ ဧည့်သည်ရောက်နေ၏။ ကိုတာတိ အသာလေး အိမ်ရှေ့ကွပ်ပျစ်တွင် ထိုင်လိုက်၏။ အိမ်ပေါ်မှ ဧည့်သည်နှင့် ဇနီး မတင်ရီ စကားပြောနေသည်ကို အတိုင်းသားကြားနေရသည်။

"အစ်မရေ ကျွန်တော်ဒီနားကမြို့ကို လာရင်း ဝင်လာတာ။ သားသားကလည်း အစ်မအတွက် လက်ဆောင်ပေးလိုက်တယ်" ကိုတာတိ ခေါင်းမတ်သွား၏။ ခါးကြားမှ ဓားကိုထုတ်၍ လက်ထဲကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

"ဟုတ်လား မောင်လေး။ သားသားရော နေကောင်းရဲ့လား။ အစ်မက သူ့ကိုမောင်လေးလိုချစ်တာ"

ကိုတာတိ တံတွေးပစ်ခနဲထွေးလိုက်၏။ မောင်လေးတစ်ယောက်လိုက ကလေးတစ်ယောက်ရရောလား တင်ရီ။ ကိုတာတိ စိတ်ထဲမှ ကျိတ်ပြောရင်း ကြိမ်ဆဲပစ်လိုက်သည်။

"ဟုတ်တယ် အစ်မရေ၊ သူကလည်း အစ်မကို အရမ်းချစ်တာ။ ဒါပေမယ့် သူအိမ်ထောင်ကျသွားပြီ"

"ဘယ်လို ဘယ်လို" ကိုတာတိအသာလေး ငြိမ်၍ နားစွင့်နေလိုက်သည်။

"ဟုတ်တယ်အစ်မရေ၊ သဘာဝကို လွန်ဆန်လို့မှ မရတာ။ သူ့ခင်ပွန်းက စင်ကာပူပြန် အစ်မရေ၊ ခုတော့ အိမ်မှုကိစ္စတွေ သင်နေပြီ။ သူ့ယောကျ်ားကို ချစ်လိုက်တာလည်း လွန်ပါရော အစ်မရေ ဟားဟား"

"ဟုတ်လား အမှန်ဆို အဲလိုပဲ ဖြစ်သင့်တာလေ။ မိန်းကလေးက မိန်းကလေးလိုနေတာ အကောင်းဆုံးပေ့ါ။ သူက မောင်လေးဆိုတော့လည်း အစ်မက မောင်လေးလိုက်ရတာ ဝမ်းသာပါတယ်ကွယ်"

"ဟုတ်ပ အစ်မရေ၊ ယောကျ်ားလေး စိတ်ပေါက်နေတာ လုံးလုံးကြီးပျောက်သွားပြီ"

ကိုတာတိ သူ့နားကို သူမယုံနိုင်အောင် ဖြစ်နေရသည်။ အတိတ်မေ့သလိုလို ဖြစ်နေ၏။ ရင်ထဲဆို့၍ မျက်ရည်များစီးကျလာ၏၊ လက်မောင်းတစ်လျှောက် ကြက်သီးမွေးညင်းများ ထကုန်သည်။ ထို့နောက် ကိုတာတိသည် ဓားကို လွှတ်ချ၍ အိမ်ပေါ် ပြေးတက်ကာ ဧည့်သည်ရှေ့ပင်မရှောင် ဇနီးတင်ရီ၏ ပါးနှစ်ဖက်အား အနမ်းပေး၍ အိမ်ပျော်နေသော ကလေးကို ကြည့်လိုက်သည်။ ကလေးကို ကြည့်ရသည်မှာ မှန်ကြည့်သလို ကိုတာတိ ခံစားလိုက်ရ၏။ ထို့ကြောင့် ရွာသူ ရွာသားများက ကလေး မိမိနှင့်တူကြောင်း အတည်ပြောမှန်း ကိုတာတိ သိလိုက်ရသည်။

"သားလေး ငါနဲ့တော်တော်တူတာပဲ။ ငါ့သားကွ သားလေးလာပါဦးကွာ၊ ဖေဖေ့သားလေး"။ ကိုတာတိ ကလေးအား ကောက်ချီလိုက်သည်။ တင်ရီနှင့် ဧည့်သည်မှာ ကိုတာတိအား အံ့ဩခြင်းများစွာနှင့် မျက်လုံးကြီးပြူး၍ ကြည့်နေကြ၏။ ကိုတာတိသည် ကလေးအား မြှောက်ချီကာ အသံသြသြကြီးဖြင့်

"ငါရဲ့သားလေးကို ငါအမည်ပေးမယ်။ ဒီနေ့ကစပြီး ငါ့သားလေးကို ငတိဟု ခေါ်တွင်စေ"

ကိုတာတိသည် ကလေးကိုတစ်ဖက်ပိုက်၍ တစ်ဖက်မှ ဇနီးတင်ရီအား တင်းတင်းကျပ်ကျပ် လေးဖက်ထားလိုက်သည်။

"တင်ရီရယ် နင်နဲ့သားလေးကိုငါ အသက်ထက်မက ချစ်ပါတယ် တင်ရီရယ်။ မသိစိတ်မှာ ပုန်းအောင်းနေတဲ့ အတိတ်က သံသယအရိပ်လည်း မရှိတော့ပါဘူး တင်ရီရယ်။ အရမ်းချစ်တယ် တင်ရီ"

မျက်ရည်စများနှင့် အကြိမ်ကြိမ်ထပ်ကာထပ်ကာ ပြောနေသည့် ကိုတာတိအား မတင်ရီသည် နားမလည်ခြင်းများစွာနှင့် ငေးကြည့်နေလေတော့သည်။ ။

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(စာတည်းအဖွဲ့)

ဆောင်းပါး

ကျော်စည်သူ

# အဟောင်းအသစ်

(၁)

မကြာသေးမီက သူငယ်ချင်းတစ်ယောက်သည် ကျွန်တော့်ကို လွယ်အိတ်တစ်လုံး လက်ဆောင်ပေးလေသည်။ ပေးသည်ဆိုသော်လည်း ကျွန်တော် ရချင်၍ သူက ဝယ်ပေးခြင်းဖြစ်သည်။ လွယ်အိတ်မှာ ရှမ်းလွယ်အိတ်ဖြစ်သည်။ ပေါ့ပေါ့ပါးပါးနှင့် အသားပါ ကောင်းမွန်သည်။ ရိုးရိုးလွယ်အိတ်များနှင့် မတူဘဲ အနည်းငယ်သေးသည်။ ထိုလွယ်အိတ်သည် ကျွန်တော့် ပခုံးပေါ်တွင် အမြဲနေရာယူလာသည်။

ရှမ်းလွယ်အိတ် အရင်က လွယ်အိတ်တစ်လုံး ကျွန်တော့်ထံတွင် ရှိသေးသည်။ ထိုလွယ်အိတ်မှာ ရိုးရိုးလွယ်အိတ်သာဖြစ်သည်။ အရောင်မှာ မိမိစိတ်ကြိုက်အရောင် အနီဖြစ်သည်။ နှစ်နှစ်ခန့် ထိုလွယ်အိတ်နှင့် နှစ်ပါးသွားခဲ့သည်။ ယခုအခါ ထိုလွယ်အိတ်သည် သံရိုက်ထားသော တိုင်နေရာတွင်သာ နေရာရတော့သည်။ အမှတ်တမဲ့နှင့် ကျွန်တော် မလွယ်ဘဲ ပစ်ထားသည်မှာ တစ်လခန့် ရှိနေပြီ။

တစ်ရက်တွင် အပြင်က ပြန်လာပြီး ရှမ်းလွယ်အိတ်ကို လွယ်အိတ်အဟောင်းနှင့် ယှဉ်၍ တိုင်မှာ ချိတ်လိုက်သည်။ လွယ်အိတ်အဟောင်းလေးသည် ဖုန်တက်နေရာမှ ကျွန်တော့်ကို ပြုံးကြည့်နေသည်ဟု ခံစားမိသည်။ လှောင်ပြုံးပြုံးနေတာလား။ ကရုဏာပြုံး ပြုံးနေတာလား။ သူ့ကို ကျွန်တော် ဘာကြောင့် ပစ်ထားမိသည်လဲ။ သူသည် အရင်က ကျွန်တော်၏ မိတ်ဆွေတစ်ယောက်။ ယခုမူ သူနှင့် ကျွန်တော်သည် ဘာမျှမသက်ဆိုင်သကဲ့သို့ပင်။

လူ့သဘာဝ အသစ်အဆန်းများ မြင်လျှင် ကျွန်တော်သည် သဘောကျတတ်သည်။ ထိုနည်းနှင့်ပင် လွယ်အိတ်အဟောင်းကို ကျွန်တော် သစ္စာမဲ့မိသည်။ သူက စွန့်ခွာသွားသည်မဟုတ်။ ကျွန်တော်ကသာ စွန့်ပစ်သွားမိသည်။ သို့သော် သူစိတ်မဆိုးသည်ကို ကျွန်တော် ကောင်းစွာ ခံစားရသည်။

(၂)

လူဟူသည် အသစ်အဆန်းများကို ကြိုဆိုတတ်သော သတ္တဝါဖြစ်သည်။ အသစ်အဆန်းသည် ကောင်းသောဘက်၌လည်း ရှိသည်။ ဆိုးသောဘက်၌လည်း ရှိသည်။ တစ်ခါတစ်ရံ အသစ်အဆန်းသည် ခံယူသော သူပေါ်၌ မူတည်၍လည်း အရည်အသွေး ပြောင်းသွားသည်။

သီပေါမင်းသည် ကုန်းဘောင်မင်းဆက်၏ နောက်ဆုံးမင်းဖြစ်သည်။ သူ့လက်ထက်တွင် အုပ်ချုပ်ရေးပုံစံသစ်ကို ဖော်ဆောင်သည်။ စည်းမျဉ်းခံဘုရင်စနစ်ကို အကောင်အထည်ဖော်သည်။ သို့သော် အုပ်ချုပ်ရေးပုံစံသစ်ကို နန်းအတွင်းဝန် တော်တော်များများသည် နားမလည်ပေ။ ရှိသည်သာ သိ၍ မမြင်ရသော ပုံစံဖြစ်သည်။ သီပေါမင်းသည် အသစ်အဆန်းကို လက်ခံခဲ့သော်လည်း အလုပ်လုပ်ပုံကို နားမလည်ခဲ့သောကြောင့် တတိယ အင်္ဂလိပ်ကျူးကျော်စစ်တွင် မြန်မာတို့ ကျဆုံးရခြင်းမှာ ထိုအခန်းကဏ္ဍသည် တစ်မျိုးတစ်ဖုံ ပါဝင်နေသည်။

အကယ်၍ သီပေါမင်းလက်ထက်တွင် ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ရှိနေပါက အင်္ဂလိပ်တို့၏ တတိယ ကျူးကျော်စစ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်ဟု တွေးစရာရှိနေသည်။

(၃)

ကျွန်တော်၏ အမေသည် ယခင်က ၈ နာရီထိုးသည်နှင့် ဘုရားဝတ်ပြုနေကျဖြစ်သည်။ ယခုမူ တီဗွီရှေ့မှ ခွာ၍ ဘုရားဝတ်ပြုရန် မနည်းပြောယူနေရသည်။ အမေသည် ကိုရီးယားဇာတ်လမ်းတွဲကို စွဲနေ၍ဖြစ်သည်။ တီဗွီများ ခေတ်ထလာကတည်းက ကိုရီးယားဇာတ်လမ်းတွဲသည် အရေးပါ၍ နေသည်။ ကျွန်တော်တို့နိုင်ငံ၌ ကိုရီးယား ပရိသတ်လက်ချိုး၍ မရေနိုင်ဖြစ်သည်။

ဇာတ်လမ်းတစ်ခုတွင် ထိုနိုင်ငံ၏ ယဉ်ကျေးမှုကို မြင်တွေ့နိုင်သည်။ ကိုရီးယားဇာတ်လမ်းများမှာလည်း ထိုနည်းပင်။ သူတို့၏ အစားအစာ၊ နေထိုင်ပုံ၊ ဝတ်စားဆင်ယင်မှု စသဖြင့် တွေ့ရသည်။ ထိုအထဲမှ မြန်မာမိန်းမပျိုလေးများက ဝတ်စားဆင်ယင်မှုကို အတုယူကြသည်။ ကိုရီးယားဝတ်စားဆင်ယင်မှုသည် မရိုင်းသော်လည်း မယဉ်ကျေးပေ။ မြန်မာ့ထုံးတမ်း အစဉ်အလာနှင့် မလျော်ညီပေ။ ဘောင်းဘီတိုတိုပျက်နှင့် အင်္ကျီမလုံ့တလုံသည် မျက်စိရှက်ဖွယ်ဖြစ်သည်။ မြန်မာသမီးပျိုလေးများက ထိုအရာများကို အတုယူမှားကြလေသည်။

ထိုအခါတွင် "မိန်းမတို့ဣန္ဒြေ ရွှေပေးမရ" ဆိုသော စကားပုံကို လွမ်းမိသည်။ ဖျင်အင်္ကျီနှင့် လုံချည်ကို တွဲဝတ်သော မြန်မာ့ဓလေ့ကို အောက်မေ့မိသည်။ ဟောင်းပင်ဟောင်းသော်လည်း မနွမ်းသော မြန်မာ့ဓလေ့ကို မမေ့မိပေ။ "တောင်းမှာအကွပ် လူမှာအဝတ်" ဟူသော စကားပုံသည် ယခုအခါတွင် အပိုလိုပင် ဖြစ်၍နေသည်။ စကားပုံကို အားနာမိသလိုပင် ဖြစ်မိသည်။

ဤသည်မှာ ဝတ်စားဆင်ယင်မှုကို သစ်ဆန်းခြင်းဖြစ်သည်။ သို့သော် သစ်ဆန်း၍ မကောင်းသော ပြောင်းလဲမှုဟု ဆိုလျှင် မှားမည်မထင်ပေ။

(၄)

အဟောင်းကို စွန့်ပစ်လိုက်ရခြင်းသည် အမျိုးမျိုးရှိနိုင်သည်။ မိမိအတွက် အသုံးမဝင်၍ ဖြစ်နိုင်သည်။ သို့မဟုတ်သော် အသစ်များပေါ်လာ၍လည်း ဖြစ်နိုင်ချေရှိသည်။ အချို့သော အဟောင်းများသည် ဟောင်းလေ ကောင်းလေဆိုသော ဂုဏ်သတ္တိများ ရှိလေသည်။

မင်းသုဝဏ်၊ ဇော်ဂျီ၊ ဗန်းမော်တင်အောင်၊ မြသန်းတင့်၊ ဒဂုန်တာရာ စသော (ထိုသူများအပြင်) စာရေးဆရာများသည် သူ့ခေတ်အခါက အောင်မြင်ခဲ့ကြသည်။ ယခုသော်လည်း နာမည်မကျသေးပေ။ သူတို့၏ စာပေများသည် အဟောင်းထဲမှ အနှစ်များဖြစ်သည်။ ထိုသူများ၏ စာပေတန်ဖိုးကို ဖြတ်၍ မရနိုင်ပေ။ ပို၍ ဟောင်းနွမ်းလေ ပို၍ တောက်ပလေဖြစ်သည်။ စာရေးဆရာ လက်သစ်များ၏ ကြားထဲတွင် သူတို့သည် ယခုတိုင် နေရာယူထားဆဲဖြစ်သည်။

တစ်ခါတစ်ရံ အသစ်သည် အလွယ်တကူ လက်ခံ၍မရတတ်ပေ။ မိမိ၏ အိမ်အဟောင်းမှ အိမ်အသစ်သို့ပြောင်းရာတွင် အစဦး၌ မနေတတ်သကဲ့သို့ ဖြစ်သည်။ ထိုခံစားချက်ကို လူတိုင်း ခံစားဖူးချေမည်။ အသစ်၌ လျင်မြန်စွာ မပျော်မွေ့တတ်ခြင်းဖြစ်သည်။ သို့သော် အချို့သော အရာများသည် လူတိုင်းတောင့်တသော အသစ်များ ဖြစ်နေတတ်သေးသည်။

ထိုအတိုင်းဆိုလျှင် ပြည်တွင်းစစ်ကို အဟောင်းဟု တင်စားပါက ငြိမ်းချမ်းရေးသည် အသစ်ဖြစ်သည်။ ကျွန်တော်တို့သည် ထိုအသစ်ကို လိုလားတောင့်တသည်။ အဟောင်းထဲ၌ ကျွန်တော်တို့သည် မပျော်မွေ့ပေ။ အသစ်ထဲ၌သာ သာယာလိုကြသည်။ အဟောင်းထဲ၌ သာယာနေသော လူတစ်စုရှိနေသဖြင့် အသစ်သည် မသစ်လွင်နိုင်တော့ပေ။

လောကသဘောအရ ဆန့်ကျင်ဘက်သည် တည်မြဲဖြစ်သည်။ နေ့နှင့်ည တည်ရှိသကဲ့သို့ အဟောင်းနှင့် အသစ်သည် အမြဲယှဉ်တွဲနေပေသည်။ ဆန့်ကျင်ဘက်သည် ခံယူသော သူများပေါ်၌သာ ကွဲလွဲသွားသည်။ အဟောင်းသည် ကောင်းသကဲ့သို့ အသစ်သည်လည်း မဆိုးပေ။ အဟောင်းကို လှည့်ကြည့်သင့်သည်အခါ လှည့်ကြည့်၍ အသစ်ကိုလည်း တစိုက်မတ်မတ် သွားသင့်သည့်အခါ သွားရပေမည်။ သို့သော် အဟောင်းနှင့် အသစ်သည် ခွဲခြား၍ မထားအပ်သော အရာနှစ်ခုဖြစ်သည်။

(၅)

မကြာသေးမီက ကျွန်တော်သည် မွေးရပ်ဌာနေသို့ ပြန်ဖြစ်သည်။ ကျွန်တော့် ဇာတိမှာ ကျေးရွာတစ်ရွာသာဖြစ်သည်။ ယခုအချိန်တိုင် မြန်မာ့ယဉ်ကျေးမှု အငွေ့အသက်များ၊ တောမူတောရာများ မပျောက်သေးဟု ခံစားရသေးသည်။ နံနက်ခင်းတွင် ကျေးငှက်သံများ၊ ဘုန်းကြီးကျောင်းမှ ကုလားတက် ခေါက်သံများ၊ နွားချြူသံ တချွင်ချွင်နှင့် တောထွက်သော အသံများကို ကြားရဆဲဖြစ်သည်။

ညနေဆည်းဆာတွင် ရွာသူလုံမပျိုများ ရေခပ်ဆင်းသည်ကို ငေးရခွင့်ပါမစ်ရှိသည်။ မရိုးသားသောစိတ်နှင့် မဟုတ်ပေ။ တိမ်တောက်သည်ကို အခမဲ့ကြည့်ခွင့်ရှိသေးသည်။ မရိုးနိုင်သော ပန်းချီကားတစ်ချပ်ကို ကျေးရွာများ၌သာ ခံစားခွင့်ရှိသည်။ နှစ်အိမ့်တစ်အိမ် ထမင်းစားတတ်သော အလေ့ကို ကျေးရွာတွင်သာ ရရှိနိုင်သည်။

ကျွန်တော်သည် အသစ်အဆန်းများကို လက်ခံပါသည်။ ခြွင်းချက်အနေဖြင့် ကျွန်တော် ဇာတိရွာလေး ဆန်းသစ်သွားမည်ကို စိုးရိမ်မိသည်။ မတိုးတက်စေချင်သော စိတ်ထားနှင့် မဟုတ်ရပေ။ တိုးတက်သွား၍ အသစ်အဆန်းများကို လက်ခံသွားလျှင် ရိုးရင်းစွဲအလေ့အထလေးများ ပျောက်သွားမည်ကို စိုးရွံ့မိသည်။ မိမိအတွက် အတ္တကြီးသည်ဟု စွပ်စွဲလျှင်လည်း ကျွန်တော်သည် လက်ခံပါသည်။ ယခုအချိန်ထိ ရွာပြန်တိုင်း ကျေးလက်ရနံ့ မပျောက်သေးသည်ကို မြင်ရသောကာလတွင် ကျွန်တော် တိတ်ဆိတ်စွာ ပြုံးမြဲဖြစ်သည်။

## ဆွမ်းလောင်းကြမယ်

❖ အရှေ့ဆီ ရောင်နီသန်း
စီတန်းလို့ ဆွမ်းခံလာ
ထေရ်မြတ်သံဃာ။
❖ ဦးခိုက်ဝန္ဒနာ
သာသနာ ရှည်စေဖို့။
❖ ပရိယတ် ပဋိပတ်ရယ်နဲ့
တရားမြတ် ကျင့်နှစ်ဖြာကို
တင့်တယ်စွာ ထွန်းစေကြောင်း
ရှွန်းဝေစည် သဒ္ဒါကောင်းတွေနဲ့
(သူတော်ကောင်းတို့ရေ)
ဆွမ်းလောင်းကြစို့။ ။

နေသူရိန်(မြင်းမူ)

## မိခင်မေတ္တာ ပေးစွမ်းပါ

❖ သွေးသားမေတ္တာ ပေါင်းစပ်လျှို
မိခင်နို့ရည်ချို
ရင်သွေးငယ်ကိုတိုက်ကျွေးကြ
တန်ဖိုးကြီးစွာအာဟာရ။
❖ ကြွယ်ဝဓာတ်စုံ ရင်ငွေ့လှုံ
သားသမီးတို့နို့ဗွာန်ဘုံ
သိုင်းခြုံမေတ္တာ ထွေးပွေ့ကြ
မိခင်ဆိုတဲ့သင်္ကေတ။
❖ ဖေးမကြင်နာ စောင့်ရှောက်ပါ
ရင်သွေးဆိုတဲ့ရတနာ
အနာဂတ်မှာ လင်းလက်ရေး
ငယ်စဉ်ကတည်းက ပြုစုပေး။ ။

မေနွယ်စိုး(မြန်မာစာ)

ကြယ်မင်းပိုင်

# အကွပ်နဲ့ အဝတ်

"တောင်းမှာအကွပ် လူမှာအဝတ်" တဲ့။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ခဏခဏ ကြားရတတ်တဲ့စကားလေးတစ်ခွန်းပါ။ ဒီစကားလေးကို ကြားမိတိုင်း အဖြစ်အပျက်လေးတစ်ခုကို ကျွန်တော် သတိရမိမြဲဖြစ်တယ်။ ကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကလေးတစ်ခု။

ကျွန်တော် တာဝန်ကျတဲ့ ဒေသက ဧရာဝတီမြစ်ထဲမှာ ကျွန်းသဖွယ်ဖြစ်နေတဲ့ ဒေသလေးပါ။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှပါတယ်။ မိုးရာသီဆိုရင် ဆိုင်ကယ်တစ်ဆင့်၊ လှေတစ်ဆင့်၊ ခြေကျင်တစ်ဆင့်နဲ့ အဆင့်ဆင့် သွားရပါတယ်။ မိုးကုန်လို့ ဆောင်းလယ်လောက်ရောက်ပြီဆိုရင်တော့ ဆိုင်ကယ်စီးလို့ရပါပြီ။ ဒါပေမဲ့ ဆိုင်ကယ်လမ်းရယ်လို့ မရှိပါဘူး။ လှည်းလမ်းကြောင်းအတိုင်း ယာခင်းတွေထဲ ဖြတ်ပြီး ဆိုင်ကယ်ကို မောင်းရတာ ဖြစ်တယ်။ ဒီတော့ ဆိုင်ကယ်အကောင်းနဲ့ မသင့်တော်တဲ့အတွက် ဆိုင်ကယ်အစုတ်လေးနဲ့ပဲ ကျွန်တော်က သွားတယ်။

အဲဒီနေ့က ဆိုင်ကယ်လမ်း ပေါက်ပြီဖြစ်တာကြောင့် ဆိုင်ကယ်စုတ်လေးနဲ့ ကျွန်တော် အိမ်ကိုပြန်လာတာဖြစ်တယ်။ ခြောက်သွေ့တဲ့ရာသီဖြစ်တာကြောင့် ကျွန်းပေါ်မှာ ဖုန်တွေတထောင်းထောင်းထလို့ပေါ့။ ဒီတော့ ကျွန်တော့်ခန္ဓာကိုယ်မှာရော ဆိုင်ကယ်မှာပါ ဖုန်တွေကပ်နေတော့တယ်။ ဖုန်တွေကို ခါထုတ်ပေမယ့်လည်း မပြောင်ပါဘူး။ အဝတ်အစားတွေကလည်း ဖုန်တွေပေနေတဲ့အတွက် တောက်တောက်ပြောင်ပြောင် မရှိတော့ပါဘူး။

ဒီလိုနဲ့ မြို့ကိုရောက်တော့ ဖုန်းဆိုင်တစ်ဆိုင်ရှေ့မှာ ဆိုင်ကယ်ကို ရပ်လိုက်တယ်။ ဖုန်းဆိုင်ထဲကို ဝင်လိုက်တယ်။ ဆိုင်ထဲကို ရောက်တဲ့အခါ ဈေးဝယ်သူကို ကြိုဆိုတဲ့ အမူအရာမျိုး လုံးဝမတွေ့ရဘဲ ကျွန်တော့်မှာ ယောင်တောင်တောင်ဖြစ်နေတော့တယ်။ ဒါနဲ့ ကျွန်တော်လည်း အရောင်းဝန်ထမ်းတစ်ယောက်ဆီကိုသွားပြီး ဖုန်းမှန်ကပ်ချင်တဲ့အကြောင်းပြောတယ်။ သူက ကျွန်တော့်ကို ကြည့်တယ်။ အထင်သေးတဲ့အကြည့်။ စီးလာတဲ့ ဆိုင်ကယ်နဲ့ တောက်တောက်ပြောင်ပြောင်မရှိတဲ့ ကျွန်တော့်ခန္ဓာကိုယ်ကြောင့် ဖြစ်မယ်ထင်ပါတယ်။ စိတ်မပါတပါပုံစံနဲ့ ဟိုရှာဒီရှာလုပ်ပြီးတဲ့နောက် ကျွန်တော့်ဖုန်း အမျိုးအစားအတွက် မှန်ကပ်မရှိတာကြောင့် ဒီအတိုင်းပြန်လာခဲ့ရတယ်။ စိတ်ထဲမှာတော့ သိပ်မကျေနပ်လှဘူး။ သူတို့ဆက်ဆံပုံကိုပါ။

နောက်တစ်နေ့မှာ စာအုပ်မိတ္တူဆွဲဖို့ကိစ္စနဲ့ မြို့ကို တစ်ခေါက်သွားရတယ်။ ဒီတစ်ခါတော့ အိမ်ကသွားတာဖြစ်တဲ့အတွက် သားသားနားနားပါပဲ။ အင်္ကျီက အဖြူရောင်လက်ရှည်၊ ယောပုဆိုးအနက်နဲ့။

မိတ္တူဆွဲပြီး အပြန်မှာ ဖုန်းငွေဖြည့်ကတ်ဝယ်ဖို့ လမ်းကြုံနေတဲ့အတွက် အဲဒီဖုန်းဆိုင်ကိုပဲ ဝင်လိုက်မိတယ်။ ထူးထူးခြားခြားပါပဲ။ ဆိုင်ထဲဝင်ဝင်ချင်းပဲ ဝန်ထမ်းတွေက ပြုံးပြုံးရွှင်ရွှင်နဲ့ ကြိုဆိုလိုက်ကြတာ။ ဩော် - မနေ့ကနဲ့ ဘာမှမဆိုင်ပါလားလို့ ကျွန်တော်တွေးနေမိတယ်။ သူတို့က ကျွန်တော့်ကို ကြည့်ကြပြန်တယ်။ဒီတစ်ခါတော့ ဂရုစိုက်တဲ့ အကြည့်တွေနဲ့ပါ။

"တောင်းမှာအကွပ် လူမှာအဝတ်"ဆိုတဲ့ စကားလေးကိုကြားမိတိုင်း ကျွန်တော် ဒီအဖြစ်အပျက်လေးကို အမြဲသတိရမိတယ်။ ပြီးတော့ ကျွန်တော့်ခေါင်းထဲမှာ အမြဲတွေးမိတာက လူတွေဟာ အပေါ်ယံအမြင်ကို သိပ်ပြီးအလေးထားကြတယ်ဆိုတာပါ။ လူတစ်ယောက်ရဲ့ တန်ဖိုး၊ လူတစ်ယောက်ရဲ့ အရည်အချင်းကို အဝတ်အစားနဲ့ ဆုံးဖြတ်လို့ ရနိုင်ပါ့မလား။ အဝတ်အစား ကောင်းကောင်းမွန်မွန် ဝတ်ထားတိုင်း အရည်အချင်းရှိတဲ့လူ၊ လူကောင်းတစ်ယောက်ပါလို့ ပြောလို့ရနိုင်မလား။ အဝတ်အစား အကောင်းစားတွေ ဝတ်ထားပြီး ပညာမရှိတဲ့သူ၊ ကောက်ကျစ်စဉ်းလဲတဲ့သူ မရှိနိုင်ဘူးလား။ စဉ်းစားကြည့်ရင် အဖြေက ရှင်းနေတာပါ။

တကယ်တော့ လူတစ်ယောက်ကို အဝတ်အစားကိုကြည့်ပြီး မဆုံးဖြတ်သင့်ပါဘူး။ သူဟာ စိတ်ကောင်းဘယ်လောက်ရှိသလဲ၊ ကိုယ်ကျင့်သီလ ဘယ်လောက်စောင့်ထိန်းနိုင်သလဲ ဆိုတာတွေနဲ့ ဆုံးဖြတ်သင့်တာပါ။ ဒါ့အပြင် ပညာတတ်တိုင်းလည်း လူကောင်းတစ်ယောက် မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဘွဲ့ရပြီးတိုင်း ပညာတတ်တိုင်းလည်း တန်ဖိုးရှိတဲ့ လူတစ်ယောက်လို့ ပြောလို့မရပါဘူး။ ဘွဲ့တွေ၊ ရာထူးတွေရထားပြီး ကိုယ်ကျင့်သီလ မကောင်းရင်လည်း အကွပ်မရှိတဲ့ တောင်းနဲ့ အတူတူပါပဲ။ တောင်းဆိုတာ အကွပ်ရှိမှ ခိုင်ပါတယ်၊ အရည်အသွေး ပြည့်မီပါတယ်။ ဒါကြောင့် တောင်းမှာ အကွပ်က အရေးကြီးတာမှန်ပေမယ့် လူမှာတော့ အဝတ်ထက် အရေးကြီးတာတွေ ရှိတယ်ဆိုတာ သတိထားသင့်လှပါတယ်။

ကျွန်တော်တို့တွေဟာ တောင်းမှာအကွပ် လူမှာအဝတ်လို့ ပြောကြတယ်။ တကယ်တော့ လူတွေမှာ အဝတ်အစားလှဖို့ထက် နှလုံးသားလှဖို့ ပိုပြီးလိုအပ်ပါတယ်။ ကျွန်တော်တို့ဟာ အဝတ်အစား၊ ရွှေ၊ ငွေစတဲ့ ပစ္စည်းဥစ္စာတွေကို မက်မောကြတယ်။ တန်ဖိုးထားကြတယ်။ လောဘတကြီး ရှာဖွေကြတယ်။ လောဘနောက်ကို လိုက်ရင်းနဲ့ ဘဝအတွက် အရေးကြီးတဲ့ ကိုယ်ကျင့်သီလကို စောင့်ထိန်းဖို့ မေ့နေတတ်ကြတယ်။ ပစ္စည်းဥစ္စာထက် တန်ဖိုးထားရမယ့် ကိုယ်ကျင့်သီလကို ပစ္စည်းဥစ္စာအတွက်နဲ့ အစွန်းအထင်းခံမိတတ်ကြတယ်။ လူ့ဘဝမှာ ပစ္စည်းဥစ္စာဟာ အတိုင်းအတာ တစ်ခုထိတော့ အရေးပါတာ မှန်ပါတယ်။ ဒါပေမဲ့ ပစ္စည်းဥစ္စာတွေထက် ပိုပြီး အရေးကြီးတာကတော့ စိတ်ကောင်းရှိပြီး ကိုယ်ကျင့်သီလ စောင့်ထိန်းတတ်တဲ့ လှပတဲ့ နှလုံးသားတစ်ခုသာ ဖြစ်ပါတယ်။

ဝတ္ထုတို

## ■ လူမျိုးသစ်(ကျောင်းကုန်း)

# ၅၂၈ အချစ်ကို ၁၅၀၀ မမီနိုင်ပါ

ဒီနေ့က လကုန်ရက်ဖြစ်သလို သောကြာနေ့လည်း ဖြစ်နေပါတယ်။ ဒါကြောင့် ဘဏ်ဝန်ထမ်းတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ရတဲ့ လစာလေးကို ကျောပိုးအိတ်ထဲထည့်ပြီး ပြန်လာခဲ့ပါတယ်။ လကုန်ရက်ရောက်တိုင်း အထူးသဖြင့် အခုလို လစာထုတ်ရက်ဆို ရပ်ကွက်ထဲက ငယ်သူငယ်ချင်း ချစ်စုတို့ ဆိုင်မှာ စာအုပ် တစ်အုပ်(သို့) နှစ်အုပ်ဝယ်နေကြပါ။ ဒါကြောင့် သူငယ်ချင်း ချစ်စုဆိုင်ဘက်ကို ဦးတည်လျှောက်လာခဲ့ပါတယ်။ ဆိုင်ရှေ့မရောက်ခင် မလှမ်းမကမ်းလောက်မှာ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် ကျွန်တော်ဟာခနဲဆို အံ့သြစိတ်ဖြစ်ပြီး နှုတ်မှလွတ်ထွက်သွားတယ်။ ပြီးတော့ "ခင်"လို့ နောက်တစ်ခွန်း ထပ်ထွက်သွားတယ်။ မြင်ကွင်းက တခြားတော့မဟုတ် မိန်းကလေးတစ်ယောက် ကလေးတစ်ယောက်ကို ခါးထစ်ခွင်ပြီး ဈေးတောင်းကို ခေါင်းပေါ်တင်ရွက်သွားတဲ့ မြင်ကွင်းပါ။ ကျွန်တော်ဆိုင်ရှေ့ ရောက်သွားချိန်မှာ စောစောက အမျိုးသမီး ခပ်လှမ်းလှမ်းကို ရောက်သွားပါပြီ။ ကျွန်တော်ဆိုင်ထဲကို ချက်ချင်းပြေးဝင်သွားခဲ့တယ်။ အထဲရောက်တော့

"ဟယ် ရောင်စဉ် နင်လာတာနဲ့အတော်ပဲ ဒီလထုတ် နင့်အကြိုက်စာရေးဆရာတွေကြီးပဲ စိတ်ကြိုက်ရွေးပေတော့"

"နင်ကြိုက်တဲ့ တစ်အုပ်သာ ရွေးလာခဲ့တော့ဟယ် ငါနင့်ကိုမေးစရာရှိလို့ မြန်မြန်လာခဲ့" ကျွန်တော်သိချင်ဇောနဲ့ ချစ်စုကိုအပြင်ဘက်ကို ခေါ်ထုတ်လိုက်တယ်။

"ရော့ ငါ့အကြိုက်ရွေးလာတာ ကဲမေး ဘာမေးမလို့လဲ"

"စောစောက ကလေးတစ်ယောက်နဲ့ နင့်ဆိုင်ထဲက ထွက်သွားတဲ့ တစ်ယောက်က ဘယ်သူလဲ"

"အော် ရောင်စဉ် နင်က ဒီအချိန်ထိ မမေ့သေးဘူးကို အဲ့ဒါ ခင်မူယာ တစ်ချိန်က နင်ချစ်စနိုးနဲ့ ခေါ်ခဲ့တဲ့ ခင်ပေါ့ဟယ်"

"ဟင်"

"အံ့သြသွားသလားရောင်စဉ် လောကကြီးက ဒီလိုပါပဲဟယ် အပြောင်းအလဲ လှည့်ကွက်တွေ များတယ်"

"သူ သူက သင်္ဘောသား သူဌေးတစ်ယောက်နဲ့ လက်ထပ်သွားတယ်ဆို အခုက ဘယ်ကနေ ဘယ်လိုဖြစ်ပြီး အခုလို ဆင်းရဲချို့တဲ့ နေရတာလဲ"

"ဟင်း . . . နင်ကဒီလောက်သိချင်မှတော့ ငါသိသလောက်နင့်ကိုပြောပြပါမယ်။ နင်တို့ ငါတို့ သိထားသလို သူ သင်္ဘောသားတစ်ယောက်နဲ့ လက်ထပ်သွားတယ်ဆိုတာ မှန်ပါတယ်။ သူ့အမျိုးသားက တကယ်လည်း ချမ်းသာတယ်။ သင်္ဘောတစ်ခေါက်ပြန်တက်လာရင် ပိုက်ဆံတွေဆိုတာ မမြင်ချင်တဲ့အဆုံးပေါ့ ဟယ်။ နင်သိတဲ့အတိုင်း ခင်မူယာကလည်း အလှအပကကြိုက်၊ အသုံးအဖြုန်းကလည်းကြီးနောက်ပြီး သူသုံးသလောက် ဖြုန်းသလောက်ကို သူယောက်ျားက အပြစ်တစ်ချက်မပြောဘူး ဒီတော့မငွေခင် တစ်ယောက် သုံးကောင်းဖြုန်းကောင်းပေါ့။ သူ့ယောက်ျားမှာ အကျင့်တစ်ခုရှိတယ်ဟ သင်္ဘောတစ်ခေါက်ပြန်လာတိုင်း ဖဲရိုက်တယ်ဟ။ ရိုက်တာမှ ကြေးနည်းနည်းမဟုတ် သိန်းဆယ်ချီပေါ့။ ခင်မူယာကလည်း ဘာပြောတတ်မှာလည်း။ နောက်ပိုင်း ခင်မူယာက သူလိုချင်တဲ့ပစ္စည်းတွေဆို ပိုက်ဆံမပေးဘဲ အကြွေးနဲ့ ကြိုဝယ်တယ်၊ သူ့အမျိုးသား သင်္ဘောပြန်လာမှ ပေးမယ်ပေါ့ဟာ။ ကံကြမ္မာဂြိုလ်ဆိုးဝင်လာတယ်ပဲဆိုရမှာပေါ့ မထင်မှတ်ဘဲ သူ့နားထဲသတင်းဆိုးတစ်ခု ရောက်လာ



တယ် သူ့အမျိုးသား သင်္ဘောမှောက်လို့ဆုံးပြီတဲ့။ အဲ့တော့ ဒီသမီးလေးနဲ့ သူ့အခက်တွေ့ပြီးပေါ့။ ကြိုဝယ်ထားတဲ့ပစ္စည်းတန်ဖိုးတွေ။ဘယ်ကမှန်း မသိစာချုပ်တွေနဲ့ရောက်လာတဲ့ သူ့ယောက်ျားရဲ့ ဖဲကြွေးတွေ ဒါတွေကိုကျေဖို့အိမ်ရောင်း ခြံရောင်း လက်ဝတ်ရတနာတွေ ထုခွဲရောင်းချပြီး ဆပ်လိုက်ရတယ်။ အကြွေးအားလုံးလည်း ကျေရော သူ့ဆီမှာ အဝတ်အစားကလွဲလို့ ဘာမှမကျန်တော့ဘူးလေ။ မိဘတွေဆီ ပြန်ဖို့ကျတော့လည်း မိဘတွေကသူငယ်ငယ်ထဲက ဆုံးသွားတာလေ။ သူ့ကိုကျောင်းထားပေးတဲ့ အဒေါ်ကျတော့လည်း သူပြေလည်တုန်းက အရှင်းမှ မကြည့်ခဲ့ဘူးလေ။ သူ့မြို့လည်း မပြန်ရဲ ဒီမြို့မှာပဲ သောင်တင်နေတယ်ပဲ ဆိုရမှာပေါ့ဟယ်။ ဒါနဲ့ပဲ ငါ့ဆီရောက်လာတယ် ဆိုပါတော့ဟယ်။ အခုအိမ်ငှားခမရှိလို့ ပိုက်ဆံလာချေးတာ ငါလည်း တတ်နိုင်သလောက် ကူညီပေးပါတယ်ဟာ။ အများကြီးကျတော့ ငါလည်း ငါမိသားစုနဲ့ဆိုတော့ အဆင်မပြေဘူးလေ ။ အကြောင်းစုံကတော့ အဲ့ဒါပဲ"

ချစ်စုစကားဆုံးတော့ ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်မိတယ်။ ပိုက်ဆံရှင်း စာအုပ်ကို အိတ်ထဲထည့်ပြီး အိမ်ကိုပြန်လာခဲ့တယ်။

အခုလိုသတင်းမျိုးကို ကြားလိုက်ရတော့ ကျွန်တော့်ရင်ထဲ တစ်ခုခုကို ခံစားနေရသလို ဖြစ်နေမိတယ်။ ကျွန်တော်သူ့အတွက် စိတ်မကောင်းဖြစ်မိသလို မေမေ့ကိုလည်း ကျေးဇူးတင်နေမိပါတယ်။

မေမေ့ကျေးဇူးကြောင့် ကျွန်တော်အခုလို ဇနီးကောင်းလေးကို ပိုင်ဆိုင်ထားရသလို ချစ်တဲ့ သားလေးနဲ့ ချစ်တဲ့မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်ဘဝကို ဖြတ်သန်းနိုင်တာပါ။

မေမေရွေးချယ်ပေးလိုက်တဲ့ ချိုသဲဟာ တကယ်တော့ ကျွန်တော်ချစ်လို့ ယူထားတဲ့ မိန်းကလေးတစ်ယောက်မဟုတ်ပါ။ ကျွန်တော် တကယ်ချစ်တာ ခင် လို့ခေါ်တဲ့ ခင်မူယာပါ။ ဒါပေမယ့် ကံအကြောင်းမလှလို့ ခင်နဲ့ မနီးစပ်ခဲ့ပေမယ့် မေမေ နေရာချထားပေးတဲ့ ချိုသဲကတော့ ကျွန်တော့်အပေါ် မယားဝတ္တရားတွေနဲ့ ကျေပွန်အောင် နေခဲ့တဲ့သူပါ။ ကျွန်တော့်ကို အရမ်းချစ်သလို အိမ်မှုကိစ္စ၊ လူမှုဆက်ဆံရေး အရာအားလုံးကို ထိန်းသိမ်းထားနိုင်သူပါ။ တစ်လတစ်ခါရတဲ့ ကျွန်တော့်ရဲ့ လစာကို အကုန်စုပြီး ဈေးထဲမှာ အထည်ရောင်းလို့ရတဲ့ ပိုက်ဆံကို အထွေထွေစရိတ်တွေမှာ သုံးပါတယ်။ ဝယ်သင့်တာဝယ်၊ စုသင့်တာစုလို့ အိမ်ထောင်ဦးစီးကျွန်တော်ဘာမှ လှည့်ကြည့်စရာမလိုအောင် ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ပါ။

မေမေ သား မေမေ့ကို အရမ်းကျေးဇူးတင်တယ်။ တွေးလို့ကောင်းနေတုန်းမှာပဲ ဘယ်အချိန်အိမ်ရှေ့ ရောက်သွားမှန်းမသိအောင် ဖြစ်သွားပါတယ်။

"ဖေဖေ"

အိမ်ထဲမှပြေးလာပြီးကြိုဆိုတဲ့ သားလေးကို ဆွဲဖက်ချီထားလိုက်တယ်။ အိမ်ရောက်တိုင်း အမောပြေ အနမ်းတစ်ပွင့် ပေးတတ်တဲ့ မိန်းမရဲ့ အနမ်းတစ်ပွင့်ကိုလည်း ရလိုက်ပါတယ်။ ပျော်ရွှင်စရာအပြုံးများနဲ့ အိမ်ထဲကို ဝင်သွားခဲ့ပါတယ်။

"သဲရေ အဲ့မှာစာအုပ် တစ်အုပ်ဝယ်လာတယ် ပိုတဲ့ပိုက်ဆံ အဲ့မှာအကုန်ပဲ သိမ်းထားလိုက် ကိုယ်ရေချိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ကို ထမင်းခူးပြီးပြီ လက်ဆုံစားဖို့ ပဲရှိတော့တယ်"

ထမင်းစားသောက်ပြီး ဝယ်လာတဲ့စာအုပ်အသစ်လေးကို ဖတ်နေပေမယ့် ကျွန်တော့်စိတ်အတွေးကတော့ ဟိုးအတိတ်နေ့ရက်ဆီကို ပြန်ရောက်သွားပါတော့တယ်။

"လာပါ ရောင်စဉ်ရယ် နင်ကပဲ ရှက်နေရသေးတယ် နင်နဲ့သင့်တော်မယ်ထင်လို့ မိတ်ဆက်ပေးတာပါ"

သူငယ်ချင်းချစ်စုရဲ့ မိတ်ဆက်ပေးမှုကြောင့် ကျွန်တော်နဲ့ ခင်မူယာ အဲ့နေက စခင်ဖြစ်တယ်။ ကျွန်တော်ဘဝရဲ့ ပထမဆုံးရူးသွပ်မှု တစ်ခုလို့ပဲပြောရမှာပေါ့။ မြင်မြင်ချင်း ကျွန်တော် သူ့ကို အရမ်းချစ်မိသွားတယ်။ နောက်တော့ ကျွန်တော်သူ့ကိုဖွင့်ပြောခဲ့တယ်။ သူကျွန်တော့်ကို ချစ်ပါတယ်တဲ့။ အဲ့နေ့က ကမ္ဘာကြီးပြိုကျမယ်ဆိုရင်တောင် ရဲရဲကြီး အသေခံမယ့် သေပျော်ပါတယ်လို့ ကြုံးဝါးခဲ့တဲ့သူပေါ့။ လောကမှာ အပျော်ဆုံးနေ့ရက်တွေထဲက နေ့ရက်တစ်ခု။

ဒီလိုနေ့ရက်တွေထက် ဘယ်လိုနေ့ရက်မျိုးက ကျွန်တော့်ကိုပျော်ရွှင်မှုပေးနိုင်မှာလဲ ။

အခုဆို ကျွန်တော်တို့ နှစ်ယောက်ရဲ့ချစ်သူသက်တမ်း နှစ်လပြည့်ပါပြီ။ နှစ်လပြည့် အထိမ်းအမှတ်နဲ့ သူအရမ်းကြိုက်တဲ့ ဝက်ဝံရုပ်လေးကိုကိုင်ပြီး သူ့အဆောင်ရှေ့ကို ရောက်လာခဲ့ပါတယ်။ ခင်နဲ့ ကျွန်တော်ဟာ မေဂျာမတူလို့ အတန်းဆင်းချိန်လည်းမတူပါဘူး။ ခင် ကျွန်တော့်ထက်စောပြီး အဆောင်ကို ပြန်ရောက်နေတယ်ဆိုတာ ကျွန်တော် သိတယ်လေ။

"ခင် မူယာနဲ့ တွေ့ချင်လို့ပါ"

ခဏကြာတော့ ချစ်စုအဆောင်ထဲက ထွက်လာတယ်။

"ခင်ကော ခင်မရှိဘူးလား"

"ပြဿနာတော့တက်ပြီ ရောင်စဉ် နင့်အမေ ဒီအဆောင်ကို လာသွားတယ် ခင်မူယာနဲ့လည်း စကားတွေအများကြီးပြောသွားတယ် ပြောပြီး အခန်းထဲပြန်ရောက်ကတည်းက ငိုတော့တာပဲ ငါလည်း မေးတာဘာမှပြန်မဖြေဘူး။ နင့်အမေနဲ့ အစ်ကိုစောစောကမှပြန်သွားတာ"

"ဘာ ဘယ်လို ခင့်ကို အခုခေါ်ပေးပါဟာ ရေအေးလေး တစ်ခွက်သောက်လိုက်ပါဦး"

ကျွန်တော် ညနေကျောင်းဆင်း ပြန်လာတိုင်း မေမေကျွန်တော့်ကို ကြိုဆိုနေကြအမူအရာတွေပါ။ ကျွန်တော် မေမေပေးတဲ့ ဖန်ခွက်ထဲမှ ရေကိုအကုန်မော့သောက်ချလိုက်တယ်။ မေမေပေးတဲ့ ရေအေးတစ်ခွက်က ကျွန်တော့်ရင်ထဲက အပူမီးတွေကို တွန်းချဖျက်ဆီးလိုက်သလိုပါပဲ။ ရင်တစ်ခုလုံး အေးချမ်းသွားတယ်။

ဒေါသနဲ့ပြောမယ့် စကားလုံးတွေဟာ နူးညံ့သွားတယ်။

"မေမေ ခင့်ကို ဘာတွေသွားပြောလဲ ခင့်မှာဘာအပြစ်ရှိလို့လဲမေမေ"

"မေမေ့မှာ သားသုံးယောက်ရှိတယ် အကြီးနဲ့ အလတ်က သူ့အိမ်ထောင်နဲ့သူ အဆင်ပြေသွားကြပြီ မေမေအချစ်ဆုံးသား အငယ်ဆုံးလေးကိုပဲ မေမေစိုးရိမ်စိတ်ပူနေရတာပါ။ သားချစ်သူ ခင်မူယာရဲ့အကြောင်းကို မေမေအားလုံးစုံစမ်းပြီးပါပြီ။ အသုံးအဖြုန်းကြီးတယ်။ ရုပ်ချောသလောက်စိတ်ကစားမယ့် မိန်းကလေးမျိုး။ မေမေ့သားလေးကို ထားခဲ့ရင် မေမေ့သားလေးပဲ ခံစားနေရမှာလေ။ သံယောဇဉ်တွေ သိပ်ပြီး မချည်နှောင်ခင်မှာ လမ်းခွဲလိုက်တာအကောင်းဆုံးပါပဲသားရယ်"

"မဖြစ်ဘူးမေမေ သားခင့်ကိုချစ်တယ် ခင်ကလည်းသားကိုချစ်တယ်"

"ရတယ်လေ ပြောလို့မရရင်တော့ သားသဘောပဲ"

မေမေ စိတ်ပျက်နေတဲ့လေသံနဲ့ နောက်ဘက်ကို ထွက်သွားတယ်။

အဲ့ကစလို့ ခင်နဲ့ကျွန်တော်မတွေ့ဖြစ်တာ ၁ပတ်လောက်ရှိပါပြီ။

ဒီနေ့ခင့်အခန်းကိုသွား၊ ခင့်ကိုရအောင် တွေ့ခဲ့တယ်။

"ကျွန်မကို မေ့လိုက်ပါတော့၊ ကျွန်မချစ်သူအသစ်ရသွားပြီ"

ကျွန်တော့်ရှေ့မှာတင် သူ့ချစ်သူသဘော်

> **အကြွေးအားလုံးလည်း ကျေရော သူ့ဆီမှာ အဝတ်အစားကလွဲလို့ ဘာမှမကျန်တော့ဘူးလေ။ မိဘတွေဆီ ပြန်ဖို့ကျတော့လည်း မိဘတွေက သူငယ်ငယ်ထဲက ဆုံးသွားတာလေ။ သူ့ကိုကျောင်းထားပေးတဲ့ အဒေါ်ကျတော့လည်း သူပြေလည်တုန်းက အရှင်းမှ မကြည့်ခဲ့ဘူးလေ။**

မေမေဘာတွေပြောသွားတာလဲ ငါ့သူ့ကို မေးချင်တယ်"

"စိတ်အေးအေးထားပါရောင်စဉ် အခုလို သွေးဆူနေတဲ့အချိန်မှာ နင်သူ့ကိုခေါ်လို့ရမှာ မဟုတ်ဘူး နောက်နေ့မှလာတွေ့ပါဟာ ငါတောင်းပန်ပါတယ် အဆောင်မှူး သိရင် မလွယ်ဘူး"

ကျွန်တော်စိတ်လျှော့လိုက်တယ်။ ဒါပေမယ့် ဒေါသစိတ်တွေက ချက်ချင်းဆိုသလို မေမေ့ဆီကို ရောက်သွားတယ်။ ကျွန်တော်အိမ်ကို ချက်ချင်းပြန်ခဲ့တယ်။ မေမေ ခင့်ကို ဘာတွေလာပြောသွားတာလဲ။

မေမေ ဘယ်လိုပဲခွဲခွဲ သားခင့်ကိုရအောင် ယူမှာ။ မေမေဘာကြောင့် ခင့်ကို လာတွေ့တာလဲ။ စိတ်ထဲမေးခွန်းပေါင်းများစွာနဲ့ မေမေ့ကို ရန်တွေဖို့ စီစဉ်လာခဲ့တယ်။ ကျွန်တော့်ရင်ထဲ အပူမီးတွေ တောက်လောင်နေတော့တယ်။

အိမ်ရောက်တော့ ဒေါသကိုရှေ့တန်းတင်ပြီး အိမ်ထဲဝင်သွားခဲ့တယ်။

မေမေ အပြုံးနဲ့ကြိုဆိုနေတယ်။ ကျွန်တော့် မေးခွန်းတွေကို ဒေါသတွေနဲ့ ချခင်းဖို့ ပြင်ဆင်တုန်းရှိသေး။

"သားလေးရယ် မျက်နှာလေးလည်း ညှိုးနွမ်းလို့ နေမကောင်းဘူးလားသား ရော့ သားနဲ့ ထွက်သွားတယ်။

ခင်ကျွန်တော့်ကို အရမ်းရက်စက်တယ်။ တစ်ကြိမ်တစ်ခါ ပစ်သွင်းလိုက်တဲ့ မြားတစ်ချောင်းဆိုပေမယ့် နက်ရှိုင်းလွန်းလို့ ပြန်နုတ်ရခက်တယ်။ ရင်ထဲအပူမီးတွေ လောင်ကျွမ်းနေသလို အားအင်တွေပါ ချိနဲ့နေခဲ့တယ်။ ညနေအိမ်ပြန်ရောက်တော့

"သားမျက်နှာလည်း မကောင်းပါလား နေမကောင်းဘူးလားသား၊ အေးပေါ့လေ တစ်နေကုန် ကျောင်းတက်ထားတော့ ပင်ပန်းနေရှာမှာပေါ့၊ ရော့သား ရေအေးလေး သောက်လိုက်"

ကျွန်တော်အားကုန်မော့သောက်ချလိုက်တယ်။ ရင်ထဲအပူမီးတွေက အခုမှ အေးချမ်းသွားတယ်။ မေမေသားမေမေ့ကို အတော်ကျေးဇူးတင်တယ်။

"အစ်ကို အိပ်ချင်ရင်လည်း အိပ်ခန်းထဲသွားအိပ်တော့လေ အပြင်မှာအေးတယ်"

ဇနီးဖြစ်သူခေါ်နိုးမှပဲ အတွေးလိုလို အိပ်မက်လိုလို ဖြစ်ရပ်ထဲက ပြန်လည်ရုန်းထွက်လိုက်တယ်။

ကျွန်တော်သိလိုက်ပါပြီ။ တန်ဖိုးအားဖြင့် ၁၅၀၀ကများနေပေမယ့် တကယ့်လက်တွေမှာ ၁၅၀၀ ဆိုတာ အမြဲတမ်းပူလောင်တယ်။ ၅၂၈ က အေးချမ်းတယ်။ ။

ဆောင်းပါး

သျှီ(တမာမြေ)

# သုတ ရသ မျှတစေလို

**စာဖတ်ပါ**

စာဖတ်ပါဆိုတဲ့ စကားသည် ဟိုးငယ်စဉ်ကလေးဘဝကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့သော စကားဖြစ်သည်။ ညနေရောက်တိုင်း ရပ်ကွက်ထဲမှာရှိတဲ့ စာကြည့်တိုက်ကို ကလေးလူကြီး ကျား၊ မ မရွေးလာစေသည်။စာဖတ်စေသည်။ စာဖတ်လျှင် အသိပညာ ဗဟုသုတ ပြည့်စုံမည်လို့ လူကြီးတွေပြောစကားကြားဖူးလို့ လူတော်လူကောင်းတစ်ယောက်ဖြစ်ဖို့ စာဖတ်ရမည်ဆိုတဲ့ အသိကို သိခဲ့ရသည်။

သို့သော်လည်း စာသာဖတ်နေသည်၊ မည်သည့်စာပေအမျိုးအစားကို ဖတ်ရမည်၊ ဘယ်စာပေအမျိုးအစားက ဘာကို ရည်ညွှန်းသည်ဆိုတာကို အသက်အတန်ရလာတဲ့အချိန်ထိပင်လုံးလုံးလျားလျား မသိခဲ့။ ငယ်ငယ်ကတော့ ရပ်ကွက်ကဝေတဲ့ "မြတ်မင်္ဂလာ"၊ "မင်္ဂလာမောင်မယ်" စသော စာအုပ်တို့ကို အမြဲလိုလို ဖတ်ဖြစ်သည်။ ထိုစာအုပ်ထဲမှာ အဓိကရေးထားတဲ့ ဆုံးမစာများကို နှစ်သက်မိသည်။ ကလေးတစ်ယောက်ရဲ့ အသိအတွေးထဲကို အရိုးရှင်းဆုံး ရေးသားထားသော သုတ ရသ ကဏ္ဍလေးတွေပါသည်။ လောကနီတိ ဆုံးမစာလေးတွေက လက်တွေ့ကျတော့ ဖတ်ရတာ အလွန်ကြည်နူးမိပါသည်။

ဘယ်စာပေအမျိုးအစားက လူတစ်ယောက်ရဲ့ ဘယ်နေရာကို ရောက်စေသည်။ ဘယ်နေရာမှာ အထောက်ကူဖြစ်စေသည်ဆိုတာကို ကောင်းကောင်းနားမလည်သေး။ ထို့ကြောင့် ဘယ်လိုစာပေအမျိုးအစားက လူတစ်ယောက်အတွက် ဘယ်လိုအသုံးဝင်လာသနည်းဆိုတဲ့ မေးခွန်းတွေကို ဖြစ်ပေါ်လာစေပါသည်။ ရှေ့ဆရာ့ ဆရာတွေရဲ့ စာပေများသည် လွန်စွာမှ သိမှတ်ဖွယ်ကောင်းလှသည်။

တချို့သောသူများသည် စာဖတ်အားကောင်းကြပါသည်။ ဘဝမှာလည်း အောင်မြင်မှုရပါလျက်နဲ့ ပတ်ဝန်းကျင်မှာ အဆင်မပြေဖြစ်တာတွေ၊ စကားပြောဆိုရာမှာ အတ္တဆန်တာတွေကို တွေ့မြင်ဖူးပါသည်။ ဝေဖန်ပိုင်းခြားဆုံးဖြတ်ချက်တွေပြတ်သားလွန်းနေသော်လည်း သူ့ပတ်ဝန်းကျင်က လူတွေရဲ့ နွေးထွေးမှုကို မရရှိခဲ့။ သူသည် စာဖတ်သော်လည်း မည်သို့ကြောင့် ယခုကဲ့သို့ ဖြစ်နေရသည်ကို သိချင်၍ ဆရာတစ်ယောက်ထံမှာ တပည့်ခံမေးမြန်းခဲ့ဖူးသည်။ ဆရာရဲ့အဖြေက တိုတိုလေးပါ။ "သုတ ရသ မမျှလို့"ပါတဲ့။ ထိုအခါ သုတရသရဲ့ အခြေခံသဘောတရားနဲ့ ဆက်နွယ်ဖြစ်တည်မှုတွေကို ပိုမိုသိချင်မိလာပါတယ်။ ထို့ကြောင့် သုတနဲ့ ရသ ကွာခြားပုံနဲ့ လူတစ်ယောက်ရဲ့ စိတ်အတွင်းသို့ ထိုးဖောက်ဝင်ရောက်ပုံကို ဆရာက ယခုလို ခံစားမှုများ မဖြစ်ပေါ်ရအောင် သုတနှင့် ရသ မျှတအောင် ဖတ်ပေးဖို့လိုသည်ဟု စာရေးသူ၏ ဆရာက ဆုံးမသွန်သင်ခဲ့ဖူးသည်။ သုတ ရသ မျှတသော စာပေဖတ်မှတ်သူတို့သည် ဦးနှောက်၏ ဆုံးဖြတ်ချက်တို့ ထက်သန်စေပြီး နှလုံးသားနူးညံ့သိမ်မွေ့သော အသွင်ရှိသောကြောင့် လူ့ဘောင်အဖွဲ့အစည်း လူ့ပတ်ဝန်းကျင်တွင် များစွာသော ကောင်းကျိုးကို ရရှိစေသည်။ မေတ္တာဖြန့်ကြက်အားကောင်းစေသောကြောင့် လူနတ်တို့ ချစ်ခင်ခြင်းကို ခံကြရသည်။ စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသည့် စကားလို ဗလငါးတန်ဖွံ့ဖြိုးရန်အတွက် စာအုပ်စာပေက ထိပ်ဆုံးကဖြစ်နေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုသည် နိုင်ငံသားတို့ စာဖတ်ခြင်းပေါ်မှာလည်း မူတည်နေပါသည်။

စာမဖတ်သောသူသည် မြင်းရိုင်းတစ်ကောင်ကဲ့သို့ ဆင်ခြင်တုံတရားမဲ့စေသည်။ စာဖတ်သောသူသည် ထိုမြင်းရိုင်းကို ထိန်းသိမ်းသူနှင့်တူသည်။ စကားပြောစွမ်းရည်မြှင့်တင်ရန်အတွက် အဓိကကျဆုံးမှာ စာဖတ်ခြင်းဖြစ်သည်။ စကားပြောစွမ်းရည်မြင့်မားပါက ရောက်ရာနေရာတွင် အပေါင်းအသင်းပေါ်များစေသည်။ ရိုမေးနီးယားနိုင်ငံ၏ ဓလေ့တစ်ခုကို စာရေးသူ လွန်စွာသဘောကျ နှစ်သက်မိပါသည်။ လိုင်းကားစီးရာတွင် စာအုပ်တစ်အုပ်ကိုင်၍ စာဖတ်နေသူကို ကားခပေးရန်မလိုသော စနစ်ရှိခဲ့ဖူးသည်။ ထိုစနစ်ကြောင့် နိုင်ငံအတွင်း စာဖတ်သူဦးရေ မြင့်တက်လာသည်။ နိုင်ငံသားတို့ စာဖတ်သူများပြားခြင်းက နိုင်ငံအတွက် များစွာအထောက်အကူပြုသည်ဟု ဆိုသည်။ စာဖတ်ရာတွင်လည်း ဦးနှောက်ကို အစာကျွေးခြင်း၊ နှလုံးသားကို အာဟာရဖြည့်ခြင်းဟူ၍ရှိသည်။ ထို့ကြောင့် စာဖတ်ရာတွင် ဦးနှောက်နှင့် နှလုံးသားကို မျှတထိန်းညှိစေရန်အတွက် သုတရသစုံလင်စွာ ဖတ်သင့်သည်ဟု မြင်မိပါသည်။ စာဖတ်သောမိသားစုနှင့် စာမဖတ်သောမိသားစုတို့၏ ဘဝနေထိုင်မှုပုံစံသည် များစွာကွာခြားနေတတ်သည်ကို စာဖတ်သူတို့ မျက်စိရှေ့တွင် တွေ့မြင်ဖူးကြပါလိမ့်မယ်။ ထို့ကြောင့်လည်း ရှေးလူကြီးများ၏ ဆုံးမစကားများသည်လည်း စာဖတ်ခြင်းကို အလေးထားစေလိုကြောင်းသိသာထင်ရှားလှပါသည်။ နေရာဒေသအသီးသီးတွင် လူငယ်စာဖတ်ဝိုင်းဟူ၍ အချိန်ပေးကာ အားတက်သရော ဝိုင်းဝန်းလုပ်ဆောင်လေ့ရှိသည်။

ရိုမေးနီးယားနိုင်ငံ၏ ဓလေ့တစ်ခုကို စာရေးသူ လွန်စွာသဘောကျ နှစ်သက်မိပါသည်။ လိုင်းကားစီးရာတွင် စာအုပ်တစ်အုပ်ကိုင်၍ စာဖတ်နေသူကို ကားခပေးရန်မလိုသောစနစ်ရှိခဲ့ဖူးသည်။ ထိုစနစ်ကြောင့် နိုင်ငံအတွင်း စာဖတ်သူဦးရေ မြင့်တက်လာသည်။ နိုင်ငံသားတို့ စာဖတ်သူများပြားခြင်းက နိုင်ငံအတွက် များစွာအထောက်အကူပြုသည်ဟုဆိုသည်။ စာဖတ်ရာတွင်လည်း ဦးနှောက်ကို အစာကျွေးခြင်း၊ နှလုံးသားကို အာဟာရဖြည့်ခြင်းဟူ၍ရှိသည်။ ထို့ကြောင့် စာဖတ်ရာတွင် ဦးနှောက်နှင့် နှလုံးသားကို မျှတထိန်းညှိစေရန်အတွက် သုတရသစုံလင်စွာ ဖတ်သင့်

ယနေ့ခေတ်သည် စာအုပ်ဆိုင်သွားမှ၊ စာကြည့်တိုက်သွားမှ စာဖတ်ရသော ခေတ်မဟုတ်ပါ။ ဆိုရှယ်နက်ဝပ်ပေါ်များတွင် မိမိကြိုက်နှစ်သက်ရာ စာပေများကို အလွယ်တကူ ဖတ်ရှု၍ရနိုင်သော ခေတ်ဖြစ်သည်။ ဂျာနယ်၊ မဂ္ဂဇင်းများသည်လည်း သုတ ရသ စာပေများကို အထူးအလေးထား တန်ဖိုးမြင့်လျက်ရှိပါသည်။ စာဖတ်ခြင်းသည် မိမိစိတ်ကို နူးညံ့စေရုံသာမက မိမိဘဝတက်လမ်းများတွင်လည်း များစွာအထောက်အကူပြုစေပါသည်။ စာတတ်ရုံနဲ့ ပညာတတ်ဟု မဆိုထိုက်။ စာဖတ်မှသာ ပညာပြည့်ဝမည်ဖြစ်သည်။ စာတတ်ပြီး စာမဖတ်သူသည် သံကောင်းပါလျက် မသုံးဘဲ ပစ်ထားသော ဓားတစ်လက်နှင့် တူသည်။ လူတစ်ယောက်ရဲ့ ရုပ်ပိုင်းဆိုင်ရာကို ခေတ်ပေါ်အသုံးအဆောင်ပစ္စည်းများဖြင့် ပိုက်ဆံရှိလျှင်ရှိသလို ပြုပြင်ထိန်းသိမ်းကာ ပြောင်းလဲလို့ရသော်လည်း လူတစ်ယောက်၏ စိတ်ပိုင်းဆိုင်ရာကို စာဖတ်ခြင်းတစ်မျိုးတည်းကသာ ကုစားထိန်းသိမ်းနိုင်ပေသည်။

ထိုဆုံးမစာတွေကို ဖတ်ပြီးချိန်တွင် စိတ်က အလိုလိုနူးညံ့လာပြီး စာအုပ်ဖတ်ရတဲ့ အရသာကို စွဲမက်လာခဲ့သည်။ စာဖတ်ခြင်းသည် လူတစ်ယောက်ရဲ့ ပျံ့လွင့်နေတဲ့ စိတ်တွေကို စုစည်းပေးနိုင်သည်ဟု ကောက်ချက်ချမိသည်။ စာဖတ်ခြင်းဖြင့် အကျိုးနဲ့အကြောင်း၊ အဆိုးနဲ့အကောင်းကိုလည်း ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

စာရေးသူ ငယ်စဉ်က အဘိုးဆီက မုန့်ဖိုးရဖို့ နေ့စဉ်ကဗျာ တစ်ပုဒ်ဆိုပြရသည်။ ကလေးပီပီ မုန့်ဖိုးရမည်ဆိုလျှင် ပျော်ရွှင်မိပါသည်။ ထို့ကြောင့်လည်း အိမ်မှာရှိသော စာအုပ်ပေါင်းစုံမှ ကဗျာတွေကို ဖတ်သည်။ အလွတ်ရသည်အထိ ဖတ်မှတ်သည်။ ထိုကဗျာတွေ၏ အနက်အဓိပ္ပာယ်ကိုတော့ အဘိုးက ပြန်ရှင်းပြမှသာ နားလည်ပါသည်။ အစပိုင်းမှာ မုန့်ဖိုးလိုချင်လို့ ဖတ်ရိုးမှန်သော်လည်း နောက်ပိုင်းမှာတော့ ကဗျာရဲ့အနှစ်၊ စာဖတ်ခြင်းရဲ့အရသာကို ပိုမိုနှစ်သက်လာစေတဲ့စိတ်ကို ဖြစ်ပေါ်စေသည်။

ထိုသို့ စာဖတ်ဝါသနာပါအောင် စာအုပ်စာပေကို ချစ်မြတ်နိုး လေးစားတတ်အောင်လည်း တမင်လေ့ကျင့်ပေးခဲ့တာဖြစ်မည်ဟု ယနေ့အချိန်မှာ မှတ်ယူမိခဲ့ပါသည်။ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးက လူကြီးသူမတို့နဲ့ စကားပြောရာဝယ် အဆီအငေါ်တည့်အောင် ပြောဆိုတတ်လာသည်။ အနေအထိုင် အသွားအလာကအစ ထိန်းသိမ်းတတ်လာသည်။ ဒါကြောင့်လည်း ရှေးလူကြီးတွေက စာများများ ဖတ်ကြဖို့ တိုက်တွန်းကြတာဖြစ်မည်ဟုလည်း တထစ်ချ ယုံကြည်မိပါသည်။

စာသာဖတ်သည်။ ကိုယ်ဖတ်တဲ့ စာအမျိုးအစား ရှင်းပြခဲ့တယ်။

**သုတစာပေအမျိုးအစား**

သုတစာပေအမျိုးအစားသည် လူတစ်ယောက်ရဲ့ ဦးနှောက်ကို ကျန်းမာစေသည်။ လူတစ်ယောက်ရဲ့ တွေးခေါ်မှုအပိုင်းကို ရင့်သန်စေသည်။ လောကဓံရဲ့ ရိုက်ခတ်မှုတချို့ကိုလည်း ကျော်လွှားနိုင်စွမ်းသည့် သတ္တိတွေပေးသည်။ လူတစ်ယောက်ရဲ့ ဦးနှောက်ကို လည်ပတ်အားကောင်းစေသလို စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုကို ပေးသည်။ သို့သော်လည်း သုတ စာပေတစ်မျိုးတည်းကိုသာ ဖတ်မှတ်ပြီး လေ့လာတဲ့လူတော်တော်များများဟာ ဦးနှောက်ရှိ ကြင်နာတရားမဲ့ ပညာရှိလူမိုက်ဖြစ်လာတတ်သည်တဲ့။ ထိုသို့ ပညာရှိ လူမိုက်ဦးနှောက်ရှိ ကြင်နာတရားမမဲ့အောင် ရသစာပေနဲ့ ကုစားရသည်ဟုလည်း ဆရာက ဆက်ပြောပါသည်။

**ရသစာပေအမျိုးအစား**

ရသစာပေသည် နှလုံးသားကို ကျန်းမာစေသည်။ ခံစားမှုပိုင်းကို ဦးစားပေးသည်။ သတ္တကမ္ဘာလောကကြီးသည် ကြင်နာခြင်းနှင့် စတင်တည်ဆောက်ကြသည်။ ထိုသို့တည်ဆောက်ရန်အတွက် ချစ်ခြင်းမေတ္တာလိုအပ်သည်။ ကြင်နာတရားရှိမှု၊ လူသားချင်းစာနာတတ်မှု၊ လူအချင်းချင်း မေတ္တာတရားထားတတ်မှု နူးညံ့သိမ်မွေ့မှုတို့အတွက် ရသစာပေက များစွာ အထောက်အကူပြုပါသည်။

သို့ပါသော်လည်း ရသစာပေတစ်ခုတည်းကိုသာ လိုက်စားသောသူတို့သည်လည်း ဦးနှောက်က သတိလက်လွတ်ဖြစ်ပြီး နှလုံးသားရဲ့စေခိုင်းမှုအတိုင်း လိုက်ပါစီးမျော ခံစားတတ်လေ့ရှိသွားတတ်ကြသည်။ ထိုသို့ တစ်ဖက်သတ်

ထို့ကြောင့် စာဖတ်ခြင်းကို တိုက်တွန်းလိုပါသည်။ စာဖတ်သူတိုင်း အောင်မြင်ကျော်ကြားသူဖြစ်ချင်မှဖြစ်မည်၊ အောင်မြင်ကျော်ကြားသူတိုင်း စာဖတ်ကြသည်ဆိုသည့် စကားအတိုင်းစာဖတ်ပါလို့ မေတ္တာရှေ့ထားပြောကြားလိုပါသည်။

**သုတ ရသ မျှတစာပေ**
**ဖတ်ရှုပါမှ သင့်ရာကျလို့**
**စာပေအကျိုး စဉ်သယ်ပိုးကာ**
**လူတော်လူကောင်း ဖြစ်ထွန်းစေဖို့**
**စာအုပ်စာပေ ဖတ်ကြစို့ လို့တိုက်တွန်းရင်း**
**ကျွန်တော့်ရဲ့ ဆောင်းပါးလေးကို**
**နိဂုံးချုပ်လိုက်ပါတယ်. . .။**

## တို့တောရွာငယ်

တောင်ခြေရွာငယ် ဇနပုဒ်မို့
လယ်ယာလုပ်ငန်း ရေ့တန်းတင်။
ကျွဲတွေ၊ နွားတွေ ဝအောင်ကျွေးလို့
မွေးမြူရေးလည်း အပါဝင်။
ဆန်ရေစပါး အဓိကထားလို့
အခြားသီးနှံ စုံစုံလင်။
မိုးရွာမရောင် နေပူထဲလည်း
ဖွဲ့နဲ့မာန်နဲ့ တစ်အားပင်။
ရွာရဲ့ဂုဏ်အင် ကြည်လင်အေးတဲ့
စမ်းချောင်းလေးက တသွင်သွင်။
စိမ်းလန်းစိုပြည် အလှထူးတဲ့
ချောင်းကူးတံတား လျှောက်စေချင်။
တောရွာကလေး သာယာညောင်းလို့
စိတ်ထားကောင်းမြတ် ဂုဏ်ပေါ်လွင်။
စေတနာတွေ အပြည့်အဝနဲ့
လာသမျှကို ကျွေးလိုက်ချင်
မြတ်နိုးကြင် မြတ်နိုးကြင်။ ။

ရိုးတံ (ပုလဲနယ်)

## ချမ်းသာလိုလျှင် ငယ်တုန်းပြင်

ကြိုးစားရှာ ချွေတာသုံး
မဖြုန်းပါနဲ့ ရှေးအဆို။
မလိုက်နာ မကျင့်သုံးက
ခါးကုန်းရွယ်အို။
နွမ်းပါးခြင်း ဒဏ်ရာကို
ပိုပိုလို့ သိမည်မို့။
ဤကဲ့သို့ မကြုံစေချင်
ငယ်ကပင် ရိုးသားစွာဖြင့်
ကြိုးစားရှာ ချွေတာသုံးကာကွယ်
မဖြုန်းကြစို့။ ။

ချစ်ညီ(ဘဝရသ)

## ကိုယ့်မြို့ကလေးလှပဖို့ စနစ်တကျအမှိုက်ပစ်စို့

စည်ပင်ကားကြီး ရွှေ့ရွှေ့လာ
အမှိုက်များသိမ်းဖို့ပါ
သန့်ရှင်းသာယာ လှပရေး
ဝိုင်းဝန်းအမှိုက်ကောက်ပေး။
ဆိုင်ရှေ့အိမ်ဘေး တစ်နေရာမှာ
အမှိုက်ပုံးများထားကြပါ
စည်းကမ်းရှိစွာ စနစ်တကျ
အမှိုက်များစွန့်ပစ်ကြ။
သွားကြလာကြ လမ်းပေါ်မှာ
အမှိုက်မပစ်ရပါ
တာဝန်သိစွာ ထိန်းသိမ်းမှ
ကိုယ့်မြို့ဝန်းကျင်လှ။
ရောဂါကင်းစင်ပ။ ။

ဟိတ်ဏ်းဦးဆည် (တန့်ဆည်မြေ)

## ဝန်ထမ်းအမြန်အလိုရှိသည်

မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားသော စိန်မော့ပေသီးစိတ်တွက်သင်္ချာသင်တန်းများတွင် တာဝန်ထမ်းဆောင်ရန်အတွက် စိန်မော့ပညာရေးဌာနမှ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော ပညာရေးဝန်ထမ်းများအလိုရှိသည်။

(၁) အသက်(၁၈)နှစ်မှ (၃၅)နှစ်အတွင်း (အမျိုးသမီး)၂၀-ဦး။

(၂) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့လက်မှတ်ရှိသူ (သို့မဟုတ်) တရုတ်စကားပြောဆိုတတ်သူ။

(၃) ကလေးငယ်များအပေါ်(၄နှစ်မှ ၁၄နှစ်အတွင်း) စိတ်ရှည်သည်းခံ၍ ချစ်ခင်ကြင်နာတတ်သူ။

(၄) အထက်ကချမှတ်သော စည်းကမ်းများကို လိုက်နာ၍ သင်ကြားရေးတွင် ရိုးသားကြိုးစား နိုင်သူ။

(၅) ဘဝအတွက် ရည်မှန်းချက်ကြီးပြီး ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားနိုင်သူ။

၂၈-၈-၂၀၁၈ရက် (အင်္ဂါနေ့) မနက်(၁၀)နာရီ လူကိုယ်တိုင်လိုအပ်သော အထောက်အထားများနှင့်တကွ သက်ဆိုင်ရာမြို့၏ ကျောင်းဌာနအသီးသီးသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**စိန်မော့ပညာရေးဌာနများ**

(၁) မန္တလေးဌာနချုပ် - အမှတ်(အေ/၂၇၃)၊ ၆၃လမ်း×၂၈လမ်းထောင့်၊ မန္တလေးမြို့။ ၀၉-၂၅၉၀၆၃၈၅၈၊ ၀၉-၄၃၀၄၅၈၈၆

(၂) ရန်ကုန်မြို့ - အမှတ်(၁၅၁)၊ ပထမထပ်၊ လသာလမ်း(အထက်)။ ၀၉-၈၉၉၈၆၄၆၅၂

(၃) မြစ်ကြီးနားမြို့ - အမှတ်(၃၁၆)၊ ပြည်ထောင်စုလမ်း၊ မြို့သစ်ရပ်ကွက်။ ၀၉-၂၅၇၈၁၁၁၆၆

(၄) လားရှိုးမြို့ - အမှတ်(၉၀၆)၊ ၃၉လမ်း၊ ၁၇×၁၈လမ်းကြား၊ ရပ်ကွက်(၅)၊ မုန်းဝေးခန်းမအနီး။ ၀၉-၄၂၈၂၀၂၁၅၄

(၅) တောင်ကြီးမြို့ - အမှတ်(၅/၁)၊ အထက(၁၀)အနောက်ဘက်လမ်း။ ၀၉-၄၅၀၀၂၂၀၀၅

(၆) နေပြည်တော် - ပ/၁၃၇၊ အင်ကြင်းလမ်း၊ သပြေကုန်းရပ်ကွက်။ ၀၉-၃၁၉၇၁၇၅၁

(၇) ပြင်ဦးလွင်မြို့ - အမှတ်(၇)၊ ရွှေစည်းခုံလမ်း မီးပွိုင့်ထောင့်၊ (၈)ရပ်ကွက်။ ၀၉-၇၉၈၇၈၄၇၁၁

(၈) မုံရွာမြို့ - မီးကင်းလမ်း၊ မုံရွာတောင်ရပ်ကွက်၊ ပိတောက်ကုန်း။ ၀၉-၄၀၀၃၀၆၂၀၇

(၉) ကလေးမြို့ - အမှတ်(၁၄)၊ စမ်းမြို့ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမ။ ၀၉-၇၇၅၀၅၀၂၀၃

## ပိုင်ရှင်ကိုယ်တိုင်ငှားမည်

လှိုင်သာယာစက်မှုဇုန်(၆)၊ လှိုင်မြစ်ဘေးလမ်း၊ (ဘုရင့်နောင်တံတားအောက်လမ်း)၊ အဆောက်အအုံအကျယ် (၂၂၀'× ၉၀' အမြင့်၂၁') (315KVA)

**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၁၃၉၁၇**

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ အဖ ဦးဆန်းမင်း [၉/မဟမ(နိုင်)၀၁၇၅ ၇၉]၏သမီး မနေနေလှိုင်အား မနေရှုပါလှိုင်သို့ ပြောင်းလဲခေါ်ဆိုပါရန်။ **မနေရှုပါလှိုင်**

## THE REPUBLIC OF THE UNION OF MYANMAR
## FEDERATION OF CHAMBERS OF COMMERCE AND INDUSTRY

**Invitation of Tenders for Video Projects of Centennial Documentary and UMFCCI Profile**

The Union of Myanmar Federation of Chambers of Commerce and Industries is in preparation to hold the centennial celebration 2019. Accordingly, UMFCCI intends to make videos for Centennial Documentary and the UMFCCI Profile.

We hereby invite by this Tender Invitation all interested video businesses and video production professionals from home and abroad to submit bids for the aforesaid video projects on the basis of the following but non-exhaustive terms and conditions:

The Tender Bidder must be able to make both (a) the Centennial Documentary of UMFCCI, and (b) the Profile of UMFCCI;

1. The videos shall be made most effectively to portray the prescribed Motto of "**Strengthening Myanmar Businesses**" and the Articles of Association of UMFCCI.
2. Tentatively, the Centennial Documentary of UMFCCI is to be about 12 minutes to 15 minutes and the UMFCCI Profile is to be around 5 minutes to 8 minutes;
3. The documentary presentations including title, sub-titles and the narrations of the videos are to be done in 4 respective languages, namely, Myanmar, English, Chinese and Japanese by separate files for each language;
4. The videos are to be made and produced with most advanced technology and accessories including with new and specific music and songs, interviews of prominent personnel well versed about UMFCCI. Necessary documentation or records for the work may be obtained from UMFCCI.
5. Bidders shall submit their written tender bids either in Myanmar or English language. There is no prescribed form, but bids shall be accompanied with (a) complete project schemes, (b) total estimate costs, (c) performance records of the similar works, (d) any further substantial presentation about the bidder, and (e) bank evidence from a bank recognized by UMFCCI for the bid deposit of Kyat one million, to the Bid Evaluation and Awarding Committee of UMFCCI, the Building of UMFCCI, No.(29), Min Ye Kyaw Swar Road, Lanmadaw Township, Yangon not later than 5:00 pm of 17 September 2018 (Monday).
6. All eligible Tender Bidders will be invited for further briefings on the Video Projects by the Bid Evaluation and Awarding Committee on 3rd September 2018 (Monday).
7. Awarding Committee reserves the right to call, meet and discuss further details for the tender contract. Only the shortlisted Bidders will be contacted after one week from the tender closing date.
8. Tender deposit Kyat one million will be refunded to the ineligible or unsuccesful bidders within one month from the date of decision.
9. Eventual bid winner so awarded shall submit an additional Kyat one million as Performance Guarantee money, apart from previous deposit.
10. For further enquiries, please contact:
    Daw Aye Aye Khine
    Deputy Executive Officer
    Public Relations Department
    phones numbers of 01 2314344~49:Ext.135, 323 ,+959- 450200640
    Email – pr@umfcci.com.mm

Bid Evaluation and Awarding Committee of UMFCCI

